# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလို သူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၃)


## နိုင်ငံတော်သမ္မတဦးဝင်းမြင့်

### စင်ကာပူသမ္မတနိုင်ငံ (၅၄) နှစ်မြောက်အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၉**

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၅၄) နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ စင်ကာပူသမ္မတနိုင်ငံ၊ သမ္မတ မဒမ် ဟာလီမာယာကော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**သတင်းစဉ်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

### စင်ကာပူသမ္မတနိုင်ငံ (၅၄) နှစ်မြောက်အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၉**

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၅၄) နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံမှ စင်ကာပူသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**သတင်းစဉ်**




ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။ သတင်းစဉ်

# မကူးစက်နိုင်သောရောဂါများ ကာကွယ်တားဆီးသွားရန်အတွက် ဝန်ကြီးဌာနပေါင်းစုံ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို လွှတ်တော်သို့တင်သွင်း

**နေပြည်တော် ဩဂုတ် ၈**

မကူးစက်နိုင်သောရောဂါများ ကာကွယ်တားဆီးသွားရန်အတွက် ဝန်ကြီးဌာနပေါင်းစုံ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးနဝမနေ့တွင် တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။

ယနေ့အစည်းအဝေးတွင် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာ စံရွှေဝင်းက **မကူးစက်နိုင်သောရောဂါများ ကာကွယ်တားဆီးသွားရန်အတွက် ဝန်ကြီးဌာနပေါင်းစုံ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာ အင်ပူမဲဆန္ဒနယ်မှ ဦးအေးဝင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုတွင်ယခုအစိုးရ (၃)နှစ်တာကာလအတွင်း အတွင်းလူနာ ၃ သန်းခန့်၊ ပြင်ပလူနာ ၁၂ သန်းခန့်နှင့်


*စာမျက်နှာ ၅ ကော်လံ ၁* ◆





# ရေကြီးရေလျှံသည့်အခါ

မိုးသည်းထန်စွာ ရွာသွန်းမှု၊ မြစ်ရေမြင့်တက်မှု၊ ရေကြီးရေလျှံမှုတို့ကြောင့် ဒေသအနှံ့အပြား မြို့ရွာများတွင် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရခြင်း၊ စာသင်ကျောင်းများ ယာယီပိတ်ထားရခြင်းတို့ကို နေ့စဉ်ရက်ဆက်ဆိုသလို သတင်းများတွင် တွေ့မြင်နေကြရပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဒေသအချို့၌ မိုးမရွာသည်မှာ လချီကြာမြင့်နေ၍ သီးနှံများပျက်စီးရခြင်း၊ ပြန်လည်စိုက်ပျိုးကြရခြင်းနှင့် မိုးရွာစေရန်အတွက်ဟုဆိုကာ မိရိုးဖလာယုံကြည်မှုအရ မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်ကြကြောင်း သတင်းတို့အရလည်း ရာသီဥတု၏ ဖောက်လွဲဖောက်ပြန်မှုကို ပို၍သတိပြုစရာဖြစ်သည်။

ရေကြီးမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်တွင် ရေကြီးမှုနှင့်တကွ နောက်ဆက်တွဲအန္တရာယ်များကလည်း သတိပြုကာကွယ်ကြရန်လိုသည့်အလျောက် ဘေးအန္တရာယ်ပညာပေးမှုများကို နှစ်စဉ်ပြုလုပ်ပေးလျက်ရှိသလို ရေဘေးအန္တရာယ်နှစ်စဉ်ကျရောက်လေ့ရှိသည့် နေရာဒေသများတွင် နေထိုင်ကြသည့်ပြည်သူများကလည်း ဂရုပြုလိုက်နာဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုတို့အလျဉ်းမဖြစ်အောင် ရှောင်ရှားနိုင်ကြမည် ဖြစ်သည်။ အထူးသဖြင့် မိုးရွာသွန်းမှုနှင့် မြစ်ရေအခြေအနေတို့ကို သက်ဆိုင်ရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ မီဒီယာအသီးသီးမှတစ်ဆင့် ထုတ်ပြန်ပေးနေသည်ကို မျက်ခြည်မပြတ် ကြည့်ရှုနားထောင်ပြီး လက်ဆင့်ကမ်းအသိပေးခြင်း၊ အကြံပြုချက်များကို လိုက်နာခြင်းတို့ ပြုကြရန်ပင်ဖြစ်သည်။

ရေကြီးမှုသည် မြေပြန့်မြစ်ဝှမ်းလွင်ပြင်များမှာသာမက တောင်ပေါ်ဒေသမြစ်ဖျားချောင်းဖျားတို့တွင် မိုးသည်းထန်စွာရွာသွန်းပါက တောင်ကျရေကျဆင်းပြီး ရုတ်တရက်ရေကြီးခြင်းဖြစ်နိုင်သည့်အလျောက် မိမိနေထိုင်နေသည့်နေရာ၊ မိမိရောက်ရှိနေသည့်နေရာသည် ရေဘေးမှကင်းလွတ်ခြင်းရှိမရှိ သတိပြုနေထိုင်ကြရန်လိုသည်။

ထို့အပြင် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အရေးပေါ်သုံးပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများနှင့် အဖိုးတန်ပစ္စည်းများ၊ စားရေရိက္ခာများတို့ကို ကိုယ်နှင့်မကွာထား၍ အချိန်မရွေးအဆင်သင့်တိမ်းရှောင်နိုင်ရန် မိသားစုဝင်အချင်းချင်းညှိနှိုင်းသတ်မှတ်ထားကြရန်လည်း လိုအပ်သည်။ ရေကြီးရေလျှံချိန်တွင် အထူးဂရုပြုသင့်သည့် အန္တရာယ်များမှာ လျှပ်စစ်၊ မြွေကဲ့သို့သော အဆိပ်ရှိသတ္တဝါများ၊ ရေစီးအားတို့ပင်ဖြစ်သည်။ ရပ်ရွာအတွင်း ရေဝင်နစ်မြုပ်မှုဖြစ်လာပါက သက်ဆိုင်ရာက ဓာတ်အားဖြတ်တောက်လိုက်ခြင်းက ဘေးအန္တရာယ်ကင်းဝေးစေရန်လိုအပ်ချက်ဖြစ်သည်။ ရေစီးနှင့်မျောပါလာသည့် မြွေဆိုးများ မိမိနေအိမ်၏နေရာတိုင်းမှာ ခိုအောင်းနေနိုင်သည့်အတွက် ရေကြီးချိန်တွင် ရေဘေးလွတ်ကင်းရာနေရာ၌ သွားရောက်ခိုလှုံနေထိုင်ပြီး ရေကျသွားမှသာ နေအိမ်တွင် အန္တရာယ်ကင်းအောင်ရှင်းလင်းပြီး နေထိုင်ရန်အကြံပြုထားသည်များရှိသည်။

နောက်ထပ်အရေးကြီးသည့်အချက်မှာ ရေကြီးရေလျှံချိန်တွင် ကူးစက်ရောဂါများ လျင်လျင်မြန်မြန် ပြန့်ပွားတတ်သည့် အန္တရာယ်ကိုလည်း သတိပြုကြဖို့ဖြစ်သည်။ ယင်းအချိန်တွင် မိလ္လာရေဆိုးများ လျှံထွက်ပျံ့နှံ့ခြင်းနှင့်အတူ ၎င်းရေများထဲမှာပင် အညစ်အကြေးစွန့်ကြရခြင်း၊ ရေဘေးရှောင်စခန်းများတွင် လူအများအပြား စုပေါင်းနေထိုင်ကြချိန်တွင် စည်းကမ်းမဲ့သူတို့က ရေအိမ်ကို ညစ်ညမ်းစွာ အသုံးပြုခြင်း စသည်တို့က ဝမ်းပျက်ဝမ်းလျှောနှင့် အသည်းရောင်အသားဝါကဲ့သို့သော ကူးစက်ရောဂါမျိုးများကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်တတ်သည်။ သို့ဖြစ်သောကြောင့် သောက်သုံးရေသန့် သို့မဟုတ်ပါက ကျိုချက်ထားသည့်ရေ၊ သို့မဟုတ် ရေသန့်ဆေးခတ်ထားသည့် ရေကိုသာ သုံးစွဲကြရန် အကြံပြုလိုသည်။ ထို့အပြင် ရေကြီးရေလျှံချိန်တွင် မလိုအပ်ဘဲ ရေထဲ တွင် လျှောက်သွားခြင်း၊ ရေကူးခြင်းတို့ မပြုလုပ်ရန်ပင်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လျှပ်စစ်အန္တရာယ်၊ ကူးစက်ရောဂါအန္တရာယ်၊ ကျင်းချိုင့်များထဲသို့ ကျရောက်နိုင်သည့် အန္တရာယ်တို့အပြင် ရေစီးကြောင်းထဲ မျောပါနိုင်သည့် အန္တရာယ်များရှိနေခြင်းကြောင့်ပင် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် ရေဘေးအန္တရာယ်က နှစ်စဉ်ရာသီချိန်တိုင်း ကျရောက်မည့်အန္တရာယ်ဖြစ်သည်။ အသက်ကို ဉာဏ်စောင့်သည်ဟူသည့် ဆိုရိုးအတိုင်း မိမိတို့၏အသက်အန္တရာယ်ကို မထိမခိုက် မဆုံးမရှုံးရအောင် သတိတမန်၊ အသိဉာဏ်ဖြင့် ကောင်းစွာ စောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။

# မန္တလေးမြို့၌ မြန်မာ့ရိုးရာအိုးပုတ်ပွဲတော် အစဉ်အလာမပျက်ကျင်းပ



**မန္တလေး ဩဂုတ် ၈**

မြန်မာ့ရိုးရာ အိုးပုတ်ပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိသော ဝါခေါင်လဆန်း ၈ ရက် (ဩဂုတ် ၈ ရက်) ညနေပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြောက်ပြင်အိုးဘို ရွှေကျင်ရပ် ပတ္တမြားတောရပ်ကွက် အမှတ် ၅၂ တွင် စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပကြောင်း တွေ့ရသည်။ **(အပေါ်ပုံ)**

အဆိုပါပွဲတော်တွင် မြန်မာ့ရိုးရာ ကလေးကစားစရာ အိုးပုတ်၊ ချိုးရုပ်၊ ငှက်ရုပ်များ၊ ဆီမီးခွက် စသည့်မြေထည်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများကို တံတားဦးဒေသ၊ အင်းဝ၊ မင်းတပ်ရွာဒေသ၊ စဉ့်ထည်ပစ္စည်းများကို စဉ့်ကူး၊ ကျောက်မြောင်း၊ နွယ်ငြိမ်းဒေသနှင့် မြေအိုး၊ ပန်းအိုး၊ ရေအိုးများကို ရှိမက္ကားနှင့် ခက်သင်ရွာဒေသတို့အပြင် မြို့ရွာအနှံ့မှ လာရောက်ရောင်းချလေ့ရှိသည်။ မြောက်ပြင်အိုးဘို ကမ်းနားလမ်း၊ တာရိုး တစ်လျှောက်မှ ရပ်ကွက်အတွင်းလမ်း ဘေးနေအိမ်များရှေ့တို့နှင့် လမ်းတစ်လျှောက်ဖွင့်လှစ်ထားလျက်ရှိသော ဈေးဆိုင်တန်းများတွင် မန္တလေးမြို့နှင့် အနီးအနားကျေးရွာ/ရပ်ကွက်များမှ ဒေသခံများ၊ အနယ်နယ်အရပ်ရပ်မှ တောင်ပြုန်းပွဲတော်လာပြည်သူများ အပြန်ခရီးတွင် ဆိုင်ကယ်၊ ကားများဖြင့် အိုးပုတ်ပွဲတော်ကို သွားရောက်၍ ပွဲတော်လာပြည်သူများက မိမိတို့ကလေးငယ်၊ တူ၊ တူမငယ်များအတွက် တစ်ညနေခင်းသာ ခင်းကျင်းရောင်းချလျက်ရှိသော မြေထည်ကလေးကစားစရာများ၊ အရုပ်စုဘူးများကို ဝယ်ယူအားပေးလျက်ရှိရာ အိုးပုတ်ပွဲဈေးတန်းမှာ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။ ယာယီကလေးကစားကွင်းနှင့် ချားရဟတ်တို့၌လည်း ပွဲတော်လာ ကလေးငယ်များက ပျော်ရွှင်စွာ ဆင်နွှဲကစားကြသည်။

ထို့အပြင် အိုးပုတ်ပွဲတော်လာပြည်သူများကိုလည်း လူမှုကူညီရေးအဖွဲ့အစည်းများက ရာသီတုပ်ကွေးရောဂါ (H1N1) ပိုင်းရပ်စ်ကူးစက်ခံရမှု မရှိစေရန်အတွက် နှာခေါင်းစည်းများ ဖြန့်ဝေကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။

အိုးပုတ်ပွဲတော်ကို နှစ်စဉ်ဝါခေါင်လဆန်း ၈ ရက် တစ်ညနေခင်းသာ ခင်းကျင်းရောင်းချလေ့ရှိပြီး အိုးပုတ်ပွဲတော်သို့ မန္တလေးအနီးဝန်းကျင်မှ စိတ်ဝင်စားသူများ၊ ဒေသခံပြည်သူများက တစ်နှစ်တွင် တစ်ရက်၊ တစ်ရက်တွင် တစ်ညနေခင်းသာ စဉ်ဆက်မပြတ် စည်ကားစွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ဓာတ်ပြားနှင့် ဓာတ်ပြားစက်များ လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ အလှူရှင်များမှ ခေတ်ဟောင်း(အင်္ဂလိပ်/မြန်မာ) ဓာတ်ပြားများနှင့်ဓာတ်ပြားစက်များအား ဆက်သွယ်လှူဒါန်းလျက်ရှိသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)သို့ ဩဂုတ် ၂ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ၃၁၂/၃၁၈၊ (၃)လမ်း တိုက် B၊ အခန်း(၅)နေ ဦးကေစိန်တိတ် ဒေါ်စော အားရည်စူး၍ ဒေါ်အေးအေးသူမိသားစုမှ မြန်မာခေတ်ဟောင်း ဓာတ်ပြားတစ်ချပ်နှင့် အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၀၄ ချပ်၊ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံ တိုင်လမ်း အောင်ချမ်းသာအိမ်ရာ D.1 (၁၀၄)နေ ဒေါ်ခင်ချစ် မိသားစုမှ ကက်ဆက် တိပ်ခွေ ၅၄ ခွေ၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ကရမက်လမ်း အမှတ်(၈၈)နေ ဒေါ်စန်းစန်းမြင့်မိသားစုမှ မြန်မာခေတ်ဟောင်းဓာတ်ပြား ၃၃ ချပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် ဂျိုးဖြူရိပ်သာ ၂၃/၂၅ ဂျိုးဖြူလမ်းနေ ဦးတင်မောင်ရွှေ+ ဒေါ်ခင်ရွှေဦး၊ သား ဦးမိုးဇော်မိသားစုမှ အင်္ဂလိပ်ခေတ်ဟောင်း ဓာတ်ပြားအချပ် ၁၀၀ ၊ ကြိုးခွေ ၁၇ ခွေ ဓာတ်ပြားစက်တစ်လုံး၊ ပြည်ခရိုင် ဆင်မြီးဆွဲမြို့ရတနာရှင်လမ်းနေ ဦးမောင်ခင်+ဒေါ်လှ၊ သမီး ဒေါ်ခင်ထားရီမိသားစုမှ မြန်မာခေတ်ဟောင်းဓာတ်ပြား ၁၂ ချပ်၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၄) ရပ်ကွက် ကျောက်စိမ်း(၁)လမ်း အမှတ်(၁၁၄)နေ ဦးကျော်ရှင်း+ဒေါ်ရင်နု မိသားစုမှ ကက်ဆက်ခွေ ၈၃ ခွေနှင့် Panasonic ကက်ဆက်တစ်လုံး၊ ဩဂုတ် ၄ ရက်တွင် ကျိုက်လတ်မြို့(၃)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၃၂)နေ ဒေါ်ခင်တင့်မိသားစုမှ မြန်မာခေတ်ဟောင်း ဓာတ်ပြား ၇၉ ချပ်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာနေ ဦးချစ်စိန်+ ဒေါ်ကြင်လှိုင်တို့အား အမှူးထား၍ ဦးအေးမြင့်+ဒေါ်ခင်ခင်ကြူမိသားစုမှ မြန်မာခေတ်ဟောင်းဓာတ်ပြား ၅၃၈ ချပ်၊ ဩဂုတ် ၅ရက်တွင် သန်လျင်မြို့ အမှုထမ်းရပ်ကွက် ပိတောက်လမ်း အမှတ် (၂၇)/ Dနေ ဦးသာဆန်း+ ဒေါ်ကျင်မေ မိသားစုမှ အင်္ဂလိပ်ခေတ်ဟောင်း ဓာတ်ပြား ၂၅ ချပ်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ခေတ်ဟောင်း (အင်္ဂလိပ်/မြန်မာ) ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ထိန်းသိမ်းထားရှိလိုသဖြင့် လှူဒါန်းလိုသူများရှိပါက ဦးရန်နိုင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး (မှတ်တမ်း) ဖုန်း ၀၆၇-၇၉၂၈၀၊ ၀၉-၂၅၂၄၁၂၈၁၃၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)နှင့် ဦးတင်အုန်း(ဦးစီးအရာရှိ) ဖုန်း ၀၉-၄၂၀၂၅၂၀၆၈၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ **မိုး/ဇလ**



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

### အိန္ဒိယပြည်ပရေးရာဝန်ကြီးဟောင်း ရှုရှီမတီ ဆူရှမာ ဆွာရာ့ဂ်ျ ကွယ်လွန်သည့်အတွက် အိန္ဒိယဝန်ကြီးချုပ်ထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော်  ဩဂုတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ အိန္ဒိယသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ရှရီ နရန်ဒရာ မိုဒီထံသို့ အိန္ဒိယပြည်ပရေးရာဝန်ကြီးဟောင်း ရှုရှီမတီ ဆူရှမာ ဆွာရာ့ဂ်ျသည် ဩဂုတ် ၆ ရက်တွင် ကွယ်လွန်သွားခဲ့သည့်အတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား ဩဂုတ် ၁၈ ရက်သို့ ပြောင်းရွှေ့ကျင်းပမည်

**နေပြည်တော်  ဩဂုတ် ၈**

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ ဦးစီးကျင်းပမည့် “Transforming Education - လူငယ်ထုကြီးပါဝင်ကာ ပညာရေးစနစ်ပြောင်းလဲပါ” ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ Hotel Max ၌ ဩဂုတ် ၁၁ ရက်အစား ၁၈ ရက်သို့ ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ  မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mr. Nandimithra Ekanayake  အား လက်ခံတွေ့ဆုံစဉ်။
သတင်းစဉ်

**နေပြည်တော်  ဩဂုတ်  ၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mr. Nandimithra Ekanayake အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# စင်ကာပူနိုင်ငံ၏ (၅၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားကျင်းပ




စင်ကာပူနိုင်ငံ၏ (၅၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ စင်ကာပူနိုင်ငံသံအမတ်ကြီးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

နေပြည်တော်  ဩဂုတ်  ၈

**စင်ကာပူနိုင်ငံ၏ (၅၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားမစတင်မီ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် စင်ကာပူနိုင်ငံတော်သီချင်းတို့အား ဖွင့်လှစ်၍ နိုင်ငံတော်အလံများအား အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး Ms. Vanessa Chan နှင့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က စင်ကာပူနိုင်ငံ၏ (၅၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် စင်ကာပူသံအမတ်ကြီးက တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်ဇနီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော်  ဩဂုတ် ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး Mr. Nandimithra Ekanayake နှင့်အတူ သံရုံးဝန်ထမ်းတစ်ဦး၊ မြန်မာနိုင်ငံရှေ့နေအသင်း (Myanmar Bar Association- MBA) မှ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ ၃၆ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၂၀၀၉၇ ဦးနှင့် ပြည်ပဧည့်သည် ၂၁၅၉ ဦးရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော်  ဩဂုတ် ၈**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော်  ဩဂုတ်  ၈

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင် အား ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

### ရင်းရင်းနှီးနှီး ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စ၊ တရုတ်နိုင်ငံ၏ BRI (Belt and Road Initiative Project) တွင် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍအပါအဝင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်  မြန်မာနိုင်ငံဆိုင်ရာ  တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင် အား လက်ခံတွေ့ဆုံစဉ်။
သတင်းစဉ်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်အမှုပေါင်း ၁၁၅၂ မှု လက်ခံရရှိပြီး ၁၀၉၄ မှု စစ်ဆေးပြီးပြတ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် သြဂုတ် ၈

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

**ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရမည်**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တရားရုံးအဆင့်ဆင့် အနေနှင့် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုနှင့် ထိရောက်သည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်စသည့် ရည်မှန်းချက်များနှင့် သာတူညီမျှမှုနှင့် တရားမျှတမှု၊ တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု၊ တရားမျှတမှုကို လက်လှမ်းမီနိုင်မှု၊ အမှုများ မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှုစသည့် တရားစီရင်ရေး၏ တန်ဖိုးများကို အစဉ်အလေးထားရမည်ဖြစ်ကြောင်း၊ တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တရားသူကြီးများသည် အမှုများကို အချိန်နှင့်တစ်ပြေးညီ လုပ်ထုံးလုပ်နည်းများအရ စစ်ဆေးပြီး အရည်အသွေးပြည့်မီသည့် စီရင်ဆုံးဖြတ်မှုကို တည်ဆဲဥပဒေများနှင့်အညီ ဘက်လိုက်မှုမရှိဘဲ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားသူကြီးများ၏ အရည်အသွေးပြည့်ဝမှုသည် ပြည်သူများ ယုံကြည်အားထားရသည့် တရားစီရင်ရေးဖြစ်ပေါ်လာရေးတွင် အဓိကဖြစ်သည့်အတွက် မိမိတို့၏ စွမ်းဆောင်ရည်တိုးတက်ရေးနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားစေရေး အစဉ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားရေးကို အာဆီယံဒေသ အဆင့်မြှင့်တင်နိုင်ရေးအတွက် တရားရေးကောလိပ်ကို နေပြည်တော်တွင် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းနေကြောင်း ပြောကြားသည်။

**အမှုများစစ်ဆေးစီရင်**

ယင်းနောက် မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ **ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင်** ရာဇဝတ်အမှုပေါင်း ၁၁၅၂ မှု လက်ခံရရှိပြီး ၁၀၉၄ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ တရားမအမှုပေါင်း ၁၄၂၀ မှု လက်ခံရရှိပြီး (ယခင်နှစ်အမှုလက်ကျန် ၂၉၀ မှု အပါအဝင်) ၁၇၁၂ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၂၁၄ မှု လက်ခံရရှိပြီး ၁၆၇ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင်** ရာဇဝတ်အမှုပေါင်း ၄၂၃၂ မှု လက်ခံရရှိပြီး ၃၇၈၂ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ တရားမအမှုပေါင်း ၃၂၃၆ မှု လက်ခံရရှိပြီး ၂၅၂၅ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ **ခရိုင်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း ၁၁၂၉၄ မှု လက်ခံရရှိပြီး ၁၀၉၀၆ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ တရားမအမှုပေါင်း ၇၈၂၂ မှု လက်ခံရရှိပြီး ၅၅၄၇ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ **မြို့နယ်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း ၂၂၈၄၄၂ မှု လက်ခံရရှိပြီး ၂၂၂၄၁၈ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ တရားမအမှုပေါင်း ၁၇၀၅၈ မှု လက်ခံရရှိပြီး ၁၂၅၁၇ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့်မန္တလေး) တို့တွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၂၁ မှု လက်ခံရရှိပြီး ၁၁၇ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၄၇၁၉ မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန်ခုနစ်မှု အပါအဝင်) ၄၇၄၆ မှု စစ်ဆေးပြီးပြတ်ပါကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၅၄၇၄၆ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ထိုသို့စစ်ဆေးစီရင်ရာတွင် ထိရောက်မြန်ဆန်ရန်အတွက် မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးအငြင်းပွားမှု ဖြေရှင်းရေးစနစ်များကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။

**တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုများ**

ထို့နောက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို မှုခင်းများ စစ်ဆေးစီရင်မှု၏ အစိတ်အပိုင်းအဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တရားရုံး ၇၄ ရုံးတွင် အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇွန်လကုန် စစ်တမ်းများအရ မှုခင်းစီမံခန့်ခွဲမှုတရားရုံးများတွင် အမှုပြီးပြတ်နှုန်း ကောင်းမွန်သော်လည်း အချို့ရုံးများတွင် အမှုရွှေ့ဆိုင်းနှုန်း များပြားနေသေးကြောင်း၊ အမှုပြီးပြတ်ရေးသာမက စံသတ်မှတ်ရက်များအတွင်း အမှုများပြီးပြတ်ရေး၊ ပျမ်းမျှရုံးချိန်း အရေအတွက်နှင့် အမှုရွှေ့ဆိုင်းမှု လျှော့ချနိုင်ရေးကို အထူးအလေးထား ဆောင်ရွက်ကြရန်နှင့် ၂၀၂၀ ခုနှစ်မှစတင်၍ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ စီမံခန့်ခွဲမှုနှင့် ဆက်လက်အကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် တရားလွှတ်တော်တရားသူကြီးချုပ်များ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို ၂၀၁၉ ခုနှစ် မတ် ၁ ရက်ကစတင်၍ ခရိုင်တရားရုံး နှစ်ရုံး၊ မြို့နယ်တရားရုံး နှစ်ရုံးတို့တွင် ဆောင်ရွက်ခဲ့ရာ စမ်းသပ်ကာလ ငါးလအတွင်း တရားမမှုခင်း ၇၆ မှုကို စေ့စပ်ဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ အဆိုပါအစီအစဉ်များသည် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ခြင်းဖြစ်၍ အဆင့်ဆင့်သော တရားသူကြီးများအားလုံးက နည်းလမ်းတကျ ဦးဆောင်ပါဝင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ဥပဒေအရ ခံစားပိုင်ခွင့်များ**

ဆက်လက်၍ တရားရုံးများသည် မျှတသော စစ်ဆေးစီရင်မှု ဖြစ်စေရန်နှင့် တိကျမှန်ကန်သော သက်သေထွက်ဆိုချက်များရရှိရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရကြောင်း၊ တည်ဆဲဥပဒေများအရ ကလေးသူငယ်များနှင့် အကာအကွယ်လိုအပ်သည့် လူကြီးများအား စစ်မေးရာတွင် အသုံးပြုနိုင်ရန် အထူးသက်သေစစ်မေးခန်းနှင့် လိုအပ်သည့် အထောက်အပံ့ပစ္စည်းများကို ခရိုင်တရားရုံးလေးရုံးတွင် တပ်ဆင်ထားပြီး အဆိုပါ သက်သေစစ်မေးခန်း အသုံးပြုခြင်းနှင့် သက်သေစကားပြန် လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်များအတွက် လေ့ကျင့်မှုသင်တန်းများ ပြုလုပ်ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါ ပစ္စည်းများကို အကန့်အသတ်ဖြင့်သာ တပ်ဆင်ထားနိုင်သော်လည်း သက်သေများ၏ ဥပဒေအရ ခံစားပိုင်ခွင့်များအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ တက်ရောက်ကြသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး (၂၆/၂၀၁၉) ကျင်းပ



**နေပြည်တော် သြဂုတ် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၂၆/၂၀၁၉) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး (၂၆/၂၀၁၉) ကျင်းပစဉ်။**

သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ခွဲစိတ်ကုသမှုပေါင်း ၇ သိန်း ၆သောင်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီး အသည်းအစားထိုး၊ ကျောက်ကပ်အစားထိုး၊ နှလုံးခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် တွေ့ရှိရပါကြောင်း။

ထို့ပြင် ရောဂါဖြစ်ပွားနှုန်းအနေဖြင့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာကဲ့သို့သော မကူးစက်တတ်သောရောဂါများ နှစ်စဉ်များပြားလာနေပြီး ကူးစက်တတ်သောရောဂါများ ဖြစ်ပွားနှုန်းလျော့ကျလာမှုကိုလည်း ဖော်ပြထားပါကြောင်း။

မကူးစက်တတ်သောရောဂါများကြောင့် သေဆုံးမှု ၂၀၁၄ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်းကိုလည်း ဖော်ပြထားပြီး နှလုံးသွေးကြောရောဂါများသည် သေဆုံးမှုအများဆုံးဖြစ်ပြီး ကင်ဆာရောဂါများကြောင့် ဒုတိယသေဆုံးမှု အများဆုံးဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါကြောင်း။

၂၀၁၆ ခုနှစ်ကတည်းက ဆေးရွက်ကြီးထိန်းချုပ်ရေးဥပဒေ ပေါ်ထွန်းလာသော်လည်း အမှန်တကယ် တားဆီးအရေးယူဆောင်ရွက်မှုပိုင်းတွင် လုံးဝအားနည်းလျက်ရှိပါကြောင်း၊ အရက်ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု၊ အရက်ဆိုင်များ ခွင့်ပြုနေမှုစသည်များမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် လုံးဝပတ်သက်မှုမရှိသော်လည်း အရက်ကြောင့် တွေ့ကြုံရသည့် ထိခိုက်အန္တရာယ်များ၊ အသည်းကျွတ်၊ အသည်းကင်ဆာရောဂါများကို တာဝန်ယူဆောင်ရွက်ပေးရပါကြောင်း၊ ဆေးရွက်ကြီး၊ အရက်အခွန်အကောက်ကိစ္စများကလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သီးခြားကိစ္စရပ်များဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရမည့်ကိစ္စရပ်များမှာ အခွန်အခများ တိုးမြှင့်ကောက်ခံခြင်း၊ ဌာနအသီးသီးက ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာအောင် ဆောင်ရွက်ပေးခြင်း၊ ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းတို့သည် အရေးကြီးပါကြောင်း၊ အထူးသဖြင့် ပြည်သူများကို အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း စသည့်အကြံပြုချက်များပါဝင်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ရခိုင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များအား နိုင်ငံတော်မှ မည်သို့ကူညီစောင့်ရှောက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းမှစ၍ မြန်မာ့တပ်မတော်နှင့် AA အဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၁ ရက်အထိ တိုက်ပွဲရှောင်ပြည်သူများ နေရပ်စွန့်ခွာပြီး ယာယီခိုလှုံမှုအနေဖြင့် ရခိုင်ပြည်နယ် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား စသည့်မြို့နယ် ရှစ်မြို့နယ်ရှိ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများ၌ တိုက်ပွဲရှောင်စခန်း စုစုပေါင်း ၆၅ နေရာဖွင့်လှစ်ထားရှိရာ အိမ်ထောင်စု ၆၁၉၆ စု၊ လူဦးရေ ၂၀၂၂၁ ဦး နေထိုင်လျက်ရှိသည့်အပြင် ပြည်နယ်ချင်းဆက်စပ်နေသော ချင်းပြည်နယ် ပလက်ဝမြို့နယ်သို့ တိုက်ပွဲရှောင်ပြည်သူများ ရောက်ရှိနေထိုင်လျက်ရှိပါကြောင်း။

## ရခိုင်ပြည်နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ကြေးငွေများ ပံ့ပိုးခဲ့ပြီးဖြစ်

မိမိတို့ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၄ ရက်အထိ အိမ်ထောင်စု ၁၇၆၇၆ စု၊ လူဦးရေ ၇၀၆၅၆ ဦးအတွက် စုစုပေါင်း ၁၁၈၆ ဒသမ ၃၉၅ သန်းတန်ဖိုးရှိ စားနပ်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ကြေးငွေများ ပံ့ပိုးခဲ့ပြီးဖြစ်ပါကြောင်း။

ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း(MRCS)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)တို့ ပါဝင်ဖွဲ့စည်းထားသော ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့နှင့် ပူးပေါင်း၍လည်း ၂၀၁၉ ခုနှစ် ဇူလိုင် ၄ ရက်အထိ တိုက်ပွဲရှောင်အိမ်ထောင်စု ၇၂၅၅ စု၊ လူဦးရေ ၂၇၀၉၇ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ကြေးငွေများ ထောက်ပံ့ပေးခဲ့ပြီး ရွေ့လျားဆေးပေးခန်းများဖွင့်လှစ်ခြင်း၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာဖြန့်ချိခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ တိုက်ပွဲရှောင်လူဦးရေ ၇၄၀၉ ဦးအတွက် စားနပ်ရိက္ခာ တစ်လစာ (ဆန်၊ ဆီ၊ ဆား၊ ပဲ) ၁၀၈ ဒသမ ၄၅၅ မက်ထရစ်တန်ကို ထောက်ပံ့ပေးခဲ့ပြီး အခြားလိုအပ်သည့်နေရာများအတွက် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းထားသည့် ဆန်များမှ ကျန်ရှိနေသော ဆန်တန်ချိန် ၂၅၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ရာ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ ကျောက်တော်မြို့နယ်များရှိ တိုက်ပွဲရှောင်ပြည်သူများအား ဖြန့်ဝေထောက်ပံ့ပြီးဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအပြင် ပြည်နယ်ချင်း ဆက်စပ်နေသော ချင်းပြည်နယ် ပလက်ဝမြို့နယ်သို့ရောက်ရှိလာသည့် တိုက်ပွဲရှောင်ပြည်သူများကိုလည်း ထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများနှင့် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့် ဆီ၊ ဆား၊ ပဲများ၊ မိုးကာလိပ်များစသည့်ကယ်ဆယ်ရေးပစ္စည်းများနှင့် မိမိတို့ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ချင်းပြည်နယ် အစိုးရအဖွဲ့အပြင် စေတနာရှင်ပြည်သူများ၏ ထောက်ပံ့ငွေ စုစုပေါင်းကျပ် ၂၃၆၆ ဒသမ ၈၄ သိန်းတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

တိုက်ပွဲရှောင်များ ယာယီခိုလှုံရာစခန်းများသို့ ရောက်ရှိနေထိုင်ကြောင်း သတင်းရရှိလျှင် ရရှိချင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာ၊ ကျားလုံချည်၊ မလုံချည်၊ တဘက်၊ တီရှပ်၊ စောင်၊ ပလတ်စတစ်ဖျာ၊ အမျိုးသမီးသုံး အသုံးအဆောင်ပစ္စည်းများ (Dignity Kit) စသည့် ကယ်ဆယ်ရေးပစ္စည်းများ၊ သေဆုံး/ဒဏ်ရာရထောက်ပံ့ကြေးငွေများကို ဒေသခံအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ လက်ဝယ်အရောက်သွားရောက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ထောက်ပံ့ပေးရာတွင် ဝေးလံ၍ လုံခြုံရေးအခြေအနေအရ အချိန်မီသွားရောက်ရန် ခက်ခဲသည့်ဒေသများအတွက် ဒေသခံကိုယ်စားလှယ်များနှင့် ချိတ်ဆက်၍ ကိုယ်စားလှယ်တစ်ဦးအား စေလွှတ်ထုတ်ယူစေသည့် နည်းလမ်းဖြင့်လည်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း အချို့မြို့နယ်များ၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်သူများကို ထောက်ပံ့ရန်အတွက် မိမိတို့ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ညှိနှိုင်းပြီး ယာယီခိုလှုံရာစခန်းများဖွင့်လှစ်မှု၊ အဆောက်အအုံဆောက်လုပ်မှုနှင့်စီမံခန့်ခွဲမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ရေနှင့်သန့်ရှင်းရေး၊ လုံခြုံရေး၊ ရန်ပုံငွေကိစ္စရပ်များပါဝင်သည့် ယာယီနေရာချထားပေးနိုင်ရေးလုပ်ငန်းစဉ်အား နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက်များအရ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကျပ် ၁ ဘီလီယံနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၆၁၇ ဒသမ ၅၀၀ သန်း စုစုပေါင်း ငွေကျပ် ၁၆၁၇ ဒသမ ၅၀၀ သန်းဖြင့် တိုက်ပွဲရှောင်စခန်း ခုနစ်ခုဆောက်လုပ်ပေးလျက်ရှိပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၁ ရက်အထိ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ယာယီခိုလှုံရေးစခန်းများရှိ ပြည်သူများနှင့် ဒေသခံများကို ဆေးကုသမှုစုစုပေါင်းမှာ ၂၂၄၈၈ ဦးရှိပြီး ခြင်ထောင် ၃၄၉၄ ထည်နှင့် လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

တိုက်ပွဲရှောင်စခန်းများရှိ ကလေးများ ပညာသင်ကြားနိုင်ရေးအတွက်လည်း နီးစပ်ရာကျောင်းများတွင် လည်းကောင်း၊ ယာယီခိုလှုံရေးစခန်းအတွင်းရှိ အိပ်ဆောင်များတွင်နေရာ အခန်းဖွဲ့၍လည်းကောင်း သင်ကြားပေးနိုင်ရေး စီစဉ်ထားရှိပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာများကို ယခုနှစ် ဇန်နဝါရီမှစတင်၍ လစဉ်ထောက်ပံ့ပေးလျက်ရှိသည့်အပြင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ၏ တွေ့ရှိချက်များနှင့် ကိုယ်စားလှယ်များ၊ ပါတီများ၊ ဒေသခံအဖွဲ့အစည်းများ၏ တွေ့ရှိချက်များမှ လိုအပ်ချက်များကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား လတ်တလောစားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

## အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများနှင့် ပြည်သူလူထုလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော်မည့်မူဝါဒအပေါ် အခြေခံဆောင်ရွက်လျက်ရှိ

ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၏ **အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် မသန်စွမ်းသူများလွယ်ကူစွာသွားလာနေထိုင်နိုင်ရေးနှင့် အရေးပေါ် အခြေအနေများတွင် မသန်စွမ်းသူများကို ဦးစားပေး၍ ရှာဖွေကယ်ဆယ်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ဝန်ကြီးဌာနအနေဖြင့် အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်သည့် လူ့ဂုဏ်သိက္ခာအပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ်ဖြစ်စေရန် အထောက်အကူပြုဖြစ်စေရေးနှင့် အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများနှင့် ပြည်သူလူထုလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော်မည့်မူဝါဒအပေါ် အခြေခံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် မသန်စွမ်းသူများသည် လူ့အခွင့်အရေးကို အများနည်းတူခံစားရရှိနိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ ခုနှစ်နှင့် နည်းဥပဒေများ ၂၀၁၇ ခုနှစ်တို့ကို ပြဋ္ဌာန်းခြင်းတို့ဖြင့် နိုင်ငံတကာသဘောတူညီချက်များ၊ မူဘောင်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူအသုံးပြုသွားလာရာ နေရာများတွင်ရှိသော အဆောက်အအုံများ၌ မသန်စွမ်းသူများအတွက် အတားအဆီးမရှိသော ဒီဇိုင်းပုံစံများအား ထည့်သွင်းတွက်ချက် လုပ်ဆောင်ရန် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ - ၂၀၁၆ကို အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ လိုက်နာဆောင်ရွက်စေရေး ထပ်ဆင့်ညွှန်ကြားပေးရန် သက်ဆိုင်ရာကောင်စီအဖွဲ့များသို့ ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်တွင် အကြောင်းကြားထားပြီး ပြဋ္ဌာန်းချက်များနှင့်အညီ လက်တွေ့မြေပြင်တွင် မသန်စွမ်းသူများအတွက် ဆင်ခြေလျှောများ၊ Toilet များ လိုအပ်သည့် လှေကားအကျယ်နှင့် အမြင့်တို့ကို ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ခုနှစ် မေ ၂၂ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ ပုဒ်မ (၂၈) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် လူနာအဝင်၊ အထွက်နေရာ၊ ကားပါကင်များနှင့် အိမ်သာများရှိ လိုအပ်ချက်များကို စိစစ်တင်ပြနိုင်ရန် နမူနာပုံစံများကို ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်(၇)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မသန်စွမ်းအားကစားသမားများအတွက် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံများပါရှိသည့် သန့်စင်ခန်းများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်များတွင် ထည့်သွင်းတည်ဆောက်ထားရှိသည့်အပြင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင်လည်း မသန်စွမ်းအားကစားသမားများအတွက် မသန်စွမ်းလေ့ကျင့်ရေးစခန်းအား တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်လမ်းများ၏ လူသွားစင်္ကြံများတွင်လည်း လူသွားစင်္ကြံများ၏ထိပ်တွင် နိမ့်လျှောများ ထည့်သွင်းတည် ဆောက်ပေးခြင်း၊ လမ်းလယ်ကျွန်းတြိဂံကျွန်းများနှင့် လူကူးမျဉ်းကျားထိစပ်သောနေရာများတွင် လမ်းမျက်နှာပြင်နှင့်တစ်ပြေးညီ Level နှိမ့်၍ တည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဘေးအန္တရာယ် အမျိုးမျိုးအတွက် အရေးပေါ်အခြေအနေများတွင် မသန်စွမ်းသူများကို ဦးစားပေး၍ ရှာဖွေကယ်ဆယ်ရေး၊ အကာအကွယ်ပေးရေး၊ ဘေးကင်းလုံခြုံရေးတို့နှင့်ပတ်သက်၍ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေအခန်း(၉)နှင့် နည်းဥပဒေများ အခန်း(၇)တို့တွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) နှင့် နည်းဥပဒေများ (၂၀၁၅ )တွင်လည်း ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုများ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အားလုံးအကျုံးဝင်သည့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲခြင်းသင်တန်းအတွက် အသေးစိတ်သင်တန်းလမ်းညွှန် (၂၀၁၆) နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ဘေးသင့်ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုများ ကျန်ရှိမှုမရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ဘေးအန္တရာယ်ဖြစ်ပွား ပေါ်ပေါက်မှုများကို ပြည်သူများကိုယ်တိုင် အကြောင်းကြားဆက်သွယ်နိုင်ရန် စီမံဆောင်ရွက်ထားသော DAN Mobile Applicationကို မသန်စွမ်းသူများပါ အသုံးပြုနိုင်ရန် အလေးထား၍ ရေးဆွဲခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် အဆိုပါ Application ဖြန့်ချိခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

*စာမျက်နှာ ၇ သို့*



ရေကြည်မဲဆန္ဒနယ်မှ
ဒေါက်တာ စံရွှေဝင်း



အင်္ဂပူမဲဆန္ဒနယ်မှ
ဦးအေးဝင်း



ဒုတိယဝန်ကြီး
ဦးစိုးအောင်



မြေပုံမဲဆန္ဒနယ်မှ
ဦးဖေသန်း

# လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်စို့

**အောင်ကျော်မိုး (လူမှု)**

**၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၆ ရာခိုင်နှုန်း နီးပါးသည် အသက် ၁၅ နှစ် မှ ၃၅ နှစ်အတွင်းရှိသော လူငယ်များဖြစ်ပါသည်။ ယင်းလူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့် အင်အားစုတစ်ရပ်လည်းဖြစ်၍ အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ပါသည်။**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များချမှတ်ပြီး အဖွဲ့အစည်းအခြေပြုနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**လူငယ်မူဝါဒအား ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့**

ယနေ့ခေတ်တွင် အရည်အသွေးပြည့်ဝသော လူငယ်အဖွဲ့အစည်းများကို ပိုင်ဆိုင်သည့်နိုင်ငံများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများကိုလည်း တွေ့မြင်နေကြရပြီဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ်သို့ ရောက်ရှိစေရေး စနစ်တကျပြုစုပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ပါ၍ နိုင်ငံတော် အစိုးရသစ်လက်ထက်တွင် လူငယ်မူဝါဒအား ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

လူငယ်မူဝါဒသည် လူငယ်များကိုယ်တိုင်ပါဝင်၍ ရေးဆွဲထားသည့် မူဝါဒဖြစ်သဖြင့် လက်ရှိနိုင်ငံတော်တွင် ဆောင်ရွက်လျက်ရှိသည့် လူငယ်ရေးရာဖွံ့ဖြိုးရေးကဏ္ဍများ၊ လက်ရှိလူငယ်များ ရင်ဆိုင်ဖြေရှင်းနေရသည့် စိန်ခေါ်မှုများနှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏ အဓိကအခန်းကဏ္ဍများ ပါဝင်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က **"ယခုလူငယ်ရေးရာမူဝါဒရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းသည် လူငယ်မျိုးဆက်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခု ခိုင်ခိုင်မြဲမြဲ ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤမူဝါဒတွင် ယနေ့နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသော ငြိမ်းချမ်းရေးကဏ္ဍကိုလည်း ထည့်သွင်းထားပြီး လူငယ်များကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကာ နောင်လာမည့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေပေးခဲ့နိုင်ရန်လည်း ရည်ရွယ်ထားပါသည်"** ဟု လူငယ်ရေးရာမူဝါဒစာအုပ်၏ ဥယျောဇဉ်တွင် မိန့်မြွက်ဖော်ပြထားပါသည်။




**"လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် ၂၀၁၉-၂၀၂၃ ပေါ်ထွက်လာနိုင်ရေးအတွက် လူငယ်များကိုယ်တိုင် ကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စီမံချက်တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများအား ထည့်သွင်းရေးဆွဲနိုင်ခဲ့သည့်အတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူငယ်များအတွက် လက်တွေ့ရင်ဆိုင်နေရသည့်စိန်ခေါ်မှုအတားအဆီးများ လျော့ကျသွားစေနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်"**

လူငယ်ရေးရာမူဝါဒ ထုတ်ပြန်ပြီးသည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်၍ မူဝါဒပါ အဓိက ကဏ္ဍ (၁၆) ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလူငယ်ရေးရာ ကော်မတီအား ဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လူငယ်ရေးရာကော်မတီများလည်း ဆက်လက်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယခုအခါ ခရိုင်၊ မြို့နယ်အဆင့် လူငယ်ရေးရာ ကော်မတီများ ဆက်လက်ဖွဲ့စည်းလျက်ရှိပါသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှလည်း လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေးကဏ္ဍများ ဆောင်ရွက်နိုင်ရန် လူငယ်စင်တာများဆောက်လုပ်ရန် မြေနေရာများနှင့် အဆောက်အဦများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် ၂၀၁၉-၂၀၂၃ ကို ရေးဆွဲနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ လူငယ်များ၊ လူငယ်ရေးရာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ (၅) ကြိမ်စီ၊ အမျိုးသား အဆင့်မဟာဗျူဟာရေးဆွဲရေး ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများ (၅)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး မကြာမီအမျိုးသားအဆင့် မဟာဗျူဟာစီမံချက် ၂၀၁၉-၂၀၂၃ အား ထုတ်ပြန်နိုင်တော့မည်ဖြစ်ပါသည်။

**အထောက်အကူပြုနိုင်**

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် ၂၀၁၉-၂၀၂၃ ပေါ်ထွက်လာနိုင်ရေးအတွက် လူငယ်များကိုယ်တိုင် ကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စီမံချက်တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများအား ထည့်သွင်းရေးဆွဲနိုင်ခဲ့သည့်အတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူငယ်များအတွက် လက်တွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုအတားအဆီးများ လျော့ကျသွားစေနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၂၀၁၉ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားအား နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအခမ်းအနားတွင် တစ်နိုင်ငံလုံးရှိ လူငယ်ရေးရာကော်မတီဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ လူငယ်များတက်ရောက်၍ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (မူကြမ်း) အား ချပြရှင်းလင်းခြင်းနှင့် လူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံပြီး အနာဂတ်နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်ရန် ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

---

## မလှိုင်မြို့နယ် ကျေးရွာ ၅၀ ၌ ယခုဘဏ္ဍာနှစ်အတွင်း မီးလင်းရေးဆောင်ရွက်နေ

**မလှိုင် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ယခုနှစ်အတွင်း ကျေးရွာ ၅၀ မီးလင်းရေးအတွက် ဆောင်ရွက်နေကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မလှိုင်မြို့နယ်အတွင်း မီးလင်းရေး ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ကျေးရွာ ၂၂ ရွာအတွက် ထရန်စဖော်မာ ၁၈ လုံး၊ ပိုလျှံရန်ပုံငွေဖြင့် ထပ်တိုးကျေးရွာ နှစ်ရွာအတွက် ထရန်စဖော်မာ နှစ်လုံးတို့ကို တပ်ဆင်ပေးလျက်ရှိပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ဖြင့် ကျေးရွာ ၂၆ ရွာအတွက် ထရန်စဖော်မာ ၂၆ လုံးကို တပ်ဆင်ပေးလျက်ရှိသည်။

ကျေးရွာ ၅၀ ၌ ထရန်စဖော်မာ ၄၆ လုံး တပ်ဆင်ခြင်းကို ယခုဘဏ္ဍာနှစ်တွင်အပြီးဆောင်ရွက်နေကြောင်း၊ ကျေးရွာရှိ အိမ်ထောင်စု အနည်းအများအလိုက် ထရန်စဖော်မာများကို ၁၀၀ ကေဗွီအေ၊ ၁၆၀ ကေဗွီအေ၊ ၂၀၀ ကေဗွီအေနှင့် ၃၁၅ ကေဗွီအေစသည်ဖြင့် သင့်လျော်သလိုတပ်ဆင်ပေးကြောင်း၊ ထရန်စဖော်မာများ ပေါင်းစည်း၍ရသောကျေးရွာ အချို့တွင် နှစ်ရွာလျှင် တစ်လုံးနှုန်းဖြင့် တပ်ဆင်ခြင်းများလည်းရှိကြောင်း မလှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လက်ထောက် မန်နေဂျာ ဦးကျော်စိုးဝင်းထံက သိရသည်။

မလှိုင်မြို့နယ်၌ ကျေးရွာပေါင်း ၂၄၇ ရွာ ရှိသည့်အနက် ပြီးခဲ့သည့်နှစ်အထိ ၁၁၇ ရွာ၌ မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၅၀ မီးလင်းရေး ထပ်မံဆောင်ရွက်ခြင်းဖြစ်ကာ ပြီးစီးပါက စုစုပေါင်း ၁၆၇ ရွာ မီးလင်းမည်ဖြစ်၍ ယခုဘဏ္ဍာနှစ်ကုန်တွင် မြို့နယ်တွင်းရှိ ကျေးရွာအားလုံး၏ ၆၇ ရာခိုင်နှုန်း မီးလင်းမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

---

## ရေစကြိုမြို့နယ်၌ မိုးခေါင်သဖြင့် ကျေးရွာအချို့တွင် သောက်သုံးရေရှားပါးလျက်ရှိ

**ရေစကြို ဩဂုတ် ၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ ယခုနှစ်အတွင်း မိုးခေါင်မှုကြောင့် ကျေးရွာအချို့တွင် သောက်သုံးရေ ရှားပါးလျက်ရှိသည်။



ရေစကြိုမြို့နယ်ရှိ သောက်သုံးရေ ရှားပါးသော ကျေးရွာများသို့ ကံပွင့်မိသားစု ရေအလှူရှင်များက လှူဒါန်းစဉ်။

ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ဘောင်ဘဲ့တန်း၊ အုတ်ကန်၊ ကွမ်းစီကန်၊ ထန်းပင်ချောင်း၊ ရွာသာအေး၊ ချင်းယားကုန်း၊ ငွေးပင်ယာ၊ ထန်းတို၊ ယာကြီးကုန်း၊ ကန်ဘောက်၊ အောင်သပြေ၊ ခင်မွန်၊ မြေနီကုန်းစသည့် ကျေးရွာများတွင် သောက်သုံးရေရှားပါးလျက်ရှိသဖြင့် ရေစကြိုမြို့မှ ရေအလှူရှင်များနှင့် မုံရွာ၊ ပခုက္ကူစသည့် မြို့များမှ ရေအလှူရှင်များက ရေလာရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်က မိုးခေါင်တယ်။ မိုးမရွာတော့ ရွာကမြေသားရေကန်တွေမှာ ရေမရှိတော့ဘူး။ ကျွန်တော်တို့ရွာမှာ စက်ရေတွင်းခြောက်တွင်း၊ ခုနစ်တွင်းတူးဖူးတယ်။ ရေကငန်တော့ သုံးလို့မရဘူး။ ရေအထွက်လည်း နည်းတယ်။ မိုးရေကန်ကိုပဲ အဓိကသောက်ကြတာ။ အခုက မနှစ်ကလည်းမိုးနည်းတယ်။ ဒီနှစ်လည်းမိုးမရွာတော့ ကန်တွေထဲမှာ ရေမရှိဘဲဖြစ်သွားတာပေါ့။ ရွာမှာရှိတဲ့ ရေငန်ပဲထွက်တဲ့ ရေတွင်းတွေမှာ ရေမထွက်သလောက် ဖြစ်နေတာ။ ရေအလှူရှင်တွေ လာလှူတဲ့ရေကိုမျှသုံးနေရပါတယ်" ဟု သရက်ပင်ကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောသည်။

ရေစကြိုမြို့နယ်တွင် ယခုနှစ်အတွင်း ဇန်နဝါရီလမှ ယနေ့အထိ မိုးရွာရက် ၁၁ ရက်ရှိခဲ့ပြီး မိုးရေချိန်လက်မ ၅ ဒသမ ၅၇ လက်မသာ ရွာသွန်းခဲ့ကြောင်း၊ အဆိုပါ မိုးရေချိန်လက်မ ၅ ဒသမ ၅၇လက်မကို ဇန်နဝါရီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း ဒသမ အနည်းငယ်စီသာ ရက်ခွဲကာ ရွာသွန်းခဲ့ခြင်းကြောင့် ရေစကြိုမြို့နယ်အတွင်းရှိ မြေသားရေကန်များတွင် ရေဝင်ရောက်ခြင်း မရှိခဲ့ကြောင်း၊ ထိုသို့ ရေကန်များအတွင်း မိုးရေဝင်ရောက်ခြင်း မရှိခဲ့သောကြောင့် မြေသားရေကန်များကို အားထားသောက်သုံးနေရသည့် ကျေးရွာများတွင် သောက်သုံး ရေရှားပါးမှုနှင့် ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် သောက်သုံးရေ ရှားပါးလျက်ရှိသော ကျေးရွာများကို မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကံပွင့်မိသားစု ရေလှူဒါန်းရေးအဖွဲ့နှင့် ရေအလှူရှင်များက သောက်သုံးရေ လှူဒါန်းပေး လျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ (ရေစကြို)**

✻ ကျောဖုံးမှ

ဆက်လက်၍ **ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့တင်း၏ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဝန်ထမ်းလိုအပ်ချက် ဖြည့်တင်းပေးနိုင်ရေးနှင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသူကျောင်းသားများအား ပညာရေးကောလိပ် ဝင်ခွင့်ရမှတ်ကို ဖြေလျှော့ပေးပြီး တက်ရောက်သင်ကြားခွင့်ရရှိရေး (အထူးဒေသ)အဖြစ် စဉ်းစားပေး၍ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှစ၍ ပညာရေးကောလိပ် ၂၅ ကျောင်းကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်၍ ဖွင့်လှစ်မည်ဖြစ်သဖြင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသားကျောင်းသူများကို တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့သို့ လျှောက်ထားစေပြီး အဆိုပါရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ပညာရေးဒီဂရီကောလိပ်များသို့ တက်ရောက်ခွင့်ရရှိမည့် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ရာတွင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ သတ်မှတ်ချက်များအတိုင်း ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများကို ပညာရေးကောလိပ်ဝင်ခွင့် ရမှတ်ဖြေလျှော့ပေးပြီး တက်ရောက်သင်ယူခွင့်ရရှိရေး(အထူးဒေသ)အဖြစ် သတ်မှတ်ဆောင်ရွက်ရန် အစီအစဉ် မရှိသော်လည်း ၂၀၁၈ ခုနှစ် ပညာရေးကောလိပ်များ၏ ဝင်ခွင့်ရွေးချယ်မှုမှစတင်၍ သက်ဆိုင်ရာမြို့နယ်အလိုက်သာ ယှဉ်ပြိုင်လျှောက်ထားခြင်းဖြင့် ဆောင်ရွက်ပေးလျက်


ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ


တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးကင်းရှိန်

ရှိပါကြောင်းနှင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်အရ ဝေးလံခေါင်ဖျားဒေသများမှ လျှောက်ထားသော ကျောင်းသား ကျောင်းသူများခွဲတမ်းကို ပညာရေးကောလိပ်အသီးသီးတွင် လက်ခံမည့်ဦးရေ၏ ၅ ရာခိုင်နှုန်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## တက္ကသိုလ်ပဋိညာဉ်စာတမ်းများကို တက္ကသိုလ်အလိုက် ရေးဆွဲအတည်ပြုပြီးပါက ပဋိညာဉ်စာတမ်းအတိုင်း တက္ကသိုလ်ကောင်စီဖွဲ့စည်း၍ တက္ကသိုလ်ဝင်ခွင့်ခေါ်ယူခြင်းများကို ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည်

အလားတူ **မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်၏ တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့်သာ ဆုံးဖြတ်ခြင်းမျိုး မဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ်၏ သတ်မှတ်ချက်များနှင့်အညီ တက္ကသိုလ်ဝင်ခွင့်စနစ် မည်သည့်အချိန်တွင် စတင်နိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေနှင့်အညီ သီးခြားဝင်ခွင့်ခေါ်ယူမည့် တက္ကသိုလ်များသတ်မှတ်၍ သက်ဆိုင်ရာတက္ကသိုလ်များ၏ သတ်မှတ်ချက်များအလိုက် ဝင်ခွင့်ရွေးချယ်ခြင်းကို တိုက်ရိုက်လျှောက်ထားသည့်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ်အတွက် သီးခြားဝင်ခွင့်ခေါ်ယူခဲ့သည့် တက္ကသိုလ် ၁၁ ခု သတ်မှတ်ခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်အတွက် သီးခြားဝင်ခွင့်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရှန်အောရ်

ခေါ်ယူမည့် တက္ကသိုလ် ၁၄ ခုသို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ကာ အဆိုပါတက္ကသိုလ်များသို့ တိုက်ရိုက်လျှောက်ထားခွင့်ပြု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေအရ တက္ကသိုလ်များကို ကိုယ်ပိုင်စီမံခန့်ခွဲသည့် စနစ်အား ကျင့်သုံးဆောင်ရွက်ခွင့်ပြုရေးအတွက် တက္ကသိုလ်ပဋိညာဉ်စာတမ်းများကို တက္ကသိုလ်အလိုက် ရေးဆွဲအတည်ပြုပြီးပါက ပဋိညာဉ်စာတမ်းအတိုင်း တက္ကသိုလ်ကောင်စီဖွဲ့စည်း၍ တက္ကသိုလ်ဝင်ခွင့်ခေါ်ယူခြင်းများကို ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်လိုပါက တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို မဖြစ်မနေ ဝင်ရောက်ဖြေဆိုပြီးမှသာ သက်ဆိုင်ရာတက္ကသိုလ်များသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးကင်းရှိန်၏ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်ရှိ **အိမ်မွေးဇီဝဖိုးငှက်များ မွေးမြူသူများကို နိုင်ငံတော်အစိုးရမှ မည်သည့်လတွင် စာချုပ်ချုပ်ဆိုပြီး မည်သည့်နှစ်တွင် အခွန်ငွေ စတင်ကောက်ယူမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **မကြာခဏပေါက်ကွဲမှုဖြစ်ပေါ်လျက်ရှိပြီး လူအသေအပျောက်ရှိသော မြေအောက်သတ္တုတွင်းလုပ်ကွက်များနှင့် စပ်လျဉ်း၍ သိရှိလိုသည့်** မေးခွန်းတို့နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန **ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ**က ပြန်လည်ရှင်းလင်းဖြေကြားသည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြား

ထို့နောက် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေ**က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့တင်သွင်းပြီး **အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်**က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေ**က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းပြီး **အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်**က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်း

ယင်းနောက် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေ**က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းပြီး **အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်**က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈) မှ ဦးကျော်ထွေး၏ နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ မွေးထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**နှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) မှ ဦးကျော်သောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) မှ ဒေါ်သန်းသန်းအေး၊ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၁) မှ ဦးအေးဗိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)တို့က ဆွေးနွေးကြသည်။

**ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဒေါ်နော်ခရစ္စထွန်း**က အမျိုးသားပညာရေးဥပဒေအခန်း(၃) ၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဋ) တွင် ပညာရေးအဆင့်အတန်းနှင့် ပညာရပ်နယ်ပယ်အသီးသီး၌ အရည်အသွေးအာမခံမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကို ပြဋ္ဌာန်းထားပါကြောင်း၊ ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်သည့် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ) တွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်က အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများသတ်မှတ်၍ မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်းဟုပါရှိသည့်အတွက် ညွှန်ကြားချက်များ အမြန်ဆုံးထုတ်ပြန်၍ ကြပ်မတ်ထိန်းကျောင်းနိုင်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ ဆုံးရှုံးနစ်နာမှုမဖြစ်ပေါ်စေရန် နိုင်ငံ၏ ပညာအဆင့်အတန်းကို ကာကွယ်ထိန်းကျောင်းပြီး အရည်အသွေးအဆင့်အတန်းမြှင့်တင်ပေးနိုင်ရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁) မှ ဦးအေးဗိုလ်**က အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အတူ ပညာရေးအဆင့်အတန်းသတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသည့်စနစ်ကို အကောင်အထည်ဖော်ရေး ပြဋ္ဌာန်းထားပြီး နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေသည့်အချိန်ကာလတွင် ပြည်တွင်းပြည်ပရှိ ပုဂ္ဂလိကကျောင်းများ၊ သင်တန်းကျောင်းများ စသည့်ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများရှိလာခဲ့ရာ အဆိုပါကျောင်းများနှင့် သင်တန်းကျောင်းများ၏ အရည်အသွေးအာမခံနိုင်မှု၊ သက်ဆိုင်ရာနိုင်ငံများ၏ တက္ကသိုလ်အဖွဲ့အစည်းများနှင့် အသိအမှတ်ပြုထားမှုနှင့် အဆိုပါကျောင်း၊ သင်တန်းကျောင်းများနှင့် တက္ကသိုလ်များ အမှန်တကယ် ရှိ/မရှိ၊ ကျောင်းခွဲများ ဟုတ်/မဟုတ်၊ ကျောင်းများတွင် သင်ကြားနေသည့် ဆရာ ဆရာမများ အရည်အသွေးပြည့်မီသည့် အထောက်အထား ရှိ/မရှိ စစ်ဆေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

ထို့ပြင် မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (MAPDRR) ၂၀၁၇ တွင် မသန်စွမ်းသူများကို ပြုစုစောင့်ရှောက်နေသူများနှင့် ၎င်းတို့၏ မိသားစုများ၊ အိမ်နီးချင်းများအပါအဝင် ထိခိုက်ခံရလွယ်မှုအရှိဆုံးသူများကို အဓိကဦးတည်ကာ လူထုအကြား ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် အသိပညာပေးရန်အတွက် လုပ်ငန်းအစီအစဉ်များ ထည့်သွင်းရေးဆွဲထားပါကြောင်း။

## နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတိုင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်မှုကို သေချာစေမည့် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၅ )ကို မူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိ

အလားတူ ASEAN Enabling Master Plan (2015) ကို အခြေခံပြီး Myanmar Sustainable Development Plan နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(UNCRPD)တို့နှင့်လည်း ကိုက်ညီမှုရှိသည့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတိုင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်မှုကို သေချာစေမည့် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၅ )ကို မူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိရာတွင်လည်း မသန်စွမ်းသူများအတွက် သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများ စီမံခန့်ခွဲရေးနှင့် အလွယ်တကူ လက်လှမ်းမီရရှိသုံးစွဲနိုင်ရေးတို့ကို ဦးစားပေးနယ်ပယ်များအဖြစ် ထည့်သွင်းထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့တို့မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ဒါခေါ်ယူခြင်း၊ စိစစ်ထုတ်ပြန်ပေးခြင်းများဆောင်ရွက်ရာတွင် အဘယ်ကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိလိုခြင်း**မေးခွန်း၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **Main Arterial Road-22 လမ်းမကြီးမှ တမူး-စစ်သောင်-ရောင်ဟီးလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် မည်သည့်အချိန်တွင် အပြီးဖောက်လုပ်နိုင်မည်ကိုသိလိုခြင်း**မေးခွန်း၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **မိုင်းရယ်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းပိုင်းများနှင့် တံတားလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရ၊ ဝန်ကြီးဌာနက မည်ကဲ့သို့ အစီအစဉ်များရေးဆွဲ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်း** မေးခွန်းနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ကျောင်းကုန်းမြို့နယ်ရှိ ပိန်းဂရက်လေး-ကျောင်းအိုင်- ပိန်းဂရက်ကြီးလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းပြောကြားသည်။

ထို့ပြင် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်စီမံခန့်ခွဲမှုများကို ထိရောက်သောအစီအမံများဖြင့် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်ပါ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်၊ဓာတ်ပုံ-ထန်းဖုန်**

# ခွေးရူးပြန်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နှီးနွှယ်ဆက်စပ်အဖွဲ့အစည်းများပါဝင်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  ဩဂုတ်  ၈**

ခွေးရူးပြန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နှီးနွှယ်ဆက်စပ်အဖွဲ့အစည်းများ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ခွေးရူးပြန်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နှီးနွှယ်ဆက်စပ်အဖွဲ့အစည်းများပါဝင်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

### ဝိုင်းဝန်းဆောင်ရွက်ကြမှသာ အောင်မြင်မှုရရှိနိုင်

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးပြဿနာ အသွင်သဏ္ဌာန်ဖြစ်နေသော ခွေးရူးပြန်ရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများအားလုံးမှ စနစ်တကျ ပါဝင်ဆောင်ရွက်သော ပြည်သူ့ကျန်းမာရေး မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်နိုင်ရန် ယခု အစည်းအဝေးသည် အလွန်အရေးကြီးပါကြောင်း၊ ခွေးရူးပြန်ရောဂါသည် တိရစ္ဆာန်မှတစ်ဆင့်၊ အဓိကအားဖြင့် ခွေးမှတစ်ဆင့် လူတို့ထံကူးစက်ပြီး ရောဂါဖြစ်ပွားပြီးနောက် ပျောက်ကင်းရန် ကုသမှုပေးနိုင်ခြင်းမရှိသဖြင့် အသက်သေဆုံးရသည်ဖြစ်ပါကြောင်း၊ ထိုသို့ ကြောက်မက်ဖွယ်ကောင်းသော ခွေးရူးပြန်ရောဂါဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းဆောင်ရွက်ကြမှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း။

၂၀၁၇ ခုနှစ်တွင် လစဉ် ခွေးကိုက်ခံရသူ ၁၅၀၀၀ ခန့် ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် လစဉ် ခွေးကိုက်ခံရသူပေါင်း ၁၀၀၀၀ ခန့်အထိ ကျဆင်းလာသော်လည်း ခွေးကိုက်ခံရသည့် အရေအတွက် အလွန်များပြားနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ခွေးကိုက်ခံရသည့်လူနာများအား ကာကွယ်ကုသမှုပေးရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ငွေကျပ် ၁၃ ဒသမ ၇၂ ဘီလီယံခန့်နှင့် ခွေးရူးပြန် ဗိုင်းရပ်စ်ပိုးသတ်သည့် ပဋိပစ္စည်းကို ငွေကျပ် ၁ ဒသမ ၂ ဘီလီယံခန့် ဝယ်ယူရသည့်အတွက် နှစ်မျိုးပေါင်းငွေကျပ် ၁၅ ဘီလီယံခန့်ကို ယခုအစိုးရလက်ထက်တွင် သုံးစွဲထားရပါကြောင်း။

### ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူအရေအတွက် ကျဆင်းလာ

ခွေးကိုက်ခံရသည့်လူနာများကို သီးသန့်ပိုမိုထိရောက်စွာနှင့် ဆေးအလေအလွင့်နည်းပါးစွာဖြင့် ကာကွယ်ကုသမှုပေးနိုင်ရန်အတွက် ခွေးကိုက်ခံရသူလူနာများအား ကုသမှုပေးသည့်ဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ဆောင်ရွက်နေကာ ဆက်လက်၍ အခြားဆေးရုံကြီးများတွင်လည်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကာကွယ်ကုသမှုများ ပေးအပ်နေသဖြင့် မြန်မာနိုင်ငံ၌ ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူအရေအတွက်သည် ၂၀၁၄ ခုနှစ်တွင် ၁၅၂ ဦး ရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၇၁ ဦးအထိ ကျဆင်းလာပါကြောင်း။

ခွေးကိုက်မှုနှင့် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုများပြားသည့် နေရာဒေသ၊ မြို့နယ်များကို ဖော်ထုတ်၍ အဆိုပါနေရာဒေသများတွင် လုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံဒေသအတွင်း ခွေးရူးပြန်ရောဂါဖြစ်ပွားမှု ကင်းစင်ရေးမဟာဗျူဟာတွင် ပါဝင်သည့် လူမှုယဉ်ကျေးမှု မူဘောင်၊ နည်းပညာမူဘောင်၊ အဖွဲ့အစည်းဆောင်ရွက်မှု မူဘောင်နှင့် အုပ်ချုပ်မှုစီမံခန့်ခွဲမှု မူဘောင်၊ အရင်းအမြစ်ဆိုင်ရာ စသည့် မူဘောင်များအတိုင်း ထည့်သွင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

ခွေးရူးပြန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးမှပါဝင်၍ အကျိုးထိရောက်မှုအရှိဆုံးသော လုပ်ငန်းစဉ်များဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၈ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ခွေးကောင်ရေ ၄ သန်းကျော်ရှိနေပြီး အလွန်များပြားပါကြောင်း၊ ခွေးရူးပြန်ရောဂါ၏ မူလအရင်းအမြစ်ဖြစ်သော ခွေးများတွင် ကာကွယ်ဆေးထိုးခြင်း၊ ခွေးကိုက်ခံရသည့် လူနာများကို အချိန်မီကာကွယ်ကုသခြင်းနှင့် ပြည်သူများ၏ အသိပညာဗဟုသုတများ မြှင့်တင်ခြင်းတို့ဖြင့် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ပါကြောင်း။

### အစုလိုက်ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံမည်ဖြစ်

သုတေသနတွေ့ရှိချက်များအရ မည်သည့်နေရာဒေသတွင်မဆို ခွေးကောင်ရေ၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးလွှမ်းခြုံအောင် ထိုးနှံပေးနိုင်ပါက ခွေးရူးပြန် ရောဂါကူးစက်မှုသံသရာကို ဖြတ်တောက်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်၍ တစ်နှစ်လျှင် ပျမ်းမျှခွေးကောင်ရေ ၁၅၀၀၀၀ ခန့်ကို ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါကြောင်း၊ Four Paws International အဖွဲ့နှင့် ပူးပေါင်း၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်တို့တွင် ခွေးများအား အစုလိုက်ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံခြင်းစီမံချက်ကို စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် "ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့" အထိမ်းအမှတ်အခမ်းအနားတွင် စတင်ဖွင့်လှစ်၍ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးပြန်ရောဂါကင်းစင်စေရန်အတွက် ခွေးများအား အစုလိုက် ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံခြင်း၊ ခွေးကိုက်ခံရသည့် လူနာများကို ကာကွယ်ကုသမှုပေးခြင်း၊ အသိအမြင်နှင့် ဗဟုသုတမြှင့်တင်ခြင်းနှင့် ခွေးကောင်ရေထိန်းချုပ်ခြင်းတို့ကို ကဏ္ဍစုံ၊ ဌာနပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခွေးများအား အစုလိုက်ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံခြင်းကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ခွေးကိုက်ခံရသည့် လူနာများကို ကာကွယ်ကုသမှုပေးခြင်းကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ပြည်သူများနှင့် ကျောင်းနေအရွယ်ကလေးများကို အသိပညာ ဗဟုသုတမျှဝေပေးခြင်းကို လည်းကောင်း၊ စည်ပင်သာယာရေးကော်မတီများနှင့် ဆက်စပ်နှီးနွှယ်ဌာနများမှ ခွေးကောင်ရေ ထိန်းချုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း အသီးသီးဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူ တစ်ဦးတစ်ယောက်မျှ မရှိစေရေး ရည်မှန်းချက်အောင်မြင်စေရေးအတွက် ရေရှည်တည်တံ့သော ခွေးရူးပြန်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းပေါင်းစုံနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး အတူတကွ ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ခွေးရူးပြန်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နှီးနွှယ်အဖွဲ့အစည်းအားလုံး တစ်စုတစ်စည်းတည်း ပူးပေါင်းဆောင်ရွက်သော ကျန်းမာရေးမဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ပံ့ပိုးဆောင်ရွက်ပေးနိုင်မှု အခန်းကဏ္ဍနှင့်ပတ်သက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြို့တော်စည်ပင်သာယာရေး ကော်မတီများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ World Organization for Animal Health (OIE)တို့က ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်သည်။

ဆက်လက်၍ လူများတွင် ခွေးရူးပြန်ရောဂါကူးစက်ဖြစ်ပွားမှု ပပျောက်ရေးမဟာဗျူဟာနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဩဂုတ်  ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mr. Nandimithra Ekanayake အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအား ပဋိသန္ဓေတည်သည်မှစ၍ သက်ကြီးရွယ်အိုအထိ (Life Cycle Approach) ဖြင့် ဆောင်ရွက်နေမှု၊ လိုအပ်သော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် Social Work Institute တည်ထောင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ လမ်းပေါ်နေကလေးများ၊ မူးယစ်ဆေးသုံးစွဲသူများနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဆောင်ရွက်နေမှုများနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပဋိပက္ခဆိုင်ရာ စီမံခန့်ခွဲမှု၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် Social Worker Exchange Program ကဲ့သို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း နယ်စပ်ဒေသကျန်းမာရေး ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

**ကျိုင်းတုံ  ဩဂုတ်  ၈**

မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ( MoU)အရ နယ်စပ်ဒေသကျန်းမာရေး ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ကျိုင်းတုံမြို့ အမေးဇင်းဟိုတယ် အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ရှမ်းပြည်နယ်အရှေ့ပိုင်း) ဒေါက်တာမြင့်ကျော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Ching Rai Provincial Health Office မှ Dr. Todsatep Bunthong (Officer)နှင့် Mea Sai ဆေးရုံ၊ Mea Fah Luang တက္ကသိုလ်နှင့် Bureau of AIDS.TB and STIs တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ဆွေးနွေးပွဲကျင်းပခြင်းဖြစ်ပြီး နယ်စပ်ဒေသများတွင် ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ တီဘီ၊ ခုခံအားကျနှင့် ကာလသားရောဂါများ အပါအဝင် ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းနှင့် အပြန်အလှန် လူနာညွှန်းပို့ခြင်းစနစ် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊ ရာသီအလိုက်ဖြစ်ပေါ်တတ်သည့် ကူးစက်ရောဂါများဖြစ်ပွားပါက နှစ်နိုင်ငံကျန်းမားရေးဌာနများအကြား သတင်းပေးပို့မှု ပိုမိုလျင်မြန်တိုးတက်ကောင်းမွန်စေရန်နှင့် အချိန်မီ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကိစ္စများ ဆွေးနွေးကြကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ပညာရေးကောလိပ်များမှ သင်ကြားရေးဆရာ ဆရာမများအတွက် ရာထူးတိုး/ပြောင်းရွှေ့မှုဆိုင်ရာမူဝါဒနှင့် စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးကောလိပ်များမှ သင်ကြားရေး ဆရာ ဆရာမများအတွက် ရာထူးတိုး/ပြောင်းရွှေ့မှုဆိုင်ရာမူဝါဒနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီက နေပြည်တော်ရှိ ရုံးအမှတ် (၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် တာဝန်ရှိသူများ၊ ပညာရေးကောလိပ် ၂၅ ကျောင်းမှ ကျောင်းကိုယ်စားလှယ် ဆရာ ဆရာမ ၅၀ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရာထူးတိုး/ပြောင်းရွှေ့မှုဆိုင်ရာနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ပညာရေးကောလိပ်မှ ပြုစုပျိုးထောင်မွေးထုတ်လိုက်သည့် ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများ၏ စံပြဖြစ်ရန်၊ အများက လေးစားတန်ဖိုးထားသူများဖြစ်ရန်၊ အကျင့်စာရိတ္တကောင်းရန်၊ ပူးပေါင်းဆောင်ရွက်မှုကောင်းရန် အရေးကြီးပါကြောင်း၊ ပညာရေးကောလိပ်မှ ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်သော ဆရာ ဆရာမများသည် မြန်မာနိုင်ငံ၏ ပညာရေးတွင် အရေးကြီးဆုံး၊ အခြေခံကျသော အုတ်မြစ်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကောလိပ်မှ ပညာရေးဒီဂရီကောလိပ်ဖြစ်အောင် ကြိုးစားနေခြင်းကြောင့် ရာထူးတိုးရန် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ပညာရေးကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ ပညာရေးတက္ကသိုလ်များသည် ပညာရေးဝန်ကြီးဌာန၏ ပထမဦးစားပေးဖြစ်ပါကြောင်း၊ ဆရာ ဆရာမတို့အနေဖြင့် မိမိတာဝန်ထမ်းဆောင်နေသည့် ပညာရေးကောလိပ်များ၊ ဒေသနှင့် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးမျှော်မှန်းပြီး၊ ဦးတည်ပြီး ဆွေးနွေးပေးစေလိုပါကြောင်း၊ တန်ဖိုးထားလေးစားရသည့် ဂုဏ်သိက္ခာရှိသော ပညာရေးကောလိပ်များအဖြစ် ဦးတည်နိုင်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပညာရေးကောလိပ်များမှ သင်ကြားရေး ဆရာ ဆရာမများအတွက် ရာထူးတိုး/ပြောင်း ဆောင်ရွက်မည့် တန်းစီဇယားရေးဆွဲရေးမူကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့ အမှတ်(၆)ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ်(၁၄၃/က)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အင်အားပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃၀-၇-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့အင်အားပါတီ၏ အလံပုံစံ**



**ပြည်သူ့အင်အားပါတီ၏တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Jaroslav Dolecek အား ယနေ့ နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနှင့် ဥရောပနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုရှိစေရေးအတွက် ချက်သမ္မတနိုင်ငံမှ ပေါင်းကူးတံတားသဖွယ် ကြိုးပမ်းဆောင်ရွက်ပေးမှုနှင့် အတွေ့အကြုံများ မျှဝေဖလှယ်ပေးမှု၊ ချက်သမ္မတနိုင်ငံကို ဆိုက်ရောက်ဗီဇာ (VOA) ခွင့်ပြုပေးနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ အလုပ်သမားရေးရာနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အတွေ့အကြုံကောင်းများ မျှဝေပေးနိုင်ရေးနှင့် အနွေးထွေးဆုံး ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများ၌ အတွေ့အကြုံမျှဝေပေးနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်အား နိုင်ငံတကာအသိုင်းအဝိုင်းမှ သိရှိနားလည်နိုင်စေရေးအတွက် ရှင်းလင်းချပြပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် သက်ငယ်မုဒိမ်း ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် နိုင်ငံတကာမိသားစုစီမံကိန်းအဖွဲ့(IPPF)တို့ ပူးပေါင်းဆောင်ရွက်သော မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ လက်လှမ်းမီစေရေးဆိုင်ရာ စီမံချက်ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းအခမ်းအနားနှင့် စေတနာ့ဝန်ထမ်းသင်တန်းသို့ တက်ရောက်လာကြသော စီမံချက်ပါ မြို့နယ်များမှ အသင်းဝင်များကို ယမန်နေ့က နေပြည်တော်ရှိ အသင်း(ဗဟို) အစည်းအဝေးခန်းမ၌ သက်ငယ်မုဒိမ်း ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ဆွေးနွေးပွဲသို့ အသင်းဗဟိုဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီမံချက်ပါ မန္တလေးတိုင်းဒေသကြီးမှ မြင်းခြံနှင့် တောင်သာမြို့နယ်၊ ကချင်ပြည်နယ်မှ မြစ်ကြီးနားနှင့် မိုးညှင်းမြို့နယ်၊ ရှမ်းပြည်နယ်မှ ဟိုပုန်းနှင့် ရပ်စောက်မြို့နယ်များမှ တစ်မြို့နယ်လျှင် အသင်းဝင် ၁၀ ဦးစီဖြင့် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ နှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၉၀ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုရဲမှူး ကျော်မျိုးသိန်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းတို့က သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရန် လိုအပ်သည်များနှင့် သတိပြုလိုက်နာရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဩဂုတ် ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေး၊ မိသားစုပေါင်းစည်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Ms.Usanee Kangwanjit တို့က အမှာစကား ပြောကြားကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်သွားမည်**

ဆက်လက်၍ အစည်းအဝေးတွင် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ ဂေဟာများ၌ လက်ခံစောင့်ရှောက်ထားသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ နှစ်နိုင်ငံပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား လူကုန်ကူးခံရသူများ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ပေးရန်အတွက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၂၄)ကြိမ်မြောက်အစည်းအဝေး ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည်**

အဆိုပါ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၂၆ ဦး၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင် ၂၀ တက်ရောက်ဆွေးနွေးခဲ့ကြပြီး (၂၄)ကြိမ်မြောက် အစည်းအဝေးကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ကျေးရွာများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းပေးအပ်

**ဘားအံ ဩဂုတ် ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေ၊ ချောင်းရေများ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး၊ လူမှုရေးဝန်ကြီးနှင့်တာဝန်ရှိသူများသည် ယမန်နေ့က ရေဘေးသင့် ကျေးရွာများဖြစ်သော နတ်ကျွန်းနှင့် ကံခရဲကျေးရွာများသို့ စက်တပ်လှေများဖြင့် သွားရောက်ပြီး စားသောက်ကုန်၊ အဝတ်အထည်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နတ်ကျွန်းကျေးရွာ ဓမ္မဝိဟာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသဝအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ နတ်ကျွန်းကျေးရွာရှိ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် အိမ်ထောင်စု ၂၁၀ လူဦးရေ ၁၂၈၇ ဦးတို့ကို ဆန်၊ ဆီ၊ အဝတ်အထည်နှင့် ဆိုလာ လက်စွဲမီးအိမ်များ၊ ကံခရဲကျေးရွာ အနောက်ကျောင်း၌ အဆိုပါကျေးရွာရှိ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် အိမ်ထောင်စု ၃၄၇စု လူဦးရေ ၂၀၇၇ ဦးတို့အတွက် ဆန်၊ ဆီ၊ အဝတ်အထည်နှင့် ဆိုလာလက်ဆွဲမီးအိမ်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကံခရဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ယာယီစာသင်ဆောင် ရေကြီးနစ်မြုပ်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဘားအံမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် အခြေခံပညာကျောင်းပေါင်း ၂၃ ကျောင်း ခေတ္တပိတ်ထားရပြီး အိမ်ထောင်စု ၁၂၆၄ စု လူဦးရေ ၆၃၇၅ ဦးတို့သည် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ မြဝတီမြို့နယ်တွင် အိမ်ထောင်စု ၃၃၉ စုသည် ရေဘေးကယ်ဆယ်ရေးစခန်း လေးခုသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကော့ကရိတ်မြို့တွင် အိမ်ထောင်စု သုံးစုသည် ဒေါ့ဖျာကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ကျုံဒိုးမြို့တွင် အိမ်ထောင်စုပေါင်း ၉၃ စုသည် ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကြာအင်းဆိပ်ကြီးမြို့တွင် အခြေခံပညာကျောင်း ၁၁ ကျောင်း ခေတ္တပိတ်ထားရပြီး အိမ်ထောင်စုပေါင်း ၁၃၁ စုသည် ဈော်ဘာခြံကုန်း၊ ဘိုတဲဝင်းနှင့် နီးစပ်ရာဆွေမျိုးများအိမ်တို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဘုရားသုံးဆူမြို့တွင်လည်း အခြေခံပညာကျောင်း သုံးကျောင်းကို ယာယီပိတ်ထားရကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# ဗုဒ္ဓသာသနာစွမ်းဆောင်ရည်ဆုရ ဆရာတော်သုံးပါးကို နမ့်လန်ဒေသ၌ ကြိုဆိုပူဇော်

**သီပေါ ဩဂုတ် ၈**

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံအခြေစိုက် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှ အပြည်ပြည်ဆိုင်ရာစာရိတ္တနီတိတက္ကသိုလ်ကချီးမြှင့်ဆက်ကပ်သော "လူထုအကျိုးပြုမဟာလူသားဆန်ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ရရှိတော်မူသော သီပေါနမ့်လန်ဒေသဖွားဆရာတော်သုံးပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်မြို့ မဇ္ဈိမရာမအလယ်ကျောင်း စာသင်တိုက်မ္ဘောရုံ၌ ဩဂုတ် ၅ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်သာသနာရေးမှူး၊ မြို့နယ်ဥပတ္ထမ္ဘကဥက္ကဋ္ဌနှင့် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများက ထိုင်းနှင့်ဂျပန်နိုင်ငံတို့က ဆက်ကပ်လှူဒါန်းခဲ့သောဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ကိုင်ဆောင်လျက် နမ့်လန်မြို့နယ်လမ်းတစ်လျှောက် ကြိုဆိုပူဇော်ပြီး နမ့်လန်အလယ်ကျောင်းတိုက်သို့ ပင့်ဆောင်ကြသည်။

ဆုရရှိခဲ့သည့်ဆရာတော်သုံးပါးမှာ နမ့်လန်မှ ဆရာတော်ဘဒ္ဒန္တဉာဏောဘာသ၊ ပေါ်ကြိုဆရာတော်ဘဒ္ဒန္တဒေဝိန္ဒ၊ မန္တလေးမြို့ ကျောင်းထိုင်ဆရာတော် ဒေါက်တာဘဒ္ဒန္တစဝ်နွံလှိုင်း ဓမ္မသာရတို့ ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း သာသနာပြု၊ သာသနာ့ကောင်းကျိုးဆောင်ရွက်နေကြသည့် ဆရာတော် သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့၏အမည်စာရင်းများကို ဆုရွေးချယ်ရေးအဖွဲ့က ထောက်ခံစိစစ်၍ ဗုဒ္ဓသာသနာစွမ်းဆောင်ရည်ဆုအဖြစ် မဂ္ဂင်ရှစ်ပါးတံဆိပ်၊ ရွှေရောင်ဆင်ရုပ်တုနှင့် ဂုဏ်ပြုဆုလက်မှတ်တို့ကို ထိုင်းဘုရင်အနွယ်တော် မွမ်ကျောက်အူထိုင်းကန်းယားဖာနုဖန်းကလည်းကောင်း၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံအခြေစိုက် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှ အပြည်ပြည်ဆိုင်ရာ စာရိတ္တနီတိတက္ကသိုလ်က လူထုအကျိုးပြု မဟာလူသားဆန်ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များကိုလည်းကောင်း၊ နမ့်လန်ဆရာတော်ဘဒ္ဒန္တဉာဏောဘာသအရှင်သူမြတ်နှင့် ဖော်ပြပါဆရာတော်နှစ်ပါးတို့အား ဆက်ကပ်ချီးမြှင့်ခဲ့သည်။

**စိုင်းသာလှိုင်**

# ကျိုက်မရော၌ မြစ်ရေဆက်လက်တိုးလာ၍ ရေဘေးကယ်ဆယ်ရေးစခန်း ထပ်မံဖွင့်လှစ်

**ကျိုက်မရော ဩဂုတ် ၈**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်၌ ဩဂုတ် ၅ ရက်မှ ၈ရက်အထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်း၊ အတ္တရံမြစ်ရေ ဆက်လက်တိုးလာခြင်းတို့ကြောင့် ရေကြီးနစ်မြုပ်ခံရသည့် အိမ်ထောင်စုများနှင့် ရေဘေးရှောင်သူများပြားလာသဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခုဖွင့်လှစ်ထားရှိပြီး ဒုတိယမြောက် ရေဘေးကယ်ဆယ်ရေးစခန်းကို အလကခွဲ အမှတ် (၃) ကျောင်း၌ ထပ်မံဖွင့်လှစ်ပေးခဲ့သည်။



ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြည်သူများထပ်မံရောက်ရှိလာစဉ်။

အဆိုပါ ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၁၃၄ စုနှင့် လူဦးရေ ၅၃၄ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ၊ နှင့် ရေသန့်ဘူးကြီးများ၊ တစ်ဦးလျှင် ဆန်နှစ်ဘူး နှုန်းနှင့် ငွေကျပ် ၂၁၀၀ တို့ကို ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ယမန်နေ့က လာရောက်လှူဒါန်းခဲ့ကြောင်းနှင့် ကျိုက်မရော လူငယ်ပရဟိတအဖွဲ့များကလည်း ထမင်းဘူးများနှင့် ရေသန့်ဘူးများကို လာရောက် လှူဒါန်းပေးခဲ့ကြောင်း ရေဘေးရှောင်ပြည်သူများထံမှ သိရသည်။ **ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

မှန်တာပြောသစ္စာ

နေမျိုးအေး




# လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်းပေါ်ရှိ တံတားချဉ်းကပ်လမ်းကို ပြုပြင်လျက်ရှိ

**ရှမ်းရွာသစ် ဩဂုတ် ၈**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် တောင်ကျရေတိုက်စားသဖြင့် လှိုင်းဘွဲ့-ရှမ်းရွာသစ်ကားလမ်းပေါ်ရှိ ၂၉ ဒသမ ၂ နှင့် ၂၉ ဒသမ ၄ ကီလိုမီတာအကြား အရှည် ၁၉၅ ပေနှင့် အကျယ်ပေ ၃၀ ရှိ တံတားချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် လမ်းသား ၉ ပေ၊ အကျယ် ပေ ၂၀ ခန့် ပြိုကျခဲ့ရာ ကရင်ပြည်နယ် လမ်းဦးစီးဌာနနှင့် တပ်မတော်သားများပူးပေါင်းကာ ယမန်နေ့ကစ၍ ပြင်ဆင်လျက်ရှိကြောင်း၊ အဆိုပါလမ်းကို ဩဂုတ် ၉ ရက် နံနက်မှစ၍ ယာဉ်များဖြတ်သန်းသွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရှမ်းရွာသစ်မြို့လမ်းဦးစီးဌာနမှ သိရသည်။

**ရှမ်းရွာသစ်(မြန်/ဆက်)**

# မြန်မာ့ရွှေဈေး တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၁၀၀၀၀ ကျော် မြင့်တက်

**ရန်ကုန် ဩဂုတ် ၈**

"မြန်မာ့ရွှေဈေးကတော့ထပ်ပြီးမြင့်တက်သွားပြန်ပြီဗျို့၊ တစ်ကျပ်သားကို ငွေကျပ် ၁၂ သိန်းတစ်သောင်း နှစ်ထောင့်ငါးရာ ဖြစ်သွားပြီ" ဟု ရွှေဘုံသာလမ်းရွှေအရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားသည်။

ဩဂုတ် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး ရုံးခန်းတွင် အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပခဲ့သည်။

ယခုရက်ပိုင်းအတွင်း ရွှေဈေးများအလွန်မြင့်တက်လာခဲ့သည့်အတွက် ဝယ်မည့်သူများသာ များပြားပြီး ပြန်လည်ရောင်းချမည့်သူများ မရှိသလောက်ပင်ဖြစ်ခဲ့ရကြောင်း၊ ပစ္စည်းများပြတ်၍အရောင်းအဝယ်ပိတ်ခဲ့ရသည့် အနေအထားဖြစ်သွားကြောင်း သိရသည်။

မြန်မာ့ရွှေဈေး ယခုကဲ့သို့တစ်ရှိန်ထိုးတက်နေရခြင်းမှာ ကမ္ဘာ့ရွှေဈေးတက်ရခြင်းကြောင့်ဖြစ်ပြီး အချို့က အမေရိကန်၊ တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့်ဟု သုံးသပ်ပြောကြားမှုများရှိနေသည်။

ဩဂုတ် ၇ ရက် နံနက် ဈေးဖွင့်ချိန်တွင် ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၈၆ ဒေါ်လာ ရှိချိန်၌ မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၁၁၈၃၆၀၀ ရှိနေပြီး ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးအပြောင်းအလဲမရှိသော်လည်း မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၁၁၉၈၀၀၀ အထိ ဖြစ်သွားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၈ ရက် နံနက် ကမ္ဘာ့ရွှေဈေးအမေရိကန်ဒေါ်လာ ၁၅၀၁ ဒေါ်လာ ရှိပြီး မြန်မာ့ရွှေဈေးမှာ ကျပ် ၁၂၀၃၆၀၀ ဖြစ်လာခဲ့သည်။ နေ့လယ်၌ ကမ္ဘာ့ရွှေဈေးမပြောင်းလဲလည်း မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၁၂၁၁၅၀၀ အထိ တက်လာခဲ့သည်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က "အခုနေ့လယ်ပိုင်းမှာ မြန်မာ့ရွှေဈေးက ငွေကျပ် ၁၂၁၁၅၀၀ ဖြစ်လာပေမယ့် ကမ္ဘာ့ရွှေဈေးနဲ့တွက်ရင် ငွေကျပ် ၂၀၀၀၀ လောက်အထိကို လျှော့ရောင်းနေကြတာ" ဟုဆိုခဲ့သည်။

ညနေဈေးကွက်ပိတ်ချိန် ကမ္ဘာ့ရွှေဈေးအမေရိကန်ဒေါ်လာ ၁၄၉၈ ဒေါ်လာ ကျဆင်းသွားသော်လည်း မြန်မာ့ရွှေဈေးမှာ ကျပ် ၁၂၁၂၅၀၀ ဈေးအမြင့်ဖြင့် ပိတ်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

**ကိုကြီးတင်**

# ၃၁ နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနေ့အခမ်းအနား ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဩဂုတ် ၈

**၃၁ နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



၃၁ နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အခမ်းအနားကျင်းပစဉ်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ (၈၈) ဒီမိုကရေစီ အရေးတော်ပုံကာလတွင် ပါဝင်ခဲ့ကြသည့် ကျောင်းသားဟောင်းများနှင့် ကျောင်းသားခေါင်းဆောင်များ၊ ရဟန်းရှင်လူပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပြီး ဒီမိုကရေစီ တိုက်ပွဲအဆက်ဆက်တွင် ကျဆုံးသွားခဲ့ကြသော ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူများအားလုံးအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့်ငြိမ်သက်ကြသည်။

ထို့နောက် (၈၈)ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်က အဖွင့်နှုတ်ခွန်းဆက် အမှတ်တရစကားပြောကြားပြီး ဦးမြအေးက အချက်ခြောက်ချက် ပါရှိသည့် ၃၁ နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနေ့ သဘောထားကြေညာချက်ကို ဖတ်ကြားသည်။

ယနေ့အခမ်းအနားတွင် ကိုနိုင်မြန်မာနှင့်အဖွဲ့က "ကမ္ဘာမကျေဘူး" သီချင်းဖြင့် တီးခတ်ဖျော်ဖြေမှုများနှင့်အတူ ရှစ်လေးလုံးအရေးတော်ပုံအတွင်း ထုတ်ဝေခဲ့သည့် သတင်းစာ၊ စာစောင်များတွင်ဖော်ပြခဲ့သည့် ကာတွန်းများကို လည်းကောင်း၊ ရှစ်လေးလုံးအရေးတော်ပုံကာလ သမိုင်းမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ပြခန်းများ ဖွင့်လှစ်ပြသခဲ့သည်။

အလားတူ ယနေ့နံနက် ၈ နာရီ ၈ မိနစ်တွင် မဟာဗန္ဓုလပန်းခြံရှေ့ရှိ ယာဉ်ရပ်နားရာ နေရာတွင် ၃၁ နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံနေ့ အခမ်းအနားအဖြစ် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကာလတွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူများအတွက် ဂုဏ်ပြုခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းနှင့် အမျှပေးဝေခြင်း အခမ်းအနားကို ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူများစုပေါင်းကာ ပြုလုပ်ခဲ့ကြသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

## ဆည်တော်ကြီးရေလှောင်တမံနှင့် ကင်းတားရေလှောင်တမံကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**မတ္တရာ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေလှောင်တမံသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့်အဖွဲ့ ယနေ့နံနက်ပိုင်းက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။


**အသေးစိတ်ညွှန်ကြားဆွေးနွေး**

တမံရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ်က ဆည်တော်ကြီးရေလှောင်တမံ၏ ရေဝင်ရောက်မှုအခြေအနေ၊ မိုးစပါးစိုက်ပျိုးရေပေးဝေနေမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေ၊ အရေးပေါ်အခြေအနေ၊ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်မှု အခြေအနေများကို အသေးစိတ်ညွှန်ကြားဆွေးနွေးခဲ့ပြီး တမံကြံ့ခိုင်မှုနှင့် ရေပိုလွှဲ ရေတံခါးများအား ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ကင်းတားရေလွှဲဆည်သို့ သွားရောက်ပြီး လျှပ်စစ်ရေတင်စနစ်ဖြင့် မိတ္ထီလာလွင်ပြင် စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။ မွန်းလွဲပိုင်းတွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ကင်းတားရေလှောင်တမံသို့ ရောက်ရှိပြီး တမံရေဝင်ရောက်မှုအခြေအနေ၊ မိုးစပါး စိုက်ပျိုးရေပေးဝေနေမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အခြေအနေ၊ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်မှု အခြေအနေများကို အသေးစိတ် ညွှန်ကြားဆွေးနွေးခဲ့ပြီး တမံကြံ့ခိုင်မှုနှင့် ရေအားအဆောက်အအုံများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မွှေး**




## စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ စဥ့်ကူးသစ်တောကြိုးဝိုင်း အကွက်အမှတ် (၃၁)တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲကို အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထက်ရည်လင်းကုမ္ပဏီ၊ မြောက်ကျွန်းသူမမကုမ္ပဏီ၊ အောင်ထွန်းလင်းရှိန်ဝင်းကုမ္ပဏီ၊ ရတနာပြည့်ဖြိုးအောင်ကုမ္ပဏီ၊ ထွန်းရွှေစင်ကုမ္ပဏီအုပ်စုနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝရေမြေတောတောင်များစိမ်းလန်းစိုပြည်ရေး ပြန်းတီးသစ်တောသစ်ပင်များကို အစားထိုးစိုက်ပျိုးရေးအတွက် ရည်ရွယ်ကာ ရေမြေထိန်းသိမ်းရေး ၅၅ ဧက စိုက်ခင်းတွင် ကျွန်းပင်ပေါင်း ၂၉၇၀၀ ကို လူအင်အား ၃၀၀ တို့ဖြင့် စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ ရွှေတူးဖော်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေအနေနဲ့ သစ်တောဦးစီးဌာနမှာ ခွင့်ပြုချက်ယူရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် သစ်ပင်အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အရင်က လုပ်ကွက်တွေအပေါ်မှာပဲ စိုက်ပျိုးရပေမယ့် အခု သစ်တောဌာနရဲ့ ညွှန်ကြားချက်အရ တစ်စုတစ်စည်းတည်း သတ်မှတ်နေရာတွေမှာ ကုမ္ပဏီရဲ့မတည်ရင်းနှီးငွေနဲ့ အစားထိုးစိုက်ပျိုးနိုင်ဖို့ ကြိုတင်စိုက်ပျိုးထားခြင်း ဖြစ်ပါတယ်" ဟု မြောက်ကျွန်းသူမမကုမ္ပဏီဒါရိုက်တာ ဦးမောင်ချစ်က ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေလှောင်တမံ ၁၆ ခု၌ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိ

**နေပြည်တော် ဩဂုတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သော ရေလှောင်တမံများတွင် မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်မှတ်ထက် ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျ စီးထွက်လျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ ၁၆ ခုမှာ လှိုင်းဘွဲ့မြို့၌ ရေဘုတ်ရေလှောင်တမံ၊ ဖလမ်းမြို့၌ လိုင်ဗားရေလှောင်တမံ၊ ကလေးမြို့၌ ရာဇဂြိုလ်ရေလှောင်တမံ၊ အုတ်တွင်းမြို့၌ မင်းရဲရေလှောင်တမံ၊ ဖြူးမြို့၌ ငမြွေရေလှောင်တမံ၊ စေတုတ္တရာမြို့၌ မုန်းချောင်းရေလှောင်တမံ၊ ငဖဲမြို့၌ မန်းချောင်းရေလှောင်တမံ၊ ပွင့်ဖြူမြို့၌ ကြီးအုံကြီးဝရေလှောင်တမံ၊ သထုံမြို့၌ ဝါးပါးရေလှောင်တမံ၊ ကျောက်တော်မြို့၌ ပြိုင်းချောင်းရေလှောင်တမံနှင့် ရှောက်ချောင်းရေလှောင်တမံ၊ မင်းပြားမြို့၌ ဂရင်ဂျိုင်ရေလှောင်တမံနှင့် ကြက်တက်ရေလှောင်တမံ၊ မြေပုံမြို့၌ တမန်းဒူးရေလှောင်တမံ၊ အင်္ဂပူမြို့၌ နန်ကသူရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ ဖြစ်ကြသည်။

**သတင်းစဉ်**



**ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် ဓမ္မစေတီလမ်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဝင်း၊ လူကုန်ကူးတား တပ်ဖွဲ့စု(၆)မှ ဒုရဲအုပ်သက်ထွန်းအောင်နှင့် မူးယစ်တပ်ဖွဲ့စု(၄၁)မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ်လပထမပတ်က မှုခင်းပြခန်းယာဉ်ပြသ၍ အသိပညာပေး ဟောပြောခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့သူဇာမေနှင့် ကျောင်းသားကျောင်းသူများ လာရောက်လေ့လာကြစဉ်။** ၀၀၇

## တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လူဦးရေ ၃၄၀၀၀ကျော် ယာယီရေဘေးရှောင်နေရာများ၌ ပြောင်းရွှေ့ခိုလှုံနေကြရ

**နေပြည်တော် ဩဂုတ် ၈**

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ဩဂုတ် ၈ ရက်အထိ ပဲခူးတိုင်းဒေသကြီးတွင် လူဦးရေ ၁၄၀၀၀ ကျော်၊ ကရင်ပြည်နယ်တွင် လူဦးရေ ၁၁၀၀၀ ကျော်၊ မွန်ပြည်နယ်တွင် လူဦးရေ ၇၅၀၀ ကျော်၊ တနင်္သာရီတိုင်းဒေသကြီးတွင် လူဦးရေ ၂၀၀ ကျော်နှင့် ဧရာဝတီတိုင်း ဒေသကြီးတွင် လူဦးရေ ၇၀၀ ခန့် စုစုပေါင်း လူဦးရေ ၃၄၀၀၀ ကျော်တို့ ယာယီရေဘေးရှောင်နေရာများ၌ ပြောင်းရွှေ့ခိုလှုံနေကြရကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ယနေ့တွင် ဘားအံမြို့ရှိ ရေဘေးရှောင်စခန်းများသို့ ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ မွန်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးမင်းတင်ဝင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေနှင့် တာဝန်ရှိသူများ သွားရောက်ကာ ရေဘေးသင့်ပြည်သူ ၆၃၇၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၃၃ သိန်းကျော်ကို ထောက်ပံ့ခဲ့သည်။

အလားတူ လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘေးသင့်ပြည်သူ ၆၄၇ ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၁၉ သိန်းကျော်ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် လှိုင်းဘွဲ့မြို့နယ်မှ ဌာနဆိုင်ရာများက သွားရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများ အပါအဝင် ငွေကျပ် သိန်းပေါင်း ၂၉၀၈ သိန်းကျော် ထောက်ပံ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့်လည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များအား အလေးထားဂရုပြုလိုက်နာရန်နှင့် အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများသို့ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန(ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ သို့ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော်  ဩဂုတ်  ၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်မြို့နှင့် ကျိုက်မရောမြို့တို့တွင် ၅ ဒသမ ၆၃ လက်မစီ၊ လောင်းလုံးမြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၁၂ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၄ ဒသမ ၁၇ လက်မ၊ ဥက္ကံမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ခရမ်းမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ရေးမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၃ ဒသမ ၁၁ လက်မစီ၊ ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၂ ဒသမ ၉၅ လက်မနှင့် ကျိုက္ခမီမြို့တွင် ၂ ဒသမ ၀၀ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**




## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဝီလီယံကို ခေါ်ယူရန် ဆန္ဒရှိနေသည့် မန်ယူ**

မန်ယူအသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ စပိန်တိုက်စစ်ကစားသမား ဝီလီယံ (၂၅ နှစ်)ကို စာချုပ်လျော်ကြေး ပေါင် ၈၁ သန်းကို ပေးချေပြီး ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**လူးဝစ်ကို အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခွင့်ပြုဖွယ်ရှိ**

ချယ်လ်ဆီးအသင်းမှ ဘရာဇီးခံစစ်ကစားသမား ဒေးဗစ်လူးဝစ် (၃၂နှစ်) ကို အာဆင်နယ်အသင်းသို့ ပေါင် ရှစ်သန်းဖြင့် ပြောင်းရွှေ့ခွင့်ပြုဖွယ်ရှိကြောင်း မေရာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ပေါင်သန်း ၁၀၀ အောက် ကမ်းလှမ်းမှုကို လက်ခံစဉ်းစားဖွယ်မရှိသည့် ပဲလေ့စ်**

ပဲလေ့စ်အသင်းသည် ဇာဟာအတွက် ပေါင်သန်း ၁၀၀ အောက် ကမ်းလှမ်းမှုကို လက်ခံစဉ်းစားဖွယ်မရှိကြောင်း အဲဗာတန်အသင်းသို့ ပြောကြားလိုက်သည်။

**အဲရစ်ဆင်ကို ခေါ်ယူရန် ပြင်ဆင်နေသည့် အေတီမက်**

အက်သလက်တီကို မက်ဒရစ်အသင်းသည် တော့တင်ဟမ်အသင်းမှ ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင် (၂၇နှစ်) ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရှာကွီရီကို ခေါ်ယူရန် ဆန္ဒပြင်းပြနေသည့် မိုနာကို**

မိုနာကိုအသင်းသည် လီဗာပူးအသင်းမှ ဆွစ်ဇာလန်တိုက်စစ်ကစားသမား ရှာကွီရီ (၂၇ နှစ်) ကို ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**နာပိုလီအသင်း ဟိုင်ဗိုင်အတွက် ပေါင် ၂၃ သန်း တောင်းဆိုသွားဖွယ်ရှိ**

နာပိုလီအသင်းသည် တော့တင်ဟမ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော အယ်လ်ဘေးနီးယားခံစစ်ကစားသမား ဟိုင်ဗိုင် (၂၅နှစ်) အတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၃ သန်း တောင်းဆိုသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒင်းနစ်ပီရတ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ**

လက်စတာစီးတီးအသင်းသည် ဆမ်ဒိုးရီးယားအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒင်းနစ်ပီရတ် (၂၅နှစ်) ကို ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**ဒူကော်ရီအတွက် အဲဗာတန်၏ ဒုတိယအကြိမ် ကမ်းလှမ်းမှုကို ဝက်ဖို့ဒ် ပယ်ချ**

ဝက်ဖို့ဒ်အသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမား ဒူကော်ရီအတွက် အဲဗာတန်အသင်း၏ ဒုတိယအကြိမ်မြောက် ကမ်းလှမ်းမှုအဖြစ် ပေါင် ၃၆ ဒသမ ၇ သန်းအား ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

## ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် လူငယ်ပွဲတော်အနုပညာပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ခုရရှိခဲ့သည့် မြန်မာလူငယ်အဖွဲ့ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ

ရန်ကုန်  ဩဂုတ်  ၈

**ရုရှားနိုင်ငံ ဗလာဒီဘော့စတော့မြို့ရှိ အိုကီယာစင်တာ၌ ကျင်းပခဲ့သည် Children of the World 2019လူငယ်ပွဲတော် အနုပညာပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာလူငယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းက ကိုရီးယားလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။**

မြန်မာနိုင်ငံ သဘင်အစည်းအရုံးနှင့် Private Teachers Association တို့ ပူးပေါင်းထားသော မြန်မာလူငယ်အဖွဲ့သည် အိုကီယာစင်တာ၌ ကျင်းပခဲ့သော Live, Creater & Dream ဟု အမည်ပေးထားသော အနုပညာပြိုင်ပွဲတွင် အဆို၊ အက၊ အတီး ကဏ္ဍသုံးခုအနက် အကနှင့်အတီးကဏ္ဍတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါကဏ္ဍများတွင် အမြင့်ဆုံးဖြစ်သည့် ရွှေတံဆိပ်နှစ်ခုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အနုပညာပြိုင်ပွဲကို ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၄ ရက်တွင် ဆုချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာလူငယ်အဖွဲ့အနေဖြင့် မြန်မာ့ရိုးရာ အိုးစည်၊ ဒိုးပတ်၊ နဲ၊ စည်းဝါးတို့သာမက ခေတ်ပေါ်အကများဖြင့်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုကဏ္ဍတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုခဲ့ကြောင်း သိရသည်။ အဆိုကဏ္ဍအတွက် ရွှေတံဆိပ်ကို ရုရှားနိုင်ငံမှ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာလူငယ်အဖွဲ့အတွင်း အကနည်းပြဆရာမ ဒေါ်မြတ်နုသွေး အပါအဝင် ယောက်ျားလေး ၁၂ ဦးနှင့် မိန်းကလေး ရှစ်ဦးပါဝင်ကြောင်း သိရသည်

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## MNL ပွဲစဉ် (၂၀) ရောဝတီနှင့် ရန်ကုန် တွေ့ဆုံမှု အကြိတ်အနယ်ရှိမည်

**ရန်ကုန်  ဩဂုတ်  ၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀)ကို ဩဂုတ် ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံလမ်းကြောင်းပေါ်တွင် ရှိနေသည့် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် တတိယနေရာမှ ရောဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။

ပွဲစဉ်(၂၀)အဖြစ် ဩဂုတ် ၁၀ ရက်တွင် ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် ရတနာပုံအသင်း၊ ဩဂုတ် ၁၁ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် Southern အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရခိုင်အသင်း၊ ဩဂုတ် ၁၂ ရက်တွင် သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၁၉)အပြီး ရန်ကုန်အသင်းက ၃၈ မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းယူနိုက် တက်နှင့် ရောဝတီအသင်းက ၃၇ မှတ်စီ၊ ဟံသာဝတီအသင်းက ၃၂ မှတ်၊ ရခိုင်အသင်းက ရမှတ် ၃၀၊ ရတနာပုံအသင်း က ၂၆ မှတ်၊ စစ်ကိုင်းအသင်းက ၂၄ မှတ်၊ မကွေး အသင်းက ၂၀ မှတ်၊ Southern အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၈ မှတ်၊ ဒဂုံအသင်း က ၁၄ မှတ်၊ Chinland အသင်းက ၁၃ မှတ် ရရှိ ထားသည်။

ပြိုင်ပွဲပြီးဆုံးရန် လက်ကျန်သုံးပွဲအလိုတွင် ချန်ပီယံဆုအတွက် ၃၈ မှတ်ရထားသည့် ရန်ကုန်အသင်း၊ ၃၇ မှတ်စီရထားသည့် ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့ မျှော်လင့်ချက်ရှိနေပြီး ယခုတစ်ပတ်တွေ့ဆုံနေသည့် ရောဝတီနှင့် ရန်ကုန်ပွဲမှာ ချန်ပီယံဆုအတွက် အတိုင်းအတာတစ်ခုထိ အဖြေထုတ်ပေးနိုင်မည် ဖြစ်သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းအနေဖြင့် ချန်ပီယံဆုကာကွယ်နိုင်ရန် ရောဝတီနှင့်ပွဲတွင် မဖြစ်မနေအနိုင်ရရန် လိုအပ်နေပြီး အမှတ်လျော့ခဲ့ပါက ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးနည်းသွားမည်ဖြစ်သည်။

ရောဝတီအသင်းအတွက်လည်း ချန်ပီယံမျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ယခုပွဲမှာ အရေးပါနေပြီး နိုင်ပွဲရယူနိုင်မှသာ ရန်ကုန်အသင်းအပေါ်သို့ ရောက်ရှိမည်ဖြစ်ရာ ပွဲမှာ အကြိတ်အနယ်ရှိမည်ဖြစ်သည်။ ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းအတွက်မူ ရောဝတီ-ရန်ကုန် ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းရယူရမည်ဖြစ်ပြီး အနိုင်ကစားနိုင်ပါက ထိပ်ဆုံးနေရာကို ရယူနိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

တန်းဆင်းဇုန်အတွက်မူ ဒဂုံ၊ Chinland အသင်းတို့အပြင် အဆင့်(၁၀)နေရာတွင် ရပ်တည်နေသည့် ဇွဲကပင်အသင်းတို့၏ ရုန်းကန်မှုများကိုပါ ယခုတစ်ပတ်တွင် စောင့်ကြည့်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

● *ကျောဖုံးမှ*

ကောင်းခန့်ကျော်(၁)က ပြစ်ဒဏ်ဘောကို ခေါင်းတိုက်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း မြန်မာအသင်းကသာ ဆက်လက်ဖိကစားနိုင်သော်လည်း အဆုံးသတ်အားနည်းခဲ့သောကြောင့် ဂိုးထပ်ရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးတွင် လမင်းထွေးက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပိုဖိကစားနိုင်သော်လည်း ဖိလစ်ပိုင်အသင်း၏ ထိုးဖောက်မှုအချို့မှာ မြန်မာအသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၅၅ မိနစ်တွင် မိုးဆွေနှင့် မိနစ် ၇၀ တွင် ဟိန်းထက်အောင်တို့က သွင်းယူခဲ့သည်။ ဖိလစ်ပိုင်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင် ပါလိုဂန်က သွင်းယူခဲ့သည်။

အုပ်စု (က) အခြားပွဲတွင် အင်ဒိုနီးရှားအသင်းက တီမောအသင်းကို လေးဂိုး-ဂိုးမရှိ၊ လာအိုအသင်းက ဘရူနိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီးတွင် အင်ဒိုနီးရှားနှင့် မြန်မာအသင်းက ခြောက်မှတ်စီ၊ တီမောနှင့် လာအိုအသင်းက သုံးမှတ်စီရထားပြီး ဘရူနိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့က နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဩဂုတ် ၁၀ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ | | ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၂၄၆၅၃ | ၁၆၄၀၆ | ၄၄၀၇၂ | ၁၆၇၀၅ | |
| ၂ | မန္တလေးလေဆိပ် | ၄၂၉၀ | ၃၄၄၆ | ၂၉၂၃၀ | ၄၂၂၄ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၄၅ | ၃၂၉ | ၉၃၇ | ၂၉၇ | |
| ၄ | မြိတ်လေဆိပ် | - | - | - | - | |
| ၅ | တာချီလိတ် | ၄၉၁ | ၁၁၁ | ၃၂၇၃ | ၈၈ | |
| ၆ | မြဝတီ | ၈၂၇ | ၂၇၄ | ၁၀၇၉ | ၁၈၂၀ | |
| ၇ | ကော့သောင်း | ၅၉ | ၇၈ | ၄၉ | ၇၀ | |
| ၈ | ထီးခီး | ၂၈ | ၂၈ | ၆ | ၂၃ | |
| ၉ | တမူး | ၃ | ၁ | ၁၈၂ | ၁၈ | |
| ၁၀ | ရိခေါ်ဒါ | - | - | ၆ | - | |
| | စုစုပေါင်း | ၃၀၄၉၆ | ၂၀၆၇၃ | ၇၈၈၃၅ | ၂၃၂၄၅ | |

## အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၂ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၃ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၄ | ဇန်နဝါရီ | ၆၁၁၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| ၅ | ဖေဖော်ဝါရီ | ၅၇၄၅၀ | ၁၈၅၈၁ | ၇၆၀၃၁ | ၁၀၀၁၄၅ | ၂၃၉၄၉ | ၁၂၄၀၉၄ |
| ၆ | မတ် | ၅၁၄၆၁ | ၂၅၆၅၀ | ၇၇၁၁၁ | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ |
| ၇ | ဧပြီ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ |
| ၈ | မေ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ |
| ၉ | ဇွန် | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ | ၆၅၈၇၉ | ၂၁၇၁၄ | ၈၇၅၉၃ |
| ၁၀ | ဇူလိုင် | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ | ၇၈၈၃၅ | ၂၃၂၄၅ | ၁၀၂၀၈၀ |
| | စုစုပေါင်း | ၄၆၃၄၁၂ | ၂၀၈၅၄၂ | ၆၇၁၉၅၄ | ၇၈၅၀၉၃ | ၂၁၈၂၈၆ | ၁၀၀၃၃၇၉ |

# မောင်တောမြို့နယ်၌ တရားမဝင် စီးကရက်တောင့် ၄၅၀ နှင့် နွား ၁၃ ကောင် ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရမိသည့်နွားများကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ယမန်နေ့က တရားမဝင် Marbel တံဆိပ်ပါ စီးကရက်တောင့် ၄၅၀ နှင့် နွား ၁၃ ကောင် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မောင်တောမြို့နယ် နယ်မြေ (၃) မီးတိုက်ကျေးရွာမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ စီးကရက်များ တရားမဝင်ပို့ဆောင်နေကြောင်း သတင်းအရ ဩဂုတ် ၇ ရက် နံနက် ၁၁ နာရီ ခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မီးတိုက်ကျေးရွာအနီး၌ စောဖြူ (ဘ) ဦးနေရောင်လ မီးတိုက်ကျေးရွာနေသူ သယ်ဆောင်လာသည့် Marbel တံဆိပ်ပါ စီးကရက်တောင့် ၄၅၀ (၁ တောင့်လျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၁၈ သိန်း)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နယ်မြေ(၁)နယ်စပ်မှတ်တိုင်(၄၇/၄၈) အကြား၌ တရားမဝင် နွားအရောင်းအဝယ်ပြုလုပ်သူများ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ နယ်စပ်အနီးတွင် မောင်တောမြို့နယ် အောင်သပြေကျေးရွာနေ ဦးထွန်းမောင် (ဘ) ဦးညဏ်အောင်ပါ အမျိုးသားနှစ်ဦးအား နွား ၁၃ ကောင်(အထီး ၁၂၊ အမ ၁)(တန်ဖိုးငွေကျပ် ၅၅ ဒသမ ၃ သိန်း)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား သက်ဆိုင်ရာ ရဲစခန်းများမှ အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၉-၈-၂၀၁၉ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၉း၄၀ - "ဆံရစ်ဝိုင်းတို့ကွန်းခိုရာ ဌာနေ"
- ၁၂း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (မိုးကြိုးအန္တရာယ် အသိပညာပေးအစီအစဉ်)(၁)
- ၁၄း၂၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုခြင်းအား ကျူးလွန်ရန် တွန်းအားပေးသည့်အချက်များ
- ၁၄း၂၅ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ကြည်စိုးထွန်း၊ စန္ဒရားခင်နုနု)

**ညပိုင်း**

- ၁၆း၂၀ - မြို့တော်များရဲ့မြို့ပြ
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "တီဘီရောဂါအကြောင်း သိကောင်းစရာ"
- ၁၇း၅၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်
- ၁၈း၂၀ - BBC Click
- ၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပုရိသ + နိုင်ငံကြီးသား"
- ၁၈း၅၅ - အန္တရာယ်ကြီးမား မူးယစ်ဆေးဝါး
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း-၉)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ငလျင်ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင် ကာကွယ်ကြပါစို့ (ကျောင်းစာသင်ခန်း)
- ၂၀း၃၅ - "လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း"(ပထမပိုင်း)
- "SMM 3rd Asian "Asia World Foundation'' Men's U23 Volleyball Championship ပြိုင်ပွဲ အစီအစဉ်"
- "ရေဆန်စီးတဲ့မြစ်"

# ရသေ့တောင်မြို့နယ်အတွင်း AA အမာခံ ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦး၏ နေအိမ်မှ မူးယစ်ဆေးဝါးများနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် တံခွန်တိုင်ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံသာကျော်(ဘ)ဦးစောထွန်းသာ၏ နေအိမ်ကို သတင်းအရ လျှပ်တစ်ပြက် ဝင်ရောက်ရှာဖွေရာWY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂ သန်း ၅ သိန်းခန့် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဘီလီယံခန့်)၊ ကြိုးဆွဲလက်ပစ်ဗုံး ၃၆ လုံး၊ အိုင်ကွန် ၅၂ လုံး၊ မိုင်းပြုလုပ်ရန် အသုံးပြုသည့် ကွန်ကြူပိုက် ၂၃ ချောင်း၊ ဘောစေ့များ ရောနှောထားသော ယမ်းထုပ် တစ်ပိဿာခန့် နှစ်ထုပ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဦးစံသာကျော်နှင့် မိသားစုငါးဦးတို့မှာ ဩဂုတ် ၃ ရက် တပ်မတော်စစ်ကြောင်းများက ရသေ့တောင်မြို့နယ်အတွင်းရှိ ခြေရာတော်ဘုရား ပရိဝုဏ်နေရာတစ်ဝိုက် AA အဖွဲ့၏ လေ့ကျင့်ရေးစခန်းကို သိမ်းပိုက်သည့်အချိန်နှင့် တစ်ပြိုင်တည်းနီးပါး နေရာဖော်ထုတ်ဆဲသို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရပြီး သက်ဆိုင်ရာက ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာသည် AA အဖွဲ့ဝင်များ အရပ်ဝတ်များဖြင့် မကြာခဏခိုလှုံနေကြောင်း သတင်းရရှိသည့်နေရာဖြစ်သည့်အပြင် ၎င်းကျေးရွာ အုပ်ချုပ်ရေးမှူးမှာလည်း AA အဖွဲ့၏ မြေပေါ်အမာခံတစ်ဦးဖြစ်ပြီး တပ်မတော်စစ်ကြောင်းများအား အကြိမ်ကြိမ် မိုင်းဆွဲတိုက်ခိုက်နေသူ တစ်ဦးဖြစ်ကြောင်း စုံစမ်းဖော်ထုတ်ရရှိသည်။

၎င်းကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိမ်းဆည်းရမိသည့် ငွေကျပ် ၅ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါး ၂ ဒသမ ၅ သန်းခန့်မှာလည်း AA အဖွဲ့၏ လက်နက်/ခဲယမ်းနှင့် ရိက္ခာများဝယ်ယူရေးအတွက် ငွေကြေးရှာဖွေရန် AA အဖွဲ့က ပေးပို့ထားခြင်းဖြစ်ကြောင်းနှင့် အခြားသိမ်းဆည်းရမိသည့် ကြိုးဆွဲ လက်ပစ်ဗုံး ၃၆ လုံး၊ အိုင်ကွန် ၅၂ လုံး(အသစ်)တို့မှာလည်း AA အဖွဲ့အတွက် လိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရေး ထိန်းသိမ်းထားရှိသည့် ပစ္စည်းများဖြစ်ကြောင်း ဖော်ထုတ်ရရှိသည်။

တပ်မတော်စစ်ကြောင်းများက လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိုဝှက်ထားနိုင်မည့်နေရာများအား ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဟုမ္မလင်း၊ ကျိုင်းတုံ၊ ဟိုပုံးနှင့် ပင်းတယမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၈**

မူးယစ်တပ်ဖွဲ့စု (၉) ဟုမ္မလင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် မွန်းလွဲ ၃ နာရီတွင် ဟုမ္မလင်းမြို့နယ် ချောင်းဆုံကျေးရွာနှင့် တုံမလောကျေးရွာကြားကားလမ်းတွင် စစ်ဆေးရေးပြုလုပ်နေစဉ် စစ်ဆေးရေးအဖွဲ့ကို တွေ့သဖြင့် ဆိုင်ကယ်ကိုထားခဲ့ပြီး လူတစ်ဦးထွက်ပြေးသွားသည်ကို တွေ့ရှိ၍ ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၇၄၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ည ၇ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီး ကားလမ်းတွင် အောင်မျိုးထွန်း မောင်းနှင်လာသည့် ပရိုဘောက်အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်လော့ ကျေးရွာအနီးတွင် ဆိုင်ကယ်နှင့်အတူ တွေ့ရှိသူ လော်ရှယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၇ နာရီခန့်က ပင်းတယမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်းတယ မြို့နယ် ပွေးလှကျေးရွာအုပ်စု ကန်ဒေါ့ ကျေးရွာ ရေမဲအိမ်ရေတွင်းသွား လမ်းဘေး ရှိ ချုံအတွင်းမှ ဆိုင်ကယ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးရာ ဘိန်းစိမ်း ၁၇ ဒသမ ၄ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မိုင်းဖြတ်၌ အမျိုးသမီးငယ်တစ်ဦးအား လူကုန်ကူးမှုကျူးလွန်သူလေးဦးအား အရေးယူ

**မိုင်းဖြတ် ဩဂုတ် ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလက ဝမ်လုံးကျေးရွာအုပ်စု မာကာကျေးရွာနေ အသက် ၁၅ နှစ်ခန့်ရှိ အမျိုးသမီးငယ်တစ်ဦး လူကုန်ကူးခံရမှုနှင့် ပတ်သက်၍ ယမန်နေ့က ဖခင်ဖြစ်သူက မိုင်းဖြတ်မြို့မရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူလေးဦးကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလက ဝမ်လုံးကျေးရွာအုပ်စု မာကာကျေးရွာနေ အသက်(၁၅)နှစ်အရွယ် အမျိုးသမီးငယ်အား တစ်ရွာတည်းနေသူ ဒေါ်နန်းလီး (၃၅ နှစ်) နှင့် ဈေးတန်းရပ်ကွက်နေ ဒေါ်နန်းရှုန်ရွက် (၄၉ နှစ်) တို့နှစ်ဦးက ထိုင်းဘတ်ငွေ ၇၀၀၀၀ ရမည်၊ အိမ်အသစ် ဆောက်ပေးမည်ဟု စည်းရုံးပြောဆို၍ ဒေါ်နန်းရှုန်ရွက်နှင့်အတူ တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်နေသူ ဒေါ်နန်းချယ်ရီ(ခ) ပါနန်းနေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ယင်းနောက် အမျိုးသမီးငယ်ကို ခေါ်ဆောင်၍ တာချီလိတ်မြို့မှ မန္တလေးမြို့သို့ လေယာဉ်ဖြင့် သွားရောက်ခဲ့ကာ မန္တလေးလေဆိပ်တွင် တရုတ်အမျိုးသား Mr. He Erlei (၂၉ နှစ်)က လာရောက်ကြိုဆိုခဲ့ကြောင်း၊ မန္တလေးလေဆိပ်မှတစ်ဆင့် ရန်ကုန်သို့ သွားရောက်ပြီး ခေတ္တနားနေစဉ် အမျိုးသမီးငယ်အား ဒေါ်နန်းရှုန်ရွက်နှင့် ဒေါ်နန်းချယ်ရီတို့က တရုတ်အမျိုးသားနှင့်လက်ထပ်ရမည်ဖြစ်ကြောင်း ပြောဆိုရာ သဘောမတူသဖြင့် မ-----၏ မှတ်ပုံတင်ကို သိမ်းဆည်းခဲ့ကာ တရုတ်အမျိုးသားထံ အပ်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးငယ်နှင့် တရုတ် အမျိုးသားတို့ ဟိုတယ်တွင် သုံးရက်ခန့် အတူနေထိုင်ခဲ့ပြီး ရန်ကုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လိုက်ပါသွားခဲ့ရကြောင်း၊ အမျိုးသမီးငယ်မှာ တရုတ်နိုင်ငံတွင် တရုတ်အမျိုးသားနှင့် ခုနစ်လခန့်ပေါင်းသင်းနေထိုင်ခဲ့ပြီး လွန်ခဲ့သော ၁၀ ရက်ခန့်က အမျိုးသမီးငယ်က မိဘများထံ သွားရောက်ကန်တော့လိုကြောင်း ပြောဆို၍ တရုတ်နိုင်ငံမှ မန္တလေး- တာချီလိတ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ဖခင်ဖြစ်သူ ဦးလုံးခမ်းက အရေးယူပေးပါရန် မိုင်းဖြတ်မြို့မရဲစခန်းသို့ ဩဂုတ် ၇ ရက်က လာရောက်တိုင်တန်းခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ် (၁) တာချီလိတ်က ဒေါ်နန်းလီး၊ ဒေါ်နန်းရှုန်ရွက်၊ ဒေါ်နန်းချယ်ရီ၊ တရုတ်နိုင်ငံသားဖြစ်သူတို့လေးဦးအား မိုင်းဖြတ်မြို့မရဲစခန်းတွင် အမှုဖွင့်၍ ထိန်းသိမ်းထားပြီး ဒေါ်နန်းချယ်ရီမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

Don't Use Cell Phone While Driving

အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့

# ဂွမြို့၌ အထောက်အထားမဲ့ဝင်ရောက်လာသူလေးဦးနှင့် ပို့ဆောင်ပေးသူလေးဦး ထပ်မံဖမ်းဆီးရမိ

**ဂွ ဩဂုတ် ၈**

ရခိုင်ပြည်နယ် ဂွမြို့တွင် စစ်တွေမြို့နယ် ဖွေရှာကုန်း၊ ဘောဒူဘနှင့်အုန်းတောကြီး ဒုက္ခသည်စခန်း နေထိုင်သူများဖြစ်သည့် အထောက်အထားမဲ့ ဝင်ရောက်လာသူလေးဦးနှင့် အခကြေးငွေယူ၍ ပို့ဆောင်ပေးသူလေးဦးကို ဗေဒါပူးပေါင်းစစ်ဆေးရေးဂိတ်မှ ယမန်နေ့ နံနက် ၇ နာရီက ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဌေး၊ ဒုရဲမှူး မျိုးခိုင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဗေဒါပူးပေါင်းစစ်ဆေးရေးဂိတ်မှ တာဝန်ရှိသူများသည် သံတွဲဘက်မှ ငါးသိုင်းချောင်းဘက်သို့ ဟူဆောန်ဂျူဟာရ် (၂၀ နှစ်)၊ ဒီဖူရစ် (၁၅ နှစ်)၊ ကုန်ဆူမာ (၁၃ နှစ်)၊ ရှော်ဟိရာဘေဂွင် (၁၄ နှစ်) တို့ လေးဦးအား သံတွဲမြို့နေသူများဖြစ်သည့် ရဝေအောင် (၂၃ နှစ်)၊ ဖြိုးဝေမောင် (၂၆ နှစ်)၊ ဂွမြို့နယ် ရေသိုးရွာနေသူများဖြစ်သည့် ဆန်းဦး (၃၃ နှစ်)၊ ချိုတူး (၃၆ နှစ်) တို့ လေးဦးနှင့်အတူ ဂွ-ငါးသိုင်းချောင်းကားလမ်း မိုင်တိုင်အမှတ် (၂၃) တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အထောက်အထားမဲ့ ဝင်ရောက်လာသူများကို သံတွဲမြို့နယ် ဂျီတွော ရပ်ကွက်နေ ဝေလင်းဆိုသူက ငါးသိုင်းချောင်းမြို့ သီတာကုန်းမြေသို့ တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းငါးသောင်းနှုန်းဖြင့် ပို့ဆောင်စေခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခ အရှိန်မြင့်တက်လာ

**ပေကျင်း ဩဂုတ် ၈**

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ဖြစ်ပွားလျက်ရှိသည့် ကုန်သွယ်ရေးပဋိပက္ခသည် အရှိန်မြင့်လျက်ရှိပြီး ယခုသီတင်းပတ်၌ ငွေကြေးဈေးကွက်ကိုပါ ကူးစက်သက်ရောက်လာခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးပဋိပက္ခ ကြီးထွားလာမှုသည် ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံနှစ်ခုအကြား ဆက်ဆံရေးပျက်ယွင်းစေသည့် အပြန်အလှန်လက်တုံ့ပြန်မှုများကို ပိုမိုဆိုးရွားလာစေနိုင်ကြောင်း ရင်းနှီးမြှုပ်နှံသူများက ပြောကြားခဲ့သည်။ ကုန်သွယ်ရေးဆိုင်ရာ ပွတ်တိုက်မှုအကျိုးဆက်အနေဖြင့် အခြားနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများပါ ထိခိုက်နစ်နာမှုများ ရှိလာနိုင်သည်ဟု ဆိုသည်။

အမေရိကန်မှ စိုက်ပျိုးရေးထွက်ကုန်များကို ဝယ်ယူမည်ဆိုသော ကတိကဝတ်ကို တရုတ်နိုင်ငံက ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိဟုဆိုကာ သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်နိုင်ငံမှ သွင်းကုန်အားလုံးနီးပါးကို စက်တင်ဘာ ၁ ရက်မှစတင်ကာ အခွန်ကောက်ခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ဒေါ်လာဖြင့် လဲလှယ်သည့် တရုတ်ယွမ်ငွေတန်ဖိုးသည် ၁၁ နှစ်အတွင်း အနည်းဆုံးပမာဏအထိ လျော့ကျသွားခဲ့ပြီး အမေရိကန်ဘဏ္ဍာရေးဌာနက တရုတ်နိုင်ငံကို ငွေကြေးဈေးကွက်ကို ကြိုးကိုင်သူအဖြစ် တံဆိပ်တပ်ကာ တုံ့ပြန်ခဲ့သည်။

တရုတ်ဗဟိုဘဏ်က ယွမ်ငွေတန်ဖိုးလျှော့ချရန် လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်းနှင့် တရုတ်နိုင်ငံအပေါ် အမေရိကန်၏ လုပ်ဆောင်ချက်များက ငွေကြေးဈေးကွက်နှင့် ကမ္ဘာ့စီးပွားရေးကို အနှောင့်အယှက်ပေးနေကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်



တရုတ် သမ္မတ ရှီကျင့်ဖျင်

# ကက်ရှ်မီးယားဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရုပ်သိမ်းလိုက်မှုနှင့် ပတ်သက်၍ ပါကစ္စတန်က အိန္ဒိယနှင့် ဆက်ဆံမှုကို လျှော့ချ

**ဆရီနာဂါ ဩဂုတ် ၈**

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အိန္ဒိယနိုင်ငံက ရုပ်သိမ်းရန်လုပ်ဆောင်ခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံက အိန္ဒိယနှင့် ဆက်ဆံရေးကို လျှော့ချမည့်အစီအစဉ်များကို ကြေညာလိုက်ကြောင်း သိရသည်။

ဩဂုတ် ၆ ရက်က အိန္ဒိယအစိုးရသည် အစ္စလာမ်ဘာသာဝင်အများစု နေထိုင်ရာ ကက်ရှ်မီးယားဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရုပ်သိမ်းခဲ့သည်။ ကက်ရှ်မီးယားဒေသ၌ ၁၉၄၉ ခုနှစ်မှ စတင်ကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရုပ်သိမ်းခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယနိုင်ငံတွင် စေလွှတ်ထားသည့် ပါကစ္စတန်သံအမတ်ကြီးကို ပြန်ခေါ်ယူမည်ဖြစ်ပြီး အိန္ဒိယနှင့် ကုန်သွယ်ရေးအရ ဆက်ဆံမှုကို ရပ်နားထားတော့မည်ဖြစ်ကာ ယင်းကိစ္စကို ကုလသမဂ္ဂသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယတပ်မတော်က နယ်စပ်ဖြတ်ကျော်သည့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ချိန် ပါကစ္စတန်တပ်ဖွဲ့က အိန္ဒိယတိုက်ခိုက်ရေးဂျက်လေယာဉ်များကို ပစ်ချခဲ့ပြီးနောက် ဖေဖော်ဝါရီလတွင် ကက်ရှ်မီးယားဒေသ၌ တင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့သည်။ ကက်ရှ်မီးယားဒေသ၌ နောက်ဆုံးဖြစ်ပွားခဲ့သည့် အခြေအနေများကြောင့် စစ်ရေးအရ တင်းမာမှုများ ဖြစ်ပေါ်လာမည့်အရေးကို စိုးရိမ်ရလျက်ရှိသည်။

**အေအက်ဖ်ပီ**




အိန္ဒိယကို ဆန့်ကျင်သည့်အနေဖြင့် ဆန္ဒပြနေကြသည့် ပါကစ္စတန်ကုန်သည်များ။

# တိုင်ဖွန်းမုန်တိုင်း လက်ကီမာ တရုတ်နိုင်ငံအနီးသို့ ချဉ်းကပ်လာသည့်အတွက် သတိပေးနှိုးဆော်

**ပေကျင်း ဩဂုတ် ၈**

တိုင်ဖွန်းမုန်တိုင်း လက်ကီမာသည် တရုတ်နိုင်ငံအနီးသို့ ရောက်ရှိလာနေသည့်အတွက် ဩဂုတ် ၈ ရက်တွင် အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ယခုနှစ်အတွင်း ကိုးခုမြောက်မုန်တိုင်းဖြစ်သည့် လက်ကီမာမုန်တိုင်း ဖြစ်ပေါ်မှုကြောင့် တရုတ်နိုင်ငံအရှေ့ဘက် ဇီကျန်းပြည်နယ်ရှိ ကမ်းခြေဒေသများတွင် လာမည့် ဩဂုတ် ၁၀ ရက်၌ မိုးသက်မုန်တိုင်းများ ကျရောက်နိုင်ပြီး မိုးအများအပြား ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

မုန်တိုင်းလက်ကီမာသည် ဩဂုတ် ၇ ရက် ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အင်အားကောင်းလာခဲ့ပြီး ဇီကျန်းပြည်နယ်သို့ ရောက်ရှိချိန်တွင် မုန်တိုင်းအားပျော့သွားနိုင်မည်ဟု ခန့်မှန်းထားကြောင်း အမျိုးသားမိုးလေဝသဌာနက ပြောကြားခဲ့သည်။

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်မှုကြောင့် ထိုင်ဝမ်၊ ရှန်ဟိုင်းတို့အပြင် ဇီကျန်း၊ ကျန်းစူးနှင့် ရှန်တုံပြည်နယ်များတွင် လေပြင်းများတိုက်ခတ်နိုင်ပြီး မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း သိရသည်။ တရုတ်နိုင်ငံ၌ ရာသီဥတုသတိပေးချက်အဆင့်ကို အရောင်လေးမျိုးဖြင့် သတ်မှတ်ဖော်ပြပြီး အနီရောင်ဖော်ပြချက်သည် အဆိုးရွားဆုံးအခြေအနေအဖြစ် သတိပေးခြင်းဖြစ်သည်။

ဒေသရေဘေးအန္တရာယ်ထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှု သက်သာလျော့ပါးစေရေးရုံးက ဒေသဆိုင်ရာ အာဏာပိုင်များအနေဖြင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်နှင့် တိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသက်မုန်တိုင်းမကျရောက်မီ ကြိုတင်ပြင်ဆင်ထားကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဟောင်ကောင်သို့သွားရောက်မည့် အမေရိကန်နိုင်ငံသားများကို ခရီးသွားလာမှု သတိပေးချက်တိုးမြှင့်

**ဝါရှင်တန် ဩဂုတ် ၈**

ဟောင်ကောင်ရှိ ဆန္ဒပြပြည်သူများက ဟောင်ကောင်လေဆိပ်၌ သုံးရက်ကြာ ဆန္ဒပြမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာထားသည်ဖြစ်ရာ ဟောင်ကောင်သို့ ခရီးသွားကြမည့် အမေရိကန်နိုင်ငံသားများအား ခရီးသွားလာရာတွင် သတိပြုကြရန် အမေရိကန်က ဩဂုတ် ၈ ရက်တွင် သတိပေးခဲ့သည်။

ဘဏ္ဍာရေးမြို့တော်ဖြစ်သည့် ဟောင်ကောင်၌ ပဋိပက္ခများ ဖြစ်ပွားနေသည်မှာ နှစ်လကြာမြင့်ခဲ့ပြီဖြစ်သည်။ ဟောင်ကောင်မှ တရားခံများကို တရုတ်ပြည်မကြီးသို့ လွှဲပြောင်းပေးရန် ခွင့်ပြုရန် လုပ်ဆောင်ခဲ့သည့် ဥပဒေကို ဆန့်ကျင်သည့် အတိုက်အခံများက ဆန္ဒပြရာမှ ပဋိပက္ခများ စတင်လာခဲ့ခြင်းဖြစ်သည်။

ဆန္ဒဖော်ထုတ်မှုများသည် ဒီမိုကရေစီအရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ လှုပ်ရှားမှုအဖြစ် ပိုမိုကျယ်ပြန့်လာခဲ့ပြီး ယင်းလှုပ်ရှားမှုကြောင့် ဟောင်ကောင်၌ ဆန္ဒပြပြည်သူများအတွင်း ထိန်းမနိုင်သိမ်းမရအခြေအနေများ ဖြစ်ပေါ်စေခဲ့သည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင်နိုင်ငံ၌ အမေရိကန်ဒုံးကျည်များချထားခြင်းကို လုံးဝလက်ခံမည်မဟုတ်ကြောင်း ဒူတာတေးပြော

**မနီလာ ဩဂုတ် ၈**

အမေရိကန်မှ ဒုံးကျည်များအား အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်၌ ချထားခြင်းကို ဘယ်သောအခါမှ ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ပြောကြားလိုက်သည်။

အမေရိကန်နှင့် ဖိလစ်ပိုင်တို့အကြား နှစ်ဦးနှစ်ဖက် အပြန်အလှန်ကာကွယ်ရေးစာချုပ် ချုပ်ဆိုထားသော်လည်း ဖိလစ်ပိုင်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိပါးချိုးဖောက်ရာရောက်သည့် နျူကလီးယားလက်နက်များအပါအဝင် ပြည်ပစစ်လက်နက်များအား ဖိလစ်ပိုင်မြေပေါ်ချထားခြင်းကို လက်မခံကြောင်း သမ္မတ ဒူတာတေးက ယခုရက်ပိုင်းအတွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်၏ နျူကလီးယားလက်နက်များအတွက် နေရာမပေးနိုင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ ထို့အပြင် ဖိလစ်ပိုင်သည် မည်သည့်နိုင်ငံမှ တပ်ဖွဲ့များကိုမျှ နိုင်ငံအတွင်း ချထားခွင့်မပြုကြောင်း ၎င်းက ပြောသည်။ အမေရိကန်ပြည်ထောင်စုသည် ယခင်ခေါင်းဆောင်များလက်ထက်က ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့သည့် တာလတ်ပစ်နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်မှ ဩဂုတ် ၂ ရက်တွင် နုတ်ထွက်လိုက်ပြီဖြစ်သည်။

ထိုသို့နုတ်ထွက်လိုက်ပြီးနောက် အမေရိကန်သည် ၎င်း၏ တာလတ်ပစ်ဒုံးကျည်များကို အာရှပစိဖိတ်ဒေသတွင် ဖြန့်ကြက်ရန် ကြိုးပမ်းနေကြောင်း ဆစ်ဒနီမြို့တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက မီဒီယာများသို့ ပြောကြားခဲ့မှုအရ သိရသည်။

**ဆင်ဟွာ**




ဖိလစ်ပိုင်သမ္မတ ဒူတာတေး။

## နိုင်ငံတကာ သတင်းတိုထွာ

### တောင်ကိုရီးယားနှင့် အမေရိကန် ကာကွယ်ရေးဆိုင်ရာ ကုန်ကျစရိတ်ကိစ္စဆွေးနွေး

**ဆိုးလ် ဩဂုတ် ၈**

တောင်ကိုရီးယားနိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ ချထားရသည့် ဝန်ထုပ်ဝန်ပိုးအတွက် ကုန်ကျစရိတ်ပိုမိုပေးအပ်ရန် ညှိနှိုင်းသည့်ဆွေးနွေးပွဲများကို ပြုလုပ်လျက်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

တွစ်တာပေါ်၌ ဩဂုတ် ၈ ရက်က ဖော်ပြခဲ့မှုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တောင်ကိုရီးယားနိုင်ငံသည် အလွန်ကြွယ်ဝချမ်းသာသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုအခါ အမေရိကန်က ပေးအပ်နေသည့် ကာကွယ်ရေးဆိုင်ရာ အကူအညီ၌ ပါဝင်ဆောင်ရွက်သင့်ပြီဟု ယူဆကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် သမ္မတထရမ့်သည် တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင်များ ချထားမှုအတွက် အမေရိကန်၏ ကုန်ကျစရိတ်နှင့်ပတ်သက်၍ လွန်စွာသဘောမကျဖြစ်မိကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင် ၃၂၀၀၀ ကျော်ကို တောင်ကိုရီးယား၌ ချထားလျက်ရှိပြီး အမေရိကန်သည် တောင်ကိုရီးယားနိုင်ငံကို နှစ်ပေါင်း ၈၀ ကျော် အထောက်အကူပြုခဲ့သော်လည်း အမေရိကန်အတွက် ပြောပလောက်အောင် အကျိုးကျေးဇူးမရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ နှစ်နိုင်ငံအကြား သဘောတူညီခဲ့မှုသည် တရားမျှတမှုမရှိကြောင်း အိမ်ဖြူတော်၌ သမ္မတထရမ့်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

တောင်ကိုရီးယား နိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များအား ချထားမှုအတွက် ပေးအပ်နေသည့် ကုန်ကျစရိတ်၏ ၈ ရာခိုင်နှုန်းကျော် တိုးပေးရန် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက တောင်ကိုရီးယားနှင့် အမေရိကန် သဘောတူညီမှု ရရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### အတိုက်အခံအဖွဲ့နှင့် ပြုလုပ်မည့် နောက်တစ်ကျော့ ဆွေးနွေးပွဲသို့ မတက်ရောက်ရန် ဗင်နီဇွဲလားအစိုးရဆုံးဖြတ်

**ကရာကတ် ဩဂုတ် ၈**

အမေရိကန်အစိုးရက ဗင်နီဇွဲလားနိုင်ငံအပေါ် ထပ်မံအရေးယူပိတ်ဆို့လိုက်ကြောင်း ကြေညာခဲ့သည့်အတွက် ဗင်နီဇွဲလားအစိုးရအနေဖြင့် ဘာဘေးဒိုးစ်၌ အတိုက်အခံများနှင့် ပြုလုပ်မည့် နောက်တစ်ကျော့ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်တော့မည်မဟုတ်ကြောင်း ဗင်နီဇွဲလားအစိုးရက ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ဗင်နီဇွဲလားနိုင်ငံအပေါ် ညှာတာထောက်ထားမှု ကင်းမဲ့စွာဖြင့် ပြင်းထန်သည့် အရေးယူပိတ်ဆို့မှုများကို ဆက်တိုက်လုပ်ဆောင်နေသည့်အတွက် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက အတိုက်အခံနှင့် ပြုလုပ်မည့်ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ခြင်းမပြုရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးမှုတွင်ပါဝင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့အကြီးအကဲ ဂျော့ရိုဒရီဂွက်ဇ်က ဩဂုတ် ၈ ရက်တွင် ပြောကြားလိုက်သည်။ **ဆင်ဟွာ**

# အစားအသောက်ရှားပါးမှုဒဏ်ကို ရင်ဆိုင်နေရပြီဖြစ်တဲ့ ဇင်ဘာဘွေ

**ချိုးစန္ဒီနွေး**

**ဇင်ဘာဘွေနိုင်ငံရဲ့စီးပွားရေးအခြေအနေဟာ လျင်လျင်မြန်မြန်ပဲ ကျဆင်းနေတဲ့အချိန် ငွေကြေးဖောင်းပွမှုနှုန်းဟာလည်း ၅၀၀ ရာခိုင်နှုန်းအထိ ရောက်နေပါတယ်။**




ဇင်ဘာဘွေနိုင်ငံတွင် အစားအသောက်ရှားပါးမှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေရသည်။

### ဈေးနှုန်းကြီးမြင့်

ဒီကြားထဲ မိုးခေါင်မှုက နှိပ်စက်ပြန်တော့ အစားအသောက်ဈေးနှုန်းတွေဟာလည်း ကြီးမြင့်လို့ နေပါတယ်။ ဒါကြောင့်မို့လည်း ကုလသမဂ္ဂ အစားအသောက်အေဂျင်စီက ဇင်ဘာဘွေနိုင်ငံမှာရှိတဲ့ ပဋိပက္ခဖြစ်ပွားရာဒေသတွေမှာ အစားအသောက်လှူဒါန်းနိုင်ဖို့ အမေရိကန်ဒေါ်လာ ၃၃၁ သန်း တောင်းခံခဲ့ပါတယ်။ ဇင်ဘာဘွေနိုင်ငံမှာ အစားအသောက်လိုအပ်ချက်ရှိနေတဲ့ လူဦးရေပမာဏက ငါးသန်းဝန်းကျင်ခန့်ရှိပါတယ်။ ဒီပမာဏဟာ နည်းတဲ့အရေအတွက်တော့ မဟုတ်ပါဘူး။ ဇင်ဘာဘွေနိုင်ငံရဲ့ ၁၆ သန်းသောပြည်သူတွေမှာ သုံးပုံတစ်ပုံနီးပါးခန့် ရှိပါတယ်။

### အကျပ်ဘက်ကို ဦးတည်

ဒီပြဿနာနဲ့ ပတ်သက်ပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေးဗစ်ဘီစလေက ၂ ဒသမ ၅ သန်းသော ဇင်ဘာဘွေလူမျိုးတွေဟာ အငတ်ဘေးနဲ့ ရင်ဆိုင်ရမယ့်အရေး ဦးတည်နေပြီလို့ ပြောခဲ့ပါတယ်။ နောက်ပြီး လာမယ့်နှစ် အစောပိုင်းမှာလည်း လူဦးရေ ၅ ဒသမ ၅ သန်းဟာ အလားတူအခြေအနေမျိုးနဲ့ ကြုံတွေ့ရဖွယ်ရှိတယ်လို့ ပြောကြားခဲ့ပါတယ်။ ဇင်ဘာဘွေနိုင်ငံမှာ ဝရုန်းသုန်းကားအခြေအနေတွေနဲ့ ကြုံတွေ့ခဲ့ရတာလည်း ကာလအတန်ကြာမြင့်ခဲ့ပါပြီ။ စီးပွားရေးဟာ အကျပ်ဘက်ကို ဦးတည်နေတာလည်း ဆယ်စုနှစ်တစ်ခုစာနီးပါး ရှိနေပါပြီ။ ဒီတော့ အစားအသောက်ပြတ်လပ်မှုဟာလည်း အချိန်အတော်ကြာ ပေါ်ပေါက်နေခဲ့တာပါ။ အခြေခံစားသောက်ကုန်လည်း ရှားပါးကာ အလုပ်လက်မဲ့ပမာဏဟာလည်း မြင့်တက်နေခဲ့ပါတယ်။

### ရာသီဥတုကြောင့်လား

အစားအသောက်ပြတ်လပ်မှုနဲ့ ပတ်သက်ပြီးတော့ အစိုးရက ရာသီဥတုဖောက်ပြန်ပြောင်းလဲတာကို အကြောင်းပြပါတယ်။ ဒါပေမယ့်လည်း ဝေဖန်သူတွေ ထောက်ပြကြတာကတော့ အစိုးရရဲ့ မြေယာပြုပြင်ပြောင်းလဲမှုရဲ့ နောက်ဆက်တွဲအဖြစ် စိုက်ပျိုးရေးထွက်ကုန်တွေမှာ ဈေးကောင်းမရတာတွေရဲ့ဆိုးကျိုးတွေလို့ ပြောပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ လူဖြူအများစုပိုင်ဆိုင်တဲ့ စီးပွားရေးလယ်ယာတွေကို သိမ်းယူတဲ့ မြေယာပြုပြင်ရေးအစီအစဉ်ကြောင့်လည်း ဒီလိုကြောက်မက်ဖွယ်ကောင်းတဲ့ အစားအသောက်ရှားပါးမှုနဲ့ ရင်ဆိုင်ရတာလို့ ဝေဖန်သူတွေက ပြောကြပါတယ်။

### မုန်တိုင်းက နှိပ်စက်

နောက်ဆုံးစိုက်ပျိုးခဲ့တဲ့ စိုက်ပျိုးရာသီမှာဆိုရင် ရာသီဥတုဆိုးဆိုးရွားရွားနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အယ်နီညိုကို အန်တုခဲ့ရတာဖြစ်လို့ မိုးခေါင်မှုတွေလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ အစားအသောက်ရှားပါးမှုနဲ့ ကြုံတွေ့ရတာဟာ မိုးခေါင်မှုကြောင့်ချည်းပဲတော့ မဟုတ်ပါဘူး။ ယခုနှစ်အစပိုင်းလောက်မှာ ဇင်ဘာဘွေအရှေ့ပိုင်းမှာ ဆိုင်ကလုန်းမုန်တိုင်း Idai က ဝင်ရောက်မွှေနှောက်ခဲ့တဲ့အတွက်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ လိုအပ်လာရတာပါ။ အဲဒီဆိုင်ကလုန်းမုန်တိုင်းကြောင့် မာလာဝီ၊ မိုဇမ်ဘစ်နိုင်ငံတို့ကိုလည်း ထိခိုက်စေခဲ့သလို ဇင်ဘာဘွေနိုင်ငံမှာတော့ လူပေါင်း ၅၇၀၀၀၀ ခန့် မုန်တိုင်းဘေးသင့်ခဲ့ပါတယ်။ လူပေါင်း ၅၀၀၀၀ ကိုတော့ နေရာရွှေ့ပြောင်းပေးခဲ့ရပါတယ်။

### အစိုးရက ထောက်ပံ့ပေးထားရ

ဘဏ္ဍာရေးဝန်ကြီး Mthuli Ncube ရဲ့ ပြောကြားချက်အရတော့ မိုးခေါင်မှုကြောင့် အစာရေစာရှားပါးမှုနဲ့ ကြုံနေရတဲ့ကျေးလက်ရော မြို့ပြပါမကျန် ထောင်နဲ့ချီတဲ့လူဦးရေကို အစိုးရက ကျွေးထားရတယ်လို့ သိရပါတယ်။ ဇန်နဝါရီလကစလို့ အိမ်ထောင်စုပေါင်း ၇၅၇၀၀၀ ကို ဆန်တွေ၊ ဂျုံတွေ ထောက်ပံ့ပေးထားရတယ်လို့ သိရပါတယ်။ တရားဝင်စာရင်းအချက်အလက်များအရ တိုင်းပြည်ရဲ့ငွေကြေးဖောင်းပွမှုနှုန်းဟာ ၁၇၆ ရာခိုင်နှုန်းအထိအောင် ထိုးတက်သွားပါတယ်။ အစိုးရဟာ လာမယ့်ခြောက်လတာအတွက် ငွေကြေးဖောင်းပွမှုစာရင်းဇယားတွေကို အသိပေးချပြတာတွေ မလုပ်တော့ဖို့ ဆုံးဖြတ်ခဲ့ရပါတယ်။ ဒါဟာလည်း ၂၀၀၈ ခုနှစ်တုန်းက ကြုံခဲ့ရတဲ့ အဆမတန်ငွေကြေးဖောင်းပွမှုမျိုး ပြန်လည်ဖြစ်ပေါ်လာမှာကို ကြောက်ရွံ့တဲ့အတွက်ပါ။

### ၂၀၀၈ တုန်းကအခြေအနေ

၂၀၀၈ ခုနှစ်တုန်းက ဇင်ဘာဘွေနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုဟာ ၂၃၁၀၀၀၀၀၀ ရာခိုင်နှုန်းအထိကို ရှိခဲ့ပါတယ်။ အဲဒီအချိန်တုန်းကလည်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဟာ ဇင်ဘာဘွေနိုင်ငံသား ငါးသန်းခန့်ကို ကျွေးထားခဲ့ရပါတယ်။ အဲဒီတုန်းက တိုင်းပြည်လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းရဲ့ဝင်ငွေဟာ တစ်နေ့မှာ တစ်ယူရိုရဲ့အောက်မှာ ရှိခဲ့ပါတယ်။ ဇင်ဘာဘွေငွေကြေးဟာ တန်ဖိုးမရှိဖြစ်ခဲ့ရပါတယ်။ အဲဒီတုန်းက သမ္မတကတော့ ရောဘတ်မူဂါဘီပါ။ သူ့အပေါ်မှာလည်း ဖိအားတွေအများကြီး သက်ရောက်ခဲ့ရပါတယ်။ ဒါကတော့ ၂၀၀၈ ခုနှစ်က ကြုံတွေ့ခဲ့ရတဲ့အခြေအနေပါ။

### လျှပ်စစ်ဓာတ်အားပြတ်တောက်

မကြာသေးခင်ကပြုလုပ်ခဲ့တဲ့ ရိတ်သိမ်းကာလမှာတော့ အဆိုးရွားဆုံး မိုးခေါင်မှုနဲ့ ကြုံတွေ့ခဲ့ရပြီး အစားအသောက်ဈေးနှုန်းတွေဟာ အဆမတန်ခုန်တက်သွားပါတယ်။ ယခင်နှစ်ကထက်စာရင် ပေါင်မုန့်ဈေးဟာ ကိုးဆလောက် ခုန်တက်သွားပါတယ်။ မိဘတွေဟာလည်း သားသမီးတွေကို အစားကျွေးဖို့ အတော်လေးရုန်းကန်ရပါတယ်။ ရေမျက်နှာပြင်နိမ့်ကျမှုကြောင့်လည်း ကာရီဘာမှာရှိတဲ့ ရေအားလျှပ်စစ် စက်ရုံကြီးကို ထိခိုက်စေပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်အနှံ့ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုတွေနဲ့ ကြုံရပြန်ပါတယ်။

### ရေရရှိဖို့မလွယ်

နောက်ပြီးတော့ ရေတွင်း၊ ရေကန်နဲ့ မြစ်ချောင်းတွေမှာလည်း ရေတွေခန်းခြောက်ကုန်တဲ့အတွက် ရေရဖို့အတွက်ဆိုရင် ပြည်သူတွေဟာ နေရာအဝေးကြီးကို သွားရပါတယ်။ ဒါဟာလည်း ရွေးချယ်စရာမရှိပါဘူး။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က အမှုဆောင်ညွှန်ကြားရေးမှူး ဒေးဗစ်ဘီစလေက ဒီလူတွေကို အခုအချိန်မှာမကူညီဘူးဆိုရင် အငတ်ဘေးနဲ့ တကယ်ပဲရင်ဆိုင်ရတော့မှာပါလို့ ပြောပါတယ်။ အခုဆိုရင် ကျွန်တော်တို့ဟာ ကာလရှည်ကြာမကြုံခဲ့ဖူးတဲ့ မိုးခေါင်မှုမျိုးနဲ့ ရင်ဆိုင်နေရတာပါလို့ သူက ဆက်ပြောပါတယ်။

### ဆန္ဒပြမှုများ

လွန်ခဲ့တဲ့နှစ်ကလည်း ဇင်ဘာဘွေသမ္မတ မနန်ဂါဂွာဟာ အငြင်းပွားဖွယ် ရွေးကောက်ပွဲရလဒ်နဲ့ အနိုင်ရခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်မယ်၊ အလုပ်အကိုင်နေရာတွေ ဖန်တီးပေးမယ်၊ တိုင်းပြည်ရဲ့ စီးပွားရေးကို အားကောင်းလာအောင်လုပ်မယ်၊ ၂၀၃၀ ပြည့်နှစ်ရောက်ရင် တိုင်းပြည်ကို အလယ်အလတ်တန်းစားဝင်ငွေရှိတဲ့ နိုင်ငံအဖြစ် ရောက်အောင်လုပ်မယ်လို့ ကတိတွေပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ဇန်နဝါရီလအတွင်းမှာပဲ လောင်စာဆီဈေး ၁၅၀ ရာခိုင်နှုန်းတိုးသွားလို့ ဆန္ဒပြမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဆန္ဒပြပွဲအတွင်း လူ ၁၇ ဦးသေဆုံးသွားခဲ့ပါတယ်။ မဲပေးပွဲအပြီး သုံးလခန့်အကြာမှာတော့ ဘဏ္ဍာရေးဆိုင်ရာပြဿနာတွေ ပြန်လည်ပေါ်ပေါက်လာပြီး သမ္မတမူဂါဘီအလွန် နောက်ထပ် ခေါင်းဆောင်သစ်ကို လိုလားတဲ့ အရိပ်အယောင်တွေ ထပ်မံပေါ်ထွက်လာပါတယ်။

### အမျိုးသားသဘာဝဘေးအဖြစ် ကြေညာ

ဩဂုတ်လ ၆ ရက်နေ့မှာတော့ ဇင်ဘာဘွေသမ္မတ အီမာဆွန် မနန်ဂါဂွာက မိုးခေါင်မှုကို အမျိုးသား သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာခဲ့ပါတယ်။ သမ္မတ အီမာဆွန် မနန်ဂါဂွာကတော့ တိုင်းပြည်ကို ကာလရှည်ကြာအုပ်ချုပ်ခဲ့တဲ့ ရောဘတ်မူဂါဘီရဲ့ နောက်မှာ ဆက်ခံခဲ့တဲ့ သမ္မတလည်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ အာဏာရှင်ရောဘတ်မူဂါဘီကို ဇင်ဘာဘွေတပ်ဖွဲ့က ဖြုတ်ချခဲ့တာပါ။ ကုလသမဂ္ဂကတော့ ဇင်ဘာဘွေနိုင်ငံအတွက် အမေရိကန်ဒေါ်လာသန်း ၂၉၄ သန်း အကူအညီပေးဖို့ တောင်းခံခဲ့ပြီးသားပါ။ ဒါနဲ့တင် လုံလောက်ပြီလားဆိုတော့ မဟုတ်သေးပါဘူး။ မိုးခေါင်မှုဟာ ဘယ်လောက်ထိ ပျံ့နှံ့မယ်မသိသေးပါဘူး။ ဒီထက်လည်းရန်ပုံငွေတွေ ထပ်မံလိုအပ်ဆဲပါပဲ။ ။ **ကိုးကား- ဘီဘီစီ၊ အေအက်ဖ်ပီ**

> **“အစားအသောက်ပြတ်လပ်မှုနဲ့ ပတ်သက်ပြီးတော့ အစိုးရက ရာသီဥတုဖောက်ပြန်ပြောင်းလဲတာကို အကြောင်းပြပါတယ်။ ဒါပေမယ့်လည်း ဝေဖန်သူတွေ ထောက်ပြကြတာကတော့ အစိုးရရဲ့ မြေယာပြုပြင်ပြောင်းလဲမှုရဲ့ နောက်ဆက်တွဲအဖြစ် စိုက်ပျိုးရေးထွက်ကုန်တွေမှာ ဈေးကောင်းမရတာတွေရဲ့ဆိုးကျိုးတွေလို့ပြော”**

# ရေဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ တောင်သူများထံ မြေယာလျော်ကြေး/နစ်နာကြေးပေးအပ်ပွဲပြုလုပ်

**ပုသိမ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများနှင့် တောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများအား ပြန်လည်စွန့်လွှတ်ထားရှိမှုအပေါ် ပြည်သူများ လက်ဝယ်သို့ ပြန်လည်ရရှိရေးနှင့်နစ်နာဆုံးရှုံးမှု မရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တောင်သူ/ ပြည်သူများ လက်ဝယ်သို့ သိမ်းဆည်းခံမြေများ ပြန်လည်ရရှိရေးအတွက် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေးများကိုလည်း တစ်လလျှင် နှစ်ကြိမ်ဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့က ဝါးခယ်မမြို့နယ် ကဝဲညောင်ချောင်းအုပ်စုရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော မြေယာလျော်ကြေး/နစ်နာကြေးငွေပေးအပ်ပွဲ အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးသန်း ဆွေဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ခရိုင် / မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ GTI ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ခရိုင်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ကဝဲညောင်ချောင်းအုပ်စု



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ကိုယ်စားပြုတောင်သူတစ်ဦးအား မြေယာလျော်ကြေးငွေ ပေးအပ်စဉ်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ မြေယာလျော်ကြေး/နစ်နာကြေးလက်ခံမည့် တောင်သူများနှင့် မိသားစုဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သိမ်းဆည်းခံ လယ်ယာမြေနှင့်အခြားမြေများအတွက် တောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြေစစ်ကော်မတီ အဆင့်ဆင့်တို့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ၁၉၈၉-၁၉၉၀ ခုနှစ်ခန့်တွင် ပညာရေးဝန်ကြီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဆောက်လုပ်ရန်အတွက် သိမ်းဆည်းခဲ့သော မြေယာများတွင် တောင်သူ ၁၈ ဦး၏ လုပ်ပိုင်ခွင့်ရသော လယ်မြေဧရိယာ ၅၄ ဒသမ ၆၉ ဧက ပါဝင်ခဲ့ပြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်သို့ တင်ပြခဲ့မှုအပေါ် ကော်မတီအဆင့်ဆင့်တို့မှ ဗဟိုမြေစစ်ကော်မတီမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ပြီး သိမ်းဆည်းမြေ ၅၄ ဒသမ ၆၉ ဧကအနက် ၅၁ ဒသမ ၆၇ ဧကအတွက် မြေယာလျော်ကြေး ပြန်လည်ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ရှိသော ၃ ဒသမ ၀၂ ဧကကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပြန်လည်စွန့်လွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အခမ်းအနားတွင် မူလတောင်သူ ၁၈ ဦးသို့ လျော်ကြေးငွေကျပ် ၁၀၃၃၄၀၀၀၀ ကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများကို ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်တို့အား ဖွဲ့စည်း၍ မူဝါဒများနှင့်ကိုက်ညီသည့် သိမ်းဆည်းခံမြေများကို မူလတောင်သူများထံ အမြန်ဆုံးပေးအပ်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အင်တိုက်အားတိုက်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သိမ်းဆည်းခံတောင်သူများအား မြေယာလျော်ကြေး/နစ်နာကြေးငွေများ ပေးအပ်ခဲ့သည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ပုလောမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ပုလော ဩဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ ဩဂုတ် ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပလောက်မြို့၌ ပညာရေးဌာနက တင်ဒါဖြင့်ဆောင်ရွက်သည့် ပလောက် အထက ကျောင်း၌ အာစီတစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှု၊ ပလောက်မူလတန်းလွန်ကျောင်းမှ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်း၍ တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို လည်းကောင်း၊ ပုလောမြို့ အထက (ရှပ် ပုံ)ကျောင်း၌ အာစီတစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ပုလောမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လေးခန်းတွဲ သုံးထပ်ဝန်ထမ်း အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ ပလမြို့၌ ပညာရေးဌာန၏ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့် ပလ အထက ကျောင်း ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုနှင့် အထက (ခွဲ) ဇရပ်ဆိပ်ကျောင်း၌ တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း လိုက်လံစစ်ဆေးခဲ့ပြီး တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ကြည့်ရှုစစ်ဆေးစဉ်။

**ထူးဝေယံ(ပြန်/ဆက်)**

# တာချီလိတ်မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော မြေယာနှင့် သီးနှံများအတွက် လျော်ကြေးငွေပေးအပ်

**တာချီလိတ် ဩဂုတ် ၈**

ရှမ်းပြည်နယ် တာချီလိတ်မြို့၌ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော မြေယာများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လျော်ကြေးငွေပေးအပ်ပွဲကို တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ဘုရားကြီးကျောင်းတိုက်၌ ဩဂုတ် ၆ ရက်က ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလတို့က မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် လိုအပ်ချက်များကို တိုင်းရင်းသားဘာသာစကားဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ မြေယာနှင့် သီးနှံလျော်ကြေးငွေများကို ပြည်နယ်ဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ရာ တောင်သူ ၈၁ ဦးအတွက် စုစုပေါင်း လျော်ကြေးငွေကျပ် ၂၉၅၇ သိန်းကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုဖောက်လုပ်မည့် မြို့ရှောင်လမ်းသည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှ စတင်၍ ရန်အောင်မြေရပ်ကွက်နှင့် ဆေခမ်းရပ်ကွက်အတွင်းမှ ဉယျာဉ်ခြံမြေများကို ဖြတ်သန်းပြီး တာချီလိတ်-မိုင်းဖုန်း ကားလမ်းပေါ် ဆွတ်ဆိုင်ရွာအနီးသို့ ဖောက်လုပ်သွားမည်ဖြစ်ကာ စုစုပေါင်း လမ်းအရှည်မှာ ၂ ဒသမ ၄ မိုင် ကျော်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ တွေ့ဆုံဆွေးနွေး

**ပင်းတယ ဩဂုတ် ၈**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တွေ့ဆုံပွဲကို ဩဂုတ် ၅ ရက်က ပင်းတယမြို့ရှိ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက မိမိတို့ဒေသသို့ တိုင်းရင်းသားလုပ်ငန်းရှင်များ လာရောက်သည့်အတွက် ကြိုဆိုကြောင်း အမှာစကားပြောကြားပြီး တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဦးယောဆက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ စီးပွားရေးလုပ်ငန်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများကို လာရောက်လေ့လာခြင်းဖြစ်သလို မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်လုပ်ကိုင်မည့် ဓနုတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းနိုင်ရေးအတွက်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်း၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က အသင်းစတင်ဖြစ်ပေါ်လာပုံ၊ အသင်း၏ လုပ်ငန်းတာဝန်များနှင့် စည်းကမ်းချက်များ၊ အသင်းဖွဲ့စည်းခြင်းအတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ဓနုဒေသမှ ထွက်ကုန်များနှင့် အခြားစီးပွားရေးလုပ်ငန်းများအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်၍ သင့်တင့်မျှတသည့်ဈေးကွက် ဖော်ဆောင်ရေး၊ တိုင်းရင်းသားများ၏ ဘာသာစကားအခက်အခဲများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ဓနုတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဖွဲ့စည်း၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

# မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းရေးဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၈**

မိုးရာသီကာလအတွင်း ခြင်ကြောင့်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါများကို လျှော့ချနိုင်ရေးနှင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသပ်ရပ်စေရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် ဦးဆောင်သော ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့ဆေးရုံဝင်းအတွင်း ဩဂုတ် ၆ ရက်က ဆောင်ရွက်သည်။ **(ဓါတ်ပုံ)**



သန့်ရှင်းရေးလုပ်ငန်းများကို ဆေးရုံကြီး၏ ကလေးကုသဆောင်၊ ကင်ဆာရောဂါကုသဆောင်၊ ဆေးစတိုး၊ အချုပ်သားလူနာဆောင်နှင့် စိတ်ကျန်းမာရေး ကုသဆောင်တို့၌ ဆောင်ရွက်ခဲ့ပြီး အမှိုက်များကောက်ခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်း များ တူးဖော်ဆယ်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ရဲ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရေဘေးအန္တရာယ် မကြာခဏကြုံတွေ့နေရခြင်းကြောင့် ကာကွယ်နိုင်ရန်ကြိုတင်လေ့ကျင့်ပေး

**ပုသိမ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် သင်တန်းပေးအပ်ခြင်းနှင့် ကြိုတင်သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခြင်းကို ဆင်းသီရိရပ်ကွက် ဒန္တိသုခတန်ဆောင်းအတွင်း ယမန်နေ့က စတင်ပြီး လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

သဘာဝဘေးစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ ရေဘေးနှင့် သက်ဆိုင်သော ကာကွယ်နိုင်မည့် နည်းလမ်းများ၊ အချက်အလက်များ ပြန်လည်ဖလှယ်သင်ကြားပေးသည့်သင်တန်းနှင့် ကြိုတင်သရုပ်ပြလေ့ကျင့်မှုများကို ပြုလုပ်နေခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

"ပုသိမ်မြို့နယ်မှာ နှစ်စဉ် ရေကြီးမှုတွေဖြစ်တယ်။ ကျွန်တော်တို့က ပြည်သူတွေကိုယ်တိုင် ဘယ်လိုလုပ်ကိုင်ရမလဲဆိုတာကို စနစ်တကျသိအောင်နဲ့ စီမံခန့်ခွဲမှုကော်မတီအဖွဲ့အစည်းတွေက ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာတွေကို စနစ်တကျသိအောင် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုး(၂) က ပြောသည်။

အဆိုပါသင်တန်းများကို ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၂၆ မြို့နယ်တို့တွင် ပြုလုပ်နေခြင်းဖြစ်ပြီး ပုသိမ်ခရိုင်အတွင်း လေးကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။



ရေဘေးအန္တရာယ်ကာကွယ်ရေး သင်တန်းပို့ချစဉ်။

"ကျွန်တော်တို့ ပုသိမ်မြို့နယ်မှာ ရေကြီးတာက နှစ်တိုင်းကြုံတွေ့နေရတာပေါ့။ အဓိကကတော့ ရေကြီးတယ်။ ရေကြီးတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး နည်းနည်းတော့ ပြဿနာရှိပါတယ်။ ရေကြီးတာကို မကြုံဖူးတဲ့သူလည်း သိပ်မရှိတဲ့အတွက် အားလုံးက အတွေ့အကြုံတွေတော့ရှိကြတယ်။ အခုလို ရေကြီးတဲ့အခါ ကြိုတင်ကာကွယ်ရမယ့် လုပ်ငန်းတွေသိလာတော့ ပိုပြီးအဆင်ပြေတယ်။ စနစ်တကျနဲ့ စီမံဆောင်ရွက်တတ်လာမှာ ဖြစ်ပါတယ်"ဟု ပုသိမ်မြို့အမှတ်(၁) ရပ်ကွက်အတွင်း နေထိုင်သူ ဦးစံမြင့်က ပြောသည်။

သင်တန်းသို့ တက်ရောက်လာကြသည့် ဒေသခံများနှင့် ရပ်မိရပ်ဖများကို ကော်မတီဖွဲ့စည်းခြင်း၊ မိမိဒေသရှိ သဘာဝဘေး ကြုံတွေ့ရသည့် နေရာများဖော်ထုတ်ခြင်း၊ မိုးလေဝသအချက်အလက်များ ရယူကာ စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်မှုလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သင်တန်းသား ၄၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဧရာဝတီ (မြန်/ဆက်)သတင်းအဖွဲ့**



## ပန်းတနော်မြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**ပန်းတနော် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြတောင်ကျောင်းတိုက် သီတဂူမြမေတ္တာဆေးခန်း၌ မျက်စိဝေဒနာရှင်များအား တစ်လလျှင် နှစ်ကြိမ် စနေနှင့် တနင်္ဂနွေနေ့များတွင် အခမဲ့ဆေးကုသပေးလျက်ရှိသည်။

အဆိုပါ သီတဂူမြမေတ္တာဆေးခန်း၌ အနယ်နယ်အရပ်ရပ်မှ မျက်စိခွဲစိတ်ဝေဒနာရှင် လူဦးရေ တစ်ပတ်လျှင် ၅၀ ခန့်နှင့် ပြင်ပ လူနာမျက်စိဝေဒနာရှင်လူဦးရေ ၄၀၀ ခန့်အထိ ကုသပေးလျက်ရှိပြီး နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုး၊ သွား စသည့် ဝေဒနာရှင်များကိုလည်း စေတနာရှင်ဆရာဝန်များက အပတ်စဉ် အခမဲ့ လာရောက်ကုသပေးလျက်ရှိကြောင်း သိရသည်။

မိမိတို့အရပ်ဒေသမှာရှိသည့် ဆေးကုသရန် ငွေကြေးအခက်အခဲရှိသော မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးနိုင်ရန် ရည်ရွယ်ပြီး သီတဂူမြမေတ္တာဆေးခန်းကို သီတဂူ ဆရာတော်ကြီး၏ ပံ့ပိုးမှု၊ အလှူရှင်များ၏လှူဒါန်းမှုနှင့် တည်ထောင်ခဲ့ကာ အလှူရှင်များ လှူဒါန်းလိုပါက ဆက်သွယ်၍ ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း ဆေးခန်းကို ဦးဆောင်သူ ဒေါက်တာ စဂျေလွင်က ပြောသည်။ **ပြည့်ဖြိုးကျော်(မြန်/ဆက်)**

## ဟာသလူရွှင်တော်များ စုပေါင်းဖျော်ဖြေတင်ဆက်မည့် ရန်ပုံငွေကပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၈**

နိုင်ငံကျော်ဟာသလူရွှင်တော်များ စုပေါင်းပါဝင်ဖျော်ဖြေတင်ဆက်မည့် သက်ကြီးလူရွှင်တော်ကြီးများအား ကူညီထောက်ပံ့ရေးအတွက် ရန်ပုံငွေကပွဲကို ရန်ကုန်မြို့မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လူရွှင်တော်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမည့် အဆိုပါကပွဲကို ဩဂုတ်လ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့များတွင် နှစ်ရက်တိုင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ကပွဲတွင် နိုင်ငံကျော်လူရွှင်တော်ကြီးများဖြစ်သော မိုးဒီ၊ ဗေလုဝ၊ တိမ်ညွန့်၊ မန်းကျော်၊ စံမိုး၊ မန်းဝင်း၊ စတားကျော်မိုး၊ မေတ္တာ၊ ရှော၊ ကျော်ထူး၊ ငြိမ်းချမ်း၊ ဝက်မ၊ ပေါ်ဦး၊ ခင်လှိုင်-ဒိန်းဒေါင်၊ ဖိုက်စတားအဖွဲ့၊ သီးလေးသီးအဖွဲ့၊ ဟားငါးကောင်အဖွဲ့၊ အင်ပါယာအဖွဲ့၊ မေတ္တာရွှေစင်အဖွဲ့၊ မုဒိတာအဖွဲ့၊ ဟားရာဇာအဖွဲ့၊ စိန်ပန်းသီး၊ နောက်တိုး၊ ချက်ကြီး-ဖိုးသဲ၊ ဇွဲအဖွဲ့၊ ခေတ်သစ် ကြေးမုံအဖွဲ့၊ လူငယ်စတားအဖွဲ့၊ နယူးဖိုက်အဖွဲ့၊ ဟားညီနောင်အဖွဲ့၊ ပြည်မြန်မာအဖွဲ့ စသည်ဖြင့် လူရွှင်တော် အင်အားများပြားစွာဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

သက်ကြီးလူရွှင်တော်ကြီးများအား ကူညီထောက်ပံ့နိုင်ရေးအတွက် ဖျော်ဖြေတင်ဆက်မည့် ရန်ပုံငွေကပွဲကို ဩဂုတ်လ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့များတွင် ညစဉ် ၇ နာရီမှ ၁၁ နာရီအထိ တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း (ကမာရွတ်)**

## မန္တလေးမြို့ လူနေမှုနှင့် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွန့်ဦးတီထွင်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဩဂုတ် ၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာ MICT Park ရှိ မန္တလေး တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းရုံးခန်း၌ ယမန်နေ့က အဆိုပါအသင်းမှ ကြီးမှူး၍ မန္တလေးမြို့ လူနေမှုနှင့် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွန့်ဦးတီထွင်ပြိုင်ပွဲ ကျင်းပမည့် ကိစ္စနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်သည်။

Smart City အဖြစ် အကောင်ထည်ဖော်ဆောင်ရွက်နေသည့် မန္တလေးမြို့တော်ကို တစ်ဖက်တစ်လမ်းမှ ကူညီအားဖြည့်ပေးရန်အတွက် နယ်ပယ်အသီးသီးမှ အသက် ၄၅နှစ်နှင့်အောက် လူငယ်လူရွယ်တိုင်း တစ်ဦးချင်းဖြစ်စေ၊ အများဆုံး ငါးဦးအထိ အစုအဖွဲ့နှင့်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မန္တလေးမြို့ လူနေမှုနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွန့်ဦးတီထွင်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဩဂုတ် ၁၀ ရက်၌ ပြိုင်ပွဲဝင်များထဲမှ ၁၀ ဖွဲ့ကို ပထမအဆင့်ရွေးချယ်ခြင်း၊ ဩဂုတ် ၁၇ ရက်တွင် ပထမအဆင့် ရွေးချယ်ခံရသည့် အဖွဲ့များထဲမှ ငါးဖွဲ့အား ထပ်မံရွေးချယ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆုနှစ်ဆု ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ခေါင်းစဉ်များအနေဖြင့် မန္တလေးမြို့ လူနေမှုဘဝ တိုးတက်စေရေး၊ လုံခြုံစိတ်ချသော မြို့တော်ကြီးဖြစ်စေရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ ကျန်းမာသန့်စွမ်းသော မြို့နေလူထုဘဝရရှိရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာရေး၊ မြို့နေကလေးသူငယ်များနှင့် လူငယ်များ၏ ပညာရေးကောင်းမွန်စေရေး စသည့် မန္တလေးမြို့တော်ကြီးကို ပိုမိုတိုးတက်ကောင်းမွန်သော မြို့တော်ကြီးဖြစ်စေရန် ဖော်ဆောင်သင့်သည့် အစီအစဉ်များကို အင်္ဂလိပ် (သို့) မြန်မာဘာသာဖြင့် စာတမ်းရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၂၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၂၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၅ | ကျပ် | ၉၀၅/၉၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၁၅ | ကျပ် | ၉၂၀/၉၄၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၈၀၅ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၈၉၅ | ကျပ် | ၉၃၅/၉၅၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၈ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၁ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၃ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၁ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၂ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၄ ・ ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၄၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ・ ၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၀ ・ ၆၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၀၄၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၃၃၁၀ | ၃၈၀၆၂၅၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၂၈၉၈ | ၉၈၅၃၂၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၄၀ | ၃၂၀၀၀၀ |
| FPB | ၂၅၅၀၀ | ၂၆၀၀၀ | ၃၆ | ၉၃၀၅၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၁၅၄၀ | ၄၅၄၃၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## 2019-20 EPL WEEK-1

# အဖွင့်ပွဲမှာထိပ်တိုက်ဆုံတွေ့နေတဲ့မန်ယူနဲ့ချယ်လ်ဆီး

ဝေမိုးဆက်

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ပွဲစဉ် (၁)ကို လာမယ့် ဩဂုတ်လ ၁၀ ရက်၊ ၁၁ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲဝင် အသင်းတွေဟာ ဒီနွေရာသီမှာကစားသမား အားဖြည့်ခေါ်ယူမှုတွေ အရင်ကလောက် မပြင်းထန်ပေမယ့် အဓိကကစားသမားတွေကို အသင်းမှာ ဆက်ထိန်းထားနိုင်သလို ဒီအဖွင့်ပွဲစဉ်မှာလည်း မန်ယူနဲ့ ချယ်လ်ဆီးထိပ်တိုက်ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

**ယမန်နှစ်ဂိုးအများဆုံးသွင်းခဲ့သူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| အူဘာမီယန် | အာဆင်နယ် | ၂၂ |
| မာနေး | လီဗာပူး | ၂၂ |
| ဆာလတ် | လီဗာပူး | ၂၂ |
| အဂူရို | မန်စီးတီး | ၂၁ |
| ဗာဒီ | လက်စတာ | ၁၈ |

## Selhurst Park

### ပဲလေ့စ် - အဲဗာတန်

ယမန်နှစ်ရလဒ် - ပဲလေ့စ် ၀-၀ အဲဗာတန်

| ပဲလေ့စ်၏ နောက်ဆုံးသုံးပွဲ | အဲဗာတန်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ပဲလေ့စ် ၀-၄ ဟာဘာ | ဝက်စ်ဘရွမ်း ၀-၀ အဲဗာတန် |
| ဝင်ဘယ်ဒန် ၂-၂ ပဲလေ့စ် | ဝီဂန် ၀-၀ အဲဗာတန် |
| ဘရစ္စတိုးလ် ၀-၅ ပဲလေ့စ် | မိုနာကို ၀-၁ အဲဗာတန် |

ပဲလေ့စ်က ခြေစမ်းပွဲတွေမှာ ထင်သလောက် ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ပေမယ့် အခုပွဲက အိမ်ကွင်းဖြစ်တဲ့အပြင် ပရီမီယာလိဂ်ပြိုင်ပွဲလည်း ဖြစ်တာကြောင့် အဓိကကစားသမားတွေနဲ့ ပွဲထွက်လာပြီး ခြေကုန်ထုတ်လာရင် ခြေစွမ်းပိုင်း ပြောင်းလဲလာနိုင်တယ်။ ဇာဟာ၊ တောင်းဆန့်ဆာခိုတို့လိုကစားသမားတွေလည်း အသင်းမှာ ဆက်ရှိနေသေးလို့ အဲဗာတန်အခက်တွေ့နိုင်ပြီး သရေလောက်ပဲရမယ်။

## King Power Stadium

### လက်စတာ - ဝုဖ်

ယမန်နှစ်ရလဒ် - လက်စတာ ၂-၀ ဝုဖ်

| လက်စတာ၏ နောက်ဆုံးသုံးပွဲ | ဝုဖ်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| လက်စတာ ၂-၁ အတ္တလန်တာ | ခရူဆာဒါ ၁-၄ ဝုဖ် |
| ရိုသာဟမ် ၂-၂ လက်စတာ | ဝုဖ် ၂-၀ ခရူဆာဒါ |
| စတုတ် ၁-၂ လက်စတာ | ဝုဖ် ၀-၀ မန်စီးတီး |

လက်စတာက မက်ဂွိုင်းယားကို ဆုံးရှုံးထားရပေမယ့်လည်း ကျန်အဓိကကစားသမားတွေကို ဆက်ထိန်းထားနိုင်လို့ စုဖွဲ့မှုကောင်းနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် လက်စတာတို့ ခြေကုန်ထုတ်လာမှာပါ။ ဝုဖ်ကလည်းအသင်းလိုက် စွမ်းဆောင်ရည်ကောင်းပေမယ့် အဝေးကွင်း ခြေကျတတ်တယ်။ လက်စတာရဲ့အိမ်ကွင်းအားကိုဝုဖ်တို့ ထိန်းဖို့ခက်ပြီး လက်စတာပဲ ကပ်နိုင်မယ်။

## Anfield

### လီဗာပူး - နော့ဝစ်ချ်

ယမန်နှစ်ရလဒ် - မရှိ

| လီဗာပူး၏ နောက်ဆုံးသုံးပွဲ | နော့ဝစ်ချ်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| လီဗာပူး ၃-၁ လိုင်ယွန် | နော့ဝစ်ချ် ၁-၀ တူးလောက်စ် |
| လီဗာပူး ၀-၃ နာပိုလီ | နော့ဝစ်ချ် ၁-၄ အိုင်းယက်စ် |
| လီဗာပူး ၂-၂ စပို့တင်း | လူတန် ၁-၅ နော့ဝစ်ချ် |

တန်းတက်အသင်းဖြစ်တဲ့ နော့ဝစ်ချ်အနေနဲ့ အဖွင့်ပွဲမှာ အမှတ်ရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ နော့ဝစ်ချ်က ရာသီအကြိုကာလမှာ နိုင်ပွဲတွေရခဲ့ပေမယ့် အသင်းငယ်လေးတွေကိုသာ အနိုင်ရခဲ့တာဖြစ်ပြီး အိုင်းယက်စ်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာကိုကြည့်ရင် ခြေစွမ်းသာမန်သာရှိတာ မြင်သာတယ်။ လီဗာပူးတို့ ဥရောပ စူပါဖလားပွဲရှိပေမယ့်အဖွင့်ပွဲဖြစ်ပြီး အိမ်ကွင်းပွဲလည်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာပါ။ လီဗာပူးဂိုးပြတ်အနိုင်ရမယ်။

## Vitality Stadium

### ဘုန်းမောက် - ရှက်ဖီးလ်ယူ

ယမန်နှစ်ရလဒ် - မရှိ

| ဘုန်းမောက်၏ နောက်ဆုံးသုံးပွဲ | ရှက်ဖီးလ်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ဘုန်းမောက် ၃-၀ လိုင်ယွန် | ရိမ်းစ် ၃-၁ ရှက်ဖီးလ်ယူ |
| ဘုန်းမောက် ၃-၄ လာဇီယို | ဘန်စလေ ၁-၄ ရှက်ဖီးလ်ယူ |
| ဘရန့်ဖို့ဒ် ၁-၃ ဘုန်းမောက် | ချက်စတာ ၀-၅ ရှက်ဖီးလ်ယူ |

ဘုန်းမောက်က ရာသီအကြိုခြေစမ်းပွဲတွေမှာ ခြေစွမ်းကောင်းတွေပြသနိုင်ခဲ့ပြီးလာဇီယိုကို ရင်ပေါင်တန်းယှဉ်နိုင်ခဲ့သလို လိုင်ယွန်ကိုလည်း ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ရှက်ဖီးလ်ယူကတော့ တန်းတက်အသင်းဖြစ်ပြီး အားဖြည့်မှုလည်း မပြည့်ဝဘူး။ ရာသီကြိုခြေစမ်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေရှိခဲ့တာကြောင့် ဒီပွဲမှာ ဘုန်းမောက်ကို ယှဉ်နိုင်ဖို့ခက်ပါတယ်။ ရှက်ဖီးလ်တို့ အားစိုက်လာမှာဖြစ်ပေမယ့် ဘုန်းမောက်ပဲ နိုင်မယ်။

## Vicarage Road

### ဝက်ဖို့ဒ် - ဘရိုက်တန်

ယမန်နှစ်ရလဒ် - ဝက်ဖို့ဒ် ၂-၀ ဘရိုက်တန်

| ဝက်ဖို့ဒ်၏ နောက်ဆုံးသုံးပွဲ | ဘရိုက်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ဝက်ဖို့ဒ် ၂-၁ ဆိုစီဒက်စ် | ဘရိုက်တန် ၂-၁ ဗလန်စီယာ |
| ကျူပီအာ ၀-၁ ဝက်ဖို့ဒ် | ဘာမင်ဂမ် ၀-၄ ဘရိုက်တန် |
| လေဗာ ၁-၂ ဝက်ဖို့ဒ် | ဖူလ်ဟမ် ၂-၁ ဘရိုက်တန် |

မနှစ်က တန်းမဆင်းရဖို့ ခက်ခက်ခဲခဲရုန်းခဲ့ရတဲ့ ဘရိုက်တန်ဟာ လက်ရှိနွေရာသီမှာ ကစားသမားခေါ်ယူမှုသိပ်မရှိတာကြောင့် ခြေစွမ်းပိုင်းပြောင်းလဲလာဖို့ ခက်ပါတယ်။ ဝက်ဖို့ဒ်ကတော့ အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းတဲ့အသင်းဖြစ်ပြီး အခုအဖွင့်ပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဘရိုက်တန်ခံစစ်အားနည်းလို့ ဝက်ဖို့ဒ်ပဲ အနိုင်ရမယ်။

## St. James' Park

### ကာဆယ် - အာဆင်နယ်

ယမန်နှစ်ရလဒ် - ကာဆယ် ၁-၂ အာဆင်နယ်

| ကာဆယ်၏ နောက်ဆုံးသုံးပွဲ | အာဆင်နယ်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ကာဆယ် ၂-၁ စိန့်အေတီယန် | ဘာစီလိုနာ ၂-၁ အာဆင်နယ် |
| ဟိုင်ဘာ ၁-၃ ကာဆယ် | အာဆင်နယ် ၁-၂ လိုင်ယွန် |
| ပရက်စတန် ၂-၁ ကာဆယ် | ရီးရဲ ၂-၂ အာဆင်နယ် |

အာဆင်နယ်က နီကိုးလပ်စ်ပီပီလိုကစားသမားမျိုးကို အရခေါ်ယူထားနိုင်သလို အားဖြည့်မှုအချို့ကိုလည်းပြုလုပ်ထားနိုင်တယ်။ အူဘာမီယန်၊ လာကာဇက်တို့လို ကစားသမားတွေလည်းအသင်းမှာ ရှိနေသေးတယ်။ ကာဆယ်ကတော့ မန်နေဂျာ အပြောင်းအလဲပြုလုပ်ထားတာကြောင့် အသင်းလိုက် ဟန်ချက်မငြိမ်သေးဘူး။ အာဆင်နယ်ကသာ နိုင်ပွဲကပ်ရသွားဖို့ရှိတယ်။

## London Stadium

### ဝက်စ်ဟမ်း - မန်စီးတီး

ယမန်နှစ်ရလဒ် - ဝက်စ်ဟမ်း ၀-၄ မန်စီးတီး

| ဝက်စ်ဟမ်း၏ နောက်ဆုံးသုံးပွဲ | မန်စီးတီး၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ဝက်စ်ဟမ်း ၂-၂ ဘီလ်ဘို | လီဗာပူး ၁-၁ မန်စီးတီး |
| ဟာဘာ ၃-၅ ဝက်စ်ဟမ်း | ကစ်ချီ ၁-၆ မန်စီးတီး |
| ဖူလ်ဟမ် ၀-၁ ဝက်စ်ဟမ်း | ဝုဖ် ၀-၀ မန်စီးတီး |

ဒီနှစ်ရာသီအကြိုကာလ ပရီမီယာလိဂ် အာရှဖလားပွဲမှာ ဆုံခဲ့တုန်းက မန်စီးတီးတို့ ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းက ဒီနှစ်မှာ ကစားသမားခေါ်ယူမှုတွေပြုလုပ်ထားသလို အခြားခြေစမ်းပွဲတွေမှာလည်း ခြေစွမ်းပြသနိုင်ခဲ့ပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့် အဖွင့်ပွဲမှာ အမှတ်ရယူနိုင်ဖို့အတွက်လည်း အားစိုက်ကစားလာမှာဖြစ်တယ်။ မန်စီးတီးကလည်း လက်ရှိခြေစွမ်းအကောင်းဆုံးဖြစ်နေပေမယ့် ဂိုးပြတ်အနိုင်ရဖို့ခက်မယ်။

## Turf Moor

### ဘန်လေ - ဆောက်သမ်တန်

ယမန်နှစ်ရလဒ် - ဘန်လေ ၁-၁ ဆောက်သမ်တန်

| ဘန်လေ၏ နောက်ဆုံးသုံးပွဲ | ဆောက်သမ်၏ နောက်ဆုံးသုံးပွဲ |
|---|---|
| ဘန်လေ ၂-၀ ပါးမား | ဆောက်သမ် ၂-၀ ကိုလုံး |
| ဘန်လေ ၆-၁ နိုက်စ် | ဖီယင်နော့ ၁-၃ ဆောက်သမ် |
| ဝီဂန် ၂-၂ ဘန်လေ | ဂေါင်ဖူး ၀-၄ ဆောက်သမ် |

ဘန်လေကရာသီခြေစမ်းပွဲတွေမှာတော့ ခြေစွမ်းပြနိုင်ခဲ့တာကိုတွေ့ရတယ်။ ပါးမား၊ နိုက်စ်တို့ကိုဂိုးပြတ်တွေနဲ့အနိုင်ကစားနိုင်ခဲ့ပြီး အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းတတ်တဲ့ အသင်းလည်း ဖြစ်တယ်။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ခြေစမ်းပွဲတွေမှာခြေစွမ်းပြသနိုင်ခဲ့ပြီး ဒန်နီအင်စ်လို တိုက်စစ်မှူးကိုလည်း ခေါ်ယူထားနိုင်ခဲ့သလို အဖွင့်ပွဲမှာ အမှတ်ရဖို့အားစိုက်လာမှာဖြစ်တယ်။ အကြိတ်အနယ်ရှိနိုင်ပြီး ဂိုးအနည်းနဲ့ သရေကျသွားနိုင်တယ်။

## Tottenham Hotspur

### စပါး - ဗီလာ

ယမန်နှစ်ရလဒ် - မရှိ

| စပါး၏ နောက်ဆုံးသုံးပွဲ | ဗီလာ၏ နောက်ဆုံးသုံးပွဲ |
|---|---|
| စပါး ၂-၂ ဘိုင်ယန် | လိုက်ပဇစ် ၁-၃ ဗီလာ |
| ရီးရဲ ၀-၁ စပါး | ချာလ်တန် ၁-၄ ဗီလာ |
| စပါး ၁-၂ မန်ယူ | ဝါဆောလ် ၁-၅ ဗီလာ |

စပါးက လော်ရန်တီ၊ ထရစ်ပီယာ၊ ဂျန်ဆန်တို့ကိုဆုံးရှုံးထားရပေမယ့် ဟယ်ရီကိန်း၊ အလီ၊ ဆွန်ဟောင်မင်၊ အဲရစ်ဆင်တို့ကိုတော့ အသင်းမှာ ဆက်ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် စပါးတို့ခြေကုန်ထုတ်လာမှာ သေချာနေတယ်။ ဗီလာကတော့ ကစားသမားအင်အားပိုင်းမှာ စပါးကိုယှဉ်ဖို့ခက်ပါတယ်။ စပါးဂိုးပြတ်နိုင်ပွဲရဖို့ရှိတယ်။

## Old Trafford

### မန်ယူ - ချယ်လ်ဆီး

ယမန်နှစ်ရလဒ် - မန်ယူ ၁-၁ ချယ်လ်ဆီး

| မန်ယူ၏ နောက်ဆုံးသုံးပွဲ | ချယ်လ်ဆီး၏ နောက်ဆုံးသုံးပွဲ |
|---|---|
| မန်ယူ ၂-၂ မီလန် | ဂလာဘတ်ချ် ၂-၂ ချယ်လ်ဆီး |
| ခရစ်တန် ၀-၁ မန်ယူ | ဆောဘတ် ၃-၅ ချယ်လ်ဆီး |
| စပါး ၁-၂ မန်ယူ | ရက်ဒင်း ၃-၄ ချယ်လ်ဆီး |

အဖွင့်ပွဲဖြစ်တာကြောင့် နှစ်သင်းစလုံးခြေကုန်ထုတ်လာမှာဖြစ်တယ်။ မန်ယူက မက်ဂွိုင်းယားကိုခေါ်ယူထားနိုင်တာကြောင့် ခံစစ်ပိုင်း အားကောင်းလာနိုင်ပေမယ့် ချယ်လ်ဆီးကတော့ တိုက်စစ်မှာဂိုးရဖို့ ဂျရူးကိုသာ အားပြုရဖို့ရှိနေပြီး လမ်းပတ်လက်ထက်မှာ အသင်းလိုက်စွမ်း ဆောင်ရည်လည်းတည်ငြိမ်မှု မရှိသေးဘူး။ မန်ယူတို့ နိုင်ပွဲကပ်ရမယ်။

## တိုက်စစ်မှူး ဝဲလ်ဘတ်အား ဝက်ဖို့ဒ်အသင်း ခေါ်ယူ



အာဆင်နယ်အသင်းတိုက်စစ်မှူးဟောင်း ဒန်နီဝဲလ်ဘတ်သည် ပြီးခဲ့သည့် ဩဂုတ် ၇ ရက်တွင် ပရီမီယာလိဂ်ကလပ် ဝက်ဖို့ဒ်အသင်းနှင့် စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ အင်္ဂလန်တိုက်စစ်မှူး ဝဲလ်ဘတ် (၂၈ နှစ်) နှင့် ဝက်ဖို့ဒ်အသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်သက်တမ်းကိုမူ သတင်းများတွင် ရေးသားဖော်ပြထားခြင်း မရှိပေ။

တိုက်စစ်မှူး ဝဲလ်ဘတ်သည် ပြီးခဲ့သည့် ၂၀၁၈-၁၉ ခုနှစ်ဘောလုံးရာသီအကုန်တွင် အာဆင်နယ်အသင်းမှ ထွက်ခွာခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်ကာ အသင်းသစ် ရှာဖွေနေခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဝဲလ်ဘတ်အား အဲဗာတန်နှင့် ဝက်စ်ဟမ်းအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားမှုရှိခဲ့သော်လည်း ဝဲလ်ဘတ်အနေဖြင့် ပုံမှန်ကစားခွင့်ရရှိရန် ဆန္ဒရှိနေခြင်းကြောင့် အဆိုပါအသင်းများအနေဖြင့် ဝဲလ်ဘတ်အား ခေါ်ယူရေးကို လက်လျှော့ခဲ့ရသည်ဟုဆိုသည်။

မန်ယူအသင်းတွင်လည်း ပါဝင်ကစားခဲ့ဖူးသူ တိုက်စစ်မှူး ဝဲလ်ဘတ်သည် ဝက်ဖို့ဒ်အသင်းတွင် တစ်ပတ် လုပ်ခငွေ ပေါင် ၁၀၀၀၀၀ ရရှိမည်ဖြစ်ကာ ဝက်ဖို့ဒ်အသင်း၏ လုပ်ခငွေအများဆုံး ရရှိသည့် ကစားသမားဖြစ်လာမည် ဖြစ်သည်။ ဝဲလ်ဘတ်၏ လုပ်ခငွေသည် ယခင်က ဝက်ဖို့ဒ်အသင်း၌ လုပ်ခငွေ အများဆုံးရရှိသူအဖြစ် ရပ်တည်ခဲ့သူ တိုက်စစ်မှူး တီရှိုင်းဒီနေး၏ လုပ်ခငွေထက် ပေါင် ၃၀၀၀၀ ပိုမိုများပြားသည်ဟုဆိုသည်။ ထို့အပြင် တိုက်စစ်မှူး ဝဲလ်ဘတ်သည် ဝက်ဖို့ဒ်အသင်းထံမှ စာချုပ် လက်မှတ်ရေးထိုးကြေးအဖြစ် ပေါင် ငါးသန်း တောင်းဆိုခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

တိုက်စစ်မှူး ဝဲလ်ဘတ်သည် ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ရာသီအတွင်း ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပြီး ၂၀၁၈-၁၉ ခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၁၄ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ကာ ပွဲထွက်ကစားသမားအဖြစ် တစ်ပွဲသာ ပါဝင်နိုင်ခဲ့ပြီး ငါးဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဝဲလ်ဘတ်သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မန်ယူအသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

**ထက်အောင်**

## ဂျူဗင်တပ်စ်ကစားသမား ကန်ဆီလိုအား မန်စီးတီးအသင်း ခေါ်ယူ




ဂျူဗင်တပ်စ်အသင်း တောင်ပံကစားသမား ဂျာအိုကန်ဆီလိုအား ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ပရီမီယာလိဂ်လက်ရှိ ချန်ပီယံ မန်စီးတီးအသင်းက သတင်းထုတ်ပြန်ကြေညာလိုက်သည်။ မန်စီးတီးအသင်းနှင့် ပေါ်တူဂီကစားသမား ကန်ဆီလိုတို့သည် ခြောက်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ပြောင်းရွှေ့ကြေး ပေါင် သန်း ၆၀ တန်ကြေးရှိ တောင်ပံကစားသမား ကန်ဆီလိုအား ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၇ သန်းနှင့် အသင်းမှ ဘရာဇီး ခံစစ်မှူး ဒါနီလို (၂၈ နှစ်) အား အလိုက်ပေးခဲ့ရသည်။

တောင်ပံကစားသမား ကန်ဆီလိုက "မန်စီးတီးအသင်းဟာ တကယ့်ကို ကောင်းမွန်တဲ့အသင်းပါ။ ထိပ်တန်းအဆင့်မန်နေဂျာကောင်းတစ်ဦးကိုလည်း ပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီးအသင်းမှာ ပါဝင်ရမယ့်အတွက် ကျွန်တော်ကျေနပ်ဝမ်းသာမိပါတယ်။ မန်စီးတီးအသင်းရဲ့ အရာရာတိုင်းကို ကျွန်တော် နှစ်သက်မိပါတယ်။ အသင်းရဲ့ကစားပုံအပါအဝင်ပေါ့။ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ခြေစွမ်းပိုင်းတိုးတက်လာဖို့နဲ့ ဆုဖလားတွေ ဆွတ်ခူးနိုင်ဖို့ အမြဲတမ်းလိုလားနေသူ ဖြစ်ပါတယ်။ မန်စီးတီးအသင်းမှာလည်း ဒီလိုအောင်မြင်မှုတွေ ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲကို ထိတွေ့စမ်းသပ်ဖို့ စိတ်စောနေမိတယ်" ဟု ပြောဆိုခဲ့သည်။

တောင်ပံကစားသမား ကန်ဆီလိုသည် ၂၀၁၈ ခုနှစ်တွင် ဗလန်စီယာအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၄၀ ဒသမ ၄ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ကာ ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သော်လည်း ဂျူဗင်တပ်စ်အသင်းတွင် တစ်ရာသီသာ ပါဝင်ကစားပြီးချိန်၌ မန်စီးတီးသို့ ထပ်မံပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီတွင် တောင်ပံကစားသမား ကန်ဆီလို (၂၅ နှစ်)သည် ဂျူဗင်တပ်စ်အသင်းအတွက် စုစုပေါင်း ၃၄ ပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

**ထက်အောင်**

# တစ်ပတ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇ ခုက အမေရိကန်ဒေါ်လာသန်း ၁၂၀ ကျော် ရင်းနှီးမြှုပ်နှံ

**ရန်ကုန် ဩဂုတ် ၈**

ဇူလိုင်လ နောက်ဆုံးအပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇ ခုက မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၈၁၈ သန်းရင်းနှီးမြှုပ်နှံထားကြောင်း ဩဂုတ် ၄ ရက်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သိရသည်။

ဝင်ရောက်လုပ်ကိုင်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၇ ခုတွင် အဆိုပြုလုပ်ငန်း လေးခုနှင့် အတည်ပြုလုပ်ငန်း ၁၃ ခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ယင်းလုပ်ငန်း ၁၇ ခုတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပြုလုပ်ငန်း လေးခု၊ အတည်ပြုလုပ်ငန်းတစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း ခြောက်ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း နှစ်ခု၊ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း သုံးခုနှင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း တစ်ခုခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဝင်ရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအမျိုးအစားများမှာ စက်မှုကဏ္ဍမှ ၁၅ ခု၊ လယ်ယာကဏ္ဍမှ တစ်ခုတို့ဖြစ်ပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၉၅၆၁ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် မီဒီယာများနှင့် တွေ့ဆုံ

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းအရ စက်မှုကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရန် ဆောင်ရွက်သွားမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

စက်မှုလုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ဖို့ ဆောင်ရွက်နေပါတယ်။ စီမံကိန်းအောက်မှာ ကော်မတီငါးခုရှိတယ်။ ဒီကော်မတီငါးခုမှာလည်းစက်မှုကဏ္ဍမြှင့်တင်ရေးကော်မတီဆိုတာရှိတယ်။ ဒီစီမံကိန်းအရ စက်မှုကဏ္ဍဘက်ကို ဦးစားပေးပြီးရင်းနှီးမြှုပ်နှံမှုတွေတိုးလာမှာပါဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအတွင်း ဝင်ရောက်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှု အနေဖြင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ စုစုပေါင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၇၇၇ ဒသမ ၆၄၅ သန်းရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သိရသည်။

**သူရိန်ကျော်**

# မိုးညိုတွင် ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**မိုးညို ဩဂုတ် ၈**

ကရင်တိုင်းရင်းသားတို့၏ ဘာသာစာပေအနုပညာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ခိုင်မာလာစေရန်နှင့်ပျောက်ပျက်မသွားစေရန်အတွက် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲ အခမ်းအနားကို မိုးညိုမြို့နယ် သာယာကုန်းအုပ်စု သာယာကုန်းဘုန်းတော်ကြီးကျောင်း၌ ယနေ့ နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ကြို့ပင်ကောက်မြို့ ချောင်းခွကျေးရွာ ဆရာတော် ဦးသုန္ဒရနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်တို့က ကရင်တိုင်းရင်းသားတို့ စည်းလုံးညီညွတ်စွာ နေထိုင်ပြီး ဘာသာစကား၊ ရိုးရာဓလေ့ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုပြောကြားသည်။

မိုးညိုမြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ နော်ဟဲယီဝင်းက ကရင်ရိုးရာလက်ချည်ပွဲတွင် ကွဲကွာနေသောဆွေမျိုးများ အချင်းချင်း ပြန်လည်ဆုံတွေ့စေရန်နှင့် ချစ်ကြည်ခိုင်မြဲစေရန်စသည့် ရည်ရွယ်ချက်များ လက်ချည်ပွဲတွင် ပါဝင်သော ပစ္စည်း ကိုးမျိုးအကြောင်းကိုပြောကြားသည်။



ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

ထို့နောက်ကရင်တိုင်းရင်းသား အကြီးအကဲများနှင့် မိုးညိုမြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က တတ်ရောက်လာသော သာယာဝတီခရိုင်(၈) မြို့နယ် ကရင်စာပေယဉ်ကျေးမှုအထောက်အကူပြုလူငယ်အဖွဲ့များနှင့် ကရင်တိုင်းရင်းသား ၅၀၀ အား ဆုတောင်းမင်္ဂလာစကားများပြောကြား၍ ချစ်ခင်ရင်းနှီးစွာ ညာလက်တွင်ချည်သုံးပတ်ချည်နှောင်ကာ ပျော်ရွှင်စွာ ကျင်းပခဲ့ပြီး၊ ရိုးရာထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေး၍ ကရင်ဒုံးယိမ်းအကများဖြင့် ပျော်ရွှင်စွာကပြဧည့်ခံခဲ့ကြောင်း သိရသည်။

ကရင်အမျိုးသားအချင်းချင်း ချစ်ကြည်သွေးစည်းမှုခိုင်မြဲစေရန်၊ လူငယ်များသွန်သင်ဆုံးမစကားကို နာခံနိုင်ရေးနှင့် အနာဂတ်ခေါင်းဆောင်များဖြစ်လာစေရန်၊ ယဉ်ကျေးမှု ငါးမျိုးဖြစ်သော စကား၊ စာပေ၊ အနုပညာ၊ ဝတ်စားဆင်ယဉ်မှုနှင့် ရိုးရာဓလေ့များမပျောက်ကွယ်စေရန်၊ ယဉ်ကျေးမှုနှင့် လူနေမှုအဆင့်မြင့်မားလာသောလူမျိုး၊ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းတတ်သော အသိပညာ အတတ်ပညာမြင့်မားသော လူမျိုးများအဖြစ် တည်တံ့စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဝါခေါင်လချည်ဖြူပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# တနင်္သာရီမြို့၌ မြစ်ရေကြီးနေသဖြင့် အိမ်ထောင်စုအချို့ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့

**တနင်္သာရီ ဩဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဩဂုတ်လဆန်းပိုင်းမှစ၍ မိုးများ အဆက်မပြတ် ရွာသွန်းနေမှုကြောင့် တနင်္သာရီမြစ်ရေသည် ယမန်နေ့ည ၈ နာရီက တနင်္သာရီမြို့ စိုးရိမ်ရေအမှတ် ၁၇ ပေ ထက်ကျော်လွန်ပြီး ၁၉ ပေ ၄ လက်မအထိ မြစ်ရေရောက်ရှိခဲ့သည်။ ထို့ကြောင့် မြို့အတွင်း အနိမ့်ပိုင်းနေရာများရှိ အစိုးရရုံးဌာန အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာနှင့် လူနေအိမ်များ ရေကြီးနစ်မြုပ်လျက်ရှိသဖြင့် ရေဘေးသင့်မိသားစုဝင်များအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ယနေ့တွင် တနင်္သာရီမြို့ချောင်းငယ်ရပ်ကွက် မွန်စုသီတာလမ်းမှ အိမ်ထောင်စု ၂၃ စုတို့မှ အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၆၀ တို့ကို ချောင်းငယ်ရပ်ကွက် သဘာဝဘိုးဘွားရိပ်သာ ယာယီကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု ဘန်းသဲကျေးရွာမှ အိမ်ထောင်စု ကိုးစုတို့မှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၇ ဦးတို့ကို ဘန်းသဲကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း ယာယီပြောင်းရွှေ့နေရာချထားပေးပြီး ဖြစ်ကြောင်း၊ အကယ်၍ အဖြစ်များလာပါက ယာယီကယ်ဆယ်ရေးစခန်းများကို လိုအပ်သလို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သဘာဝဘေးအန္တရာယ် ကြီးကြပ်ကွပ်ကဲရေးရုံးကိုလည်း တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာနတွင် ယာယီဖွင့်လှစ်ထားရှိကာ အလှူငွေလက်ခံရရှိရေး၊ ခွဲဝေသုံးစွဲရေးနှင့် ပြန်ကြားရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



တနင်္သာရီမြို့နယ်အတွင်း မြစ်ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

တနင်္သာရီမြို့နယ်၏ စိုးရိမ်ရေအမှတ်မှာ သာမန်မြစ်ရေအထက် ၁၇ ပေဖြစ်ပြီး အန္တရာယ်ရေအမှတ်မှာ ၂၄ ပေဖြစ်ကြောင်း တနင်္သာရီမြစ်ရေကြီးမှုမှတ်တမ်းများအရ သိရသည်။ **ထိန်ဝင်း(ပြန်/ဆက်)**

# တီးတိန်မြို့နယ် ကျေးလက်မီးလင်းရေး ဆိုလာနှင့်ဆက်စပ်ပစ္စည်းများစတင်တပ်ဆင်လျက်ရှိ

**တီးတိန် ဩဂုတ် ၈**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၀ အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် NEP(National Electrification Project)စီမံကိန်း(ICB-3)၊ မဟာဓာတ်အားလိုင်းပြင်ပစနစ် ဆိုလာမီးလင်းရေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ရောက်ရှိလာသည့် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများကို ဩဂုတ်လ ပထမပတ်အတွင်း ဗန်းတဲ့ကျေးရွာ၌ တပ်ဆင်ပြီးစီးခဲ့ပြီး ဩဂုတ် ၈ ရက်မှစ၍ မွာလ်လုမ်းကျေးရွာတွင် ဆက်လက် တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ NEP စီမံကိန်းသည် မဟာဓာတ်အားလိုင်းပြင်ပ (Off-Grid)ဒေသများတွင် ကမ္ဘာ့ဘဏ်ချေးငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေနှင့် ပြည်သူ ထည့်ဝင်ငွေများ ပူးပေါင်းလျက် ဆောင်ရွက်ခြင်းဖြစ်ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် NEP စီမံကိန်းအား ဘုတ်ဖီရ်ကျေးရွာ၊ ငင်းသဲကျေးရွာ၊ ဖာရ်တလန်(သ) ကျေးရွာ၊ ဖါရ်တလန်(ဟ)ကျေးရွာ၊ တွီးကျင့်လွီးကျေးရွာ၊ ဇုံးကျေးရွာ၊ ဒိမ်ပီးကျေးရွာ၊ ထေးဇန်ကျေးရွာ၊ လဲဇန်ကျေးရွာ၊ ဘုမ်ဇန်ကျေးရွာ၊ ကွေးလမ်းကျေးရွာ၊ လိမ်ခိုင်(ဇို) ကျေးရွာ၊ လိမ်ခိုင်(ဘုံး)ကျေးရွာ၊ မွာလ်လုမ်းကျေးရွာ၊ ဇိမ်သဲကျေးရွာ၊ ဒုမန်ကျေးရွာ၊ ဖိုင်လင်ကျေးရွာ၊ ဒတ်ဒုံးကျေးရွာ၊ ဒိမ်လိုးကျေးရွာ၊ ဗန်းတဲ့ကျေးရွာစသည့် ကျေးရွာပေါင်း ၂၀ ရွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တီးတိန်မြို့နယ်တွင် NEP စီမံကိန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၃၉ ရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာရှစ်ရွာတို့၌ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်တွင် ကျေးရွာ ၂၀ ရွာတို့အပါအဝင် စုစုပေါင်းကျေးရွာ ၆၇ ရွာတို့၌ ဆောင်ရွက်ပြီးစီးနိုင်မည် ဖြစ်ကြောင်းသိရသည်။ **ချင်းတွင်းသား**



# စဉ့်ကူးမြို့နယ်တွင် မာလဲ-နတ်တောင် ရေလှောင်တမံ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် ရှင်းလင်း

**စဉ့်ကူး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မာလဲ-နတ်တောင် ရေလှောင်တမံ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်ရှင်းလင်းပွဲကို ယမန်နေ့က အဆိုပါ ရေလှောင်တမံရှင်းလင်းဆောင်၌ ကျင်းပသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးတင်မြင့်အောင်က စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ အရေးပေါ်အခြေအနေအဆင့်(၁) ဖြစ်ပေါ်လာပါက ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံလွှင့်ထူခြင်း၊ အဆင့်(၂)ဖြစ်ပေါ်လာပါက အဝါရောင်အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်း၊ အဆင့်(၃) ဖြစ်ပေါ်လာပါက အနီရောင်အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းစသည့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့မှ အရေးပေါ်အခြေအနေအဆင့်အလိုက် လွှင့်ထူရမည့်အရောင်အလံများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ပေးအပ်ကြပြီး တက်ရောက်လာသူများအား တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှထုတ်ဝေသည့် မာလဲ-နတ်တောင်ရေလှောင်တမံ အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး (ပြန်/ဆက်)**

# ရေပေါ်ကျွန်း အထက(ခွဲ)၌ မူးခင်းအသိပညာပေး ဟောပြော

**စလင်း ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရေပေါ်ကျွန်းကျေးရွာအုပ်စု ရေပေါ်ကျွန်းကျေးရွာ အထက(ခွဲ) ၌ ဩဂုတ် ၆ ရက်က တည်ဉာင်ရဲစခန်းမှူး ရဲအုပ်အောင်သိန်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးခင်းကျဆင်းရေးတို့ကို ဟောပြောခဲ့သည်။ ရှေးဦးစွာ ရဲအုပ်အောင်သိန်းက မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်တားဆီးရေး ဆိုင်ရာများကိုဟောပြောသည်။ ဆက်လက်၍ သက်ငယ်မုဒိမ်းမှုမဖြစ်ပေါ်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးဟောပြောသည်။ အဆိုပါဟောပြောပွဲသို့ ဆရာ ဆရာမ ၁၂ ဦးနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**

# ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ် မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ် မှ ကျပ် ၁၉၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ် မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ် နှင့် အထက် အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ % |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅% |
| ၁၂ | (က)Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး(Coupe) ကားများ။ | | ၁၀ % |
| | (ခ) Double Cab 4 Door Pickup မှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင် နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး(Coupe) ကားများ။ | | ၃၀ % |
| | (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင် နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ % |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့။ | ၈% |
| ၂ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ ပြောင်း အမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ် အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ် မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ ထန်းလျက်၊ ကြံသကာ၊ နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ပဲနို့။ |
| ၉ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ် အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၀ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၁ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်း ရေတစ်ပိုင်းနေ သတ္တဝါများ၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၂ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှု အားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာအပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဗက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါ ကျရောက်မှု မရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေးအမျိုးမျိုး (အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများ မပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလက်မှတ်ရရှိပြီး ဆေးဝါးနှင့်ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများ မပါဝင်)။ |
| ၁၃ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့မျိုးပင်များ။ |
| ၁၄ | ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၅ | အုန်းဆံချည်ခင်။ |
| ၁၆ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၇ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၈ | နိုင်ငံတော်အလံ။ |
| ၁၉ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၀ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 Gsm မှ 80 Gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၁ | ပရဆေးများ။ |
| ၂၂ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၃ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းကိရိယာ တန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့်နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံး ဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါး ကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၄ | ကွန်ဒုံး (Condom)။ |
| **ဘာသာရေးနှင့် လူမှုရေးသုံးကုန်စည်များ** | |
| ၂၅ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများ မပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ် |
| | အထည်များ။ |
| ၂၆ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးကြုံတွေ့ရသည့် မြို့နယ်များတွင် ထောက်ပံ့ပေးအပ်

**အင်္ဂပူ**

**ဟင်္သာတခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးမှ အင်္ဂပူမြို့နယ်တွင် ရေဝတီမြစ်နှင့် ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုပြောင်းရွှေ့မိသားစုများနှင့် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့နေ့လယ်ပိုင်းက ညောင်ကျိုးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ကျွဲသောင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေအိမ်တို့၌ ပြုလုပ်ခဲ့သည်။**

ထောက်ပံ့ငွေပေးအပ်ခြင်းကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်ထိုက်နှင့် တာဝန်ရှိသူများမှစစ်ကုန်းကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာနှင့်သက္ကယ်တန်းကျေးရွာအုပ်စု၊ ရွှေဝါထွန်းကျေးရွာမှပြောင်းရွှေ့အိမ်ထောင်စု ၃၂စုတို့အား အိမ်ထောင်စုတစ်စုလျှင် အိမ်ဆောက်ပစ္စည်းတန်ဖိုး တစ်သိန်းနှင့် ခုနစ်ရက်စာရိက္ခာဆန်ဖိုးထောက်ပံ့ငွေ ၃၅၀၄၅၀၀ များပေးအပ်ရာ ပြောင်းရွှေ့အိမ်ထောင်စုများက လက်ခံရယူခဲ့သည်။ ယင်းနောက် ကျွဲသောင် ကျေးရွာအုပ်စု၊ ကျွဲသောင်ကျေးရွာမှ လေဘေးသင့်အိမ်ထောင်စု ၃ စုအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ၁၁၀၀၀၀ နှင့် ခုနစ်ရက် စာရိက္ခာဆန်ဖိုး ထောက်ပံ့ငွေ ၃၁၅၀၀ စုစုပေါင်း ငွေကျပ် ၁၄၁၅၀၀ အား လေဘေးသင့်ပြည်သူများထံသို့ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အင်္ဂပူမြို့နယ်တွင် ရေဝတီမြစ်ရေတိုက်စားမှုကြောင့် ဩဂုတ် ၂ ရက်နေ့က စစ်ကုန်းကျေးရွာအုပ်စု၊ ကျွန်းကြီး ကျေးရွာ၊သက္ကယ်တန်းကျေးရွာအုပ်စု၊ ရွှေဝါထွန်းကျေးရွာတွင် လူနေအိမ် ၃၂ လုံးပြောင်းရွှေ့ခဲ့ကြောင်းနှင့် ဩဂုတ် ၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ကျွဲသောင်ကျေးရွာတွင် လူနေအိမ် သုံးလုံးအမိုးလန်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မန်းကျော်(မြန်/ဆက်)**

**ကန်ကြီးထောင့်**

ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ဩဂုတ် ၂ ရက် ညပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျပျက်စီးခဲ့သည့် လဟာကလူကျေးရွာအုပ်စု ငွေးကုန်းကျေးရွာမှ လေဘေးသင့်အိမ်ထောင်စုအား ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေ ၆၃၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေ ၁၀၀၀၀၀ စုစုပေါင်းရန်ပုံငွေ ၁၀၆၃၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းထိုက် (KGD)**

**ဘိုကလေး**

ရေဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်း ယမန်နေ့တွင် မိုးသက်လေပြင်းကျရောက်ခြင်းကြောင့် သစ်ပင်များပြိုလဲကျကာ လူနေအိမ်များထိခိုက်ပျက်စီးမှုများ မြို့ပေါ်နှင့်ကျေးရွာများတွင် ဖြစ်ပေါ်ခဲ့သောကြောင့် ထိခိုက်ဆုံးရှုံးသူများအား မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လေပြင်းတိုက်ခတ်ပြီး သစ်ပင်လဲကျကာ ပျက်စီးခဲ့သော ဘိုကလေးမြို့နယ် ၊ မြသိန်းတန် ကျေးရွာအုပ်စု၊ လိပ်ကမ္ဘာကျေးရွာနေ ဦးတင်လှ၏နေအိမ်၊ လေပြင်းတိုက်ခတ်ပြီးပြိုကျပျက်စီးခဲ့သော အမှတ်(၅)ရပ်ကွက်၊ ရောမင်းလမ်းမှ ဦးဝင်းမြင့်ထွန်း၏နေအိမ်၊ စက်ဆန်းကျေးရွာအုပ်စု၊ သပြုကျေးရွာရှိ ဦးကျော်အေး၊ ဦးထွန်းအေးတို့၏ နေအိမ်များနှင့် ပေါင်းတည်ကျေးရွာအုပ်စု၊ ငွေးကုန်းကျေးရွာ ဦးမျိုးဇော်ဦးတို့၏ နေအိမ်တို့အတွက် တစ်အိမ်ထောင်လျှင် အိမ်ဆောက်စရိတ် တစ်သိန်းကျပ်၊ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးနှင့် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ၁၀၅၀၀ ကျပ်တို့အား တာဝန်ရှိသူများမှ ဆုံးရှုံးသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**ဘိုကလေး(မြန်/ဆက်)**

**အင်္ဂပူ**

အင်္ဂပူမြို့နယ် ခွေးတောက်ချောင်းကျေးရွာအုပ်စု ပတ္တမြားကျွန်းကျေးရွာတွင် ဩဂုတ် ၇ ရက် ညနေ ၃ နာရီ ၃၀ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ပတ္တမြားကျွန်းကျေးရွာတွင် ဝါးတိုင်၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း သုံးပင် လူနေအိမ် သုံးလုံး ပြိုကျခဲ့ပြီး ဝါးတိုင်၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း လူနေအိမ် ၁၄ လုံးအမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့များ၊ ညောင်ကျိုးနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး လေဘေးသင့်မိသားစုဝင်များကို ပတ္တမြားကျွန်း ကျေးရွာအတွင်းရှိ ဆွေမျိုးများထံတွင် ယာယီနေရာချထားပေးကြောင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့်လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရှိရသည်။

**မန်းကျော်(မြန်/ဆက်)**

**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျ ပျက်စီးခဲ့ရသူများအားထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင်မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ နာယက ရွှေမြင့်မိုရ် ဓမ္မနန္ဒီကျောင်းတိုက်ဆရာတော် ဒေါက်တာအရှင်ပဏ္ဍိတ(မော်လမြိုင်)၊ မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်တို့က သထုံမြို့နယ်အတွင်းရှိ လေဘေးသင့်ရာမှ ပြိုကျခဲ့သည့် အိမ်ခြေ ၃၆ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေ ၁၄၄၀၀၀၀ ကျပ်အား ပေးအပ်ထောက်ပံ့ရာ နေအိမ်ပြိုကျခဲ့သူများက တစ်ဦးချင်း လက်ခံရယူခဲ့ကြသည်။

**သက်ဦး (သထုံ)**




**A bank ၏ ၁၆ ခုမြောက် ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲအား ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ပြည်သူများအတွက် ငွေလွှဲနှင့် ဘဏ်ဝန်ဆောင်မှုများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။** ထင်ပေါ်ဝင်း

# ပုသိမ်မြို့တွင် ရေကြီးရေလျှံမှုများလျော့နည်းစေရန် ကြိုတင်ဆောင်ရွက်

**ပုသိမ် ဩဂုတ် ၈**

ရေဝတီတိုင်းဒေသကြီး မြို့တော်ပုသိမ်တွင်နှစ်စဉ် ငဝန်မြစ်ရေလျှံတက်ကာ အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည့်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြိုတင်၍ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ထားကြောင်း သိရသည်။

"ပုသိမ်လိုနေရာမျိုးမှာ ပွင့်လင်းရာသီတည်းက ရေမြောင်းတွေကို ဖော်ထားရတယ်။ ပုသိမ်မှာက အဓိက ရေနုတ်မြောင်းကိုးခုရှိတယ်။ ခု(၂၀၁၉) မှာဆိုရင်ကျွန်တော်တို့က ဇန်နဝါရီလ(၁၆၊၁၇) က စတယ်။ ၂၀၁၈တုန်းကတော့ ဖေဖော်ဝါရီလက စတူးတယ်၊ အများပြည်သူနဲ့ သက်ဆိုင်တဲ့ နေရာတွေကို စည်ပင်က ဖော်ပြီးတော့ မိမိအိမ်ရှေ့မှာရှိတဲ့ မြောင်းတွေကိုပြည်သူတွေကဖော်ကြတယ်။ ဒီလိုနဲ့ ပြည်သူနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ နောက်တစ်ခုက ချောင်းမြောင်းတွေ ကျဉ်းလာတယ်။ ဒါမြို့တိုင်းတစ်နိုင်ငံလုံးအတိုင်းအတာပါ။ စည်ပင်ကိုစိန်ခေါ်ခံရတာတွေက ချောင်းမြောင်းတွေကို ခိုးပြီးမြေဖို့တာ ဘာလို့မတားတာလဲ၊ အဲ့ဒီမှာ ဘာလဲဆိုတော့ စီမံခန့်ခွဲ ပိုင်ခွင့်ကျတော့ စည်ပင်ကမရှိဘူး၊ တချို့ကျ ခြံစည်းရိုးချောင်းဘက်ကိုတိုးပြီး ကာတယ်။ နောက်ရေနေရေိယာ ကျဉ်းလာတယ်၊ လမ်းတွေမှာ ကွန်ကရစ်လမ်းတွေများသွားပြီ၊ လမ်းပေါ်မှာ ရေစိမ့်မဝင်တော့ဘူး၊ ဒီအချက်ကလည်း ရေကြီး နစ်မြုပ်စေတဲ့အချက်ပဲ၊ ပုသိမ်မှာအိမ်ရာ စီမံကိန်းတွေ ပေါ်လာတယ်၊ မြကျွန်းသာဘက်ဆိုရင်အရင်က ရေနက်ကွင်း၊ အခုမြေတွေဖို့ပြီး အိမ်ရာတွေဖော်ဆောင် ကွန်ကရစ်တွေ ခင်းတော့ အဲ့ဒီ ကွက်လပ်ကရေက အခုရွှေဝတ်မှုံရပ်ကွက်ကို ရေထိုးတာ အဲ့ဒီတစ်ချက်လည်းပါတယ်"ဟု ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက ပြောသည်။

ပုသိမ်မြို့သည် ရေဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးအချက်အချာမြို့ဖြစ်သည့်အတွက် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ အမှိုက်သိမ်း စနစ်များ၊ ဈေးသန့်ရှင်းသာယာလှပပြီး ဈေးအဆင့်မြှင့်တင်ဖို့ လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဟု သိရသည်။



ဦးကျော်စိုး

"ပုသိမ်မြို့က တစ်နေ့ကို အမှိုက်တန်ချိန် ၁၀၀ လောက် ထွက်တယ်၊ စည်ပင်ကသိမ်းတဲ့အမှိုက်က တန် ၇၀ ရှိတယ်။ တန် ၃၀ လောက်က ပြည်သူတွေက သူ့ဟာနဲ့ သူစွန့်ပစ်ကြတယ်။ ကျွန်တော်တို့ ဝန်ကြီးက အများပြည်သူ ပူးပေါင်းပါဝင်လာတဲ့ အမှိုက်သိမ်းဆည်းရေးစနစ်ဆိုတဲ့ မူဝါဒတစ်ရပ် ချမှတ်ပေးထားပါတယ်။ ဒီကိစ္စကို ဒီနှစ်တော့ တော်တော်စောင်းပေးပြီး လုပ်ဖြစ်ပါတယ်။ ဈေးတွေလည်း အဆင့်မြှင့်တင်ဖို့ ရှိပါတယ်။ လမ်း၊ တံတားဘက်ကို ဦးစားပေးနေရတဲ့ အတွက်ဒီနှစ်ကစပြီးဈေးဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုဆောင်ရွက်တော့မှာပါ။ မီးဘေးလုံခြုံစိတ်ချရအောင် လုပ်မယ်။ ရေမြောင်းပေါ်က်တွေ သေချာအောင်လုပ်မယ်၊ အိမ်သာတွေကအစ အကုန်လုံးတစ်ပြိုင်နက်ထဲ မဆောင်ရွက်နိုင်သေးပေမယ့် နှစ်အပိုင်းလိုက် ဆောင်ရွက်ဖို့ရှိတယ်။ တကယ်လိုအပ်နေပြီ သာယာလှပရေး ဆောင်ရွက်ဖို့ စီမံကိန်းရှိတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက ဆက်လက်ပြောပါသည်။

ပုသိမ်ဒေသသည် အနိမ့်ပိုင်းဖြစ်သည့်အတွက် ရေကြီးရေလျှံမှု နှစ်စဉ်ကြုံတွေ့နေခြင်းသည် မဆန်းသော်လည်းကွန်ကရစ်လမ်းများနှင့် အိမ်ရာစီမံကိန်းလိုမြို့ဖွံ့ဖြိုးမှုအပိုင်းများ ဆောင်ရွက်ထားခြင်းက ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ထိရောက်မှု အားနည်းစေကြောင်း ပုသိမ်မြို့နယ် စည်ပင်၏ သုံးသပ်ချက်ကို တွေ့ရသည်။

**ရေဝတီ(မြန်/ဆက်)သတင်းအဖွဲ့**



ပုသိမ်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားစဉ်။

# ထန်းတပင်မြို့နယ် ဒေါင့်ကြီးကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ရေလမ်းခရီးဖြင့် ကျောင်းတက်နေရသော ကျောင်းသား၊ ကျောင်းသူ ၆၁ ဦးတို့အတွက် (Life Jacket) အသက်ကယ်အင်္ကျီများလိုအပ်နေ

**ထန်းတပင် ဩဂုတ် ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ရေလမ်းခရီးဖြင့် အခြားကျေးရွာများမှ လာရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူ ၆၁ ဦးတို့ ရေဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် (Life Jacket) အသက်ကယ်အင်္ကျီများ လိုအပ်လျက်ရှိကြောင်း အဆိုပါ ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ဒေါင့်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ဒေါင့်ကြီးကျေးရွာအပါအဝင် အခြားကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိပြီး စက်လှေဖြင့် ချောင်းကိုဖြတ်ကာ ပညာသင်ကြားနေရသည့် ကျောင်းသား၊ ကျောင်းသူများလည်းရှိသလို မြစ်ကိုဖြတ်ကာ ကျောင်းတက်နေရသည့် ကျောင်းသား၊ ကျောင်းသူများလည်းရှိသည်။ ယခုအခါ မိုးတွင်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် နဲပျောကျေးရွာ၊ ဇီးချောင်းကျေးရွာ၊ ကဇန်းကျေးရွာနှင့် ဘေးမခရွာသစ်ကျေးရွာတို့မှ ကျောင်းသား၊ ကျောင်းသူ ၆၁ ဦးတို့သည် ၎င်းတို့ကျေးရွာများမှ ရေလမ်းခရီးဖြင့် ကုက္ကိုဝမြစ်ကိုဖြတ်၍ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ရေဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် (Life Jacket) အသက်ကယ်အင်္ကျီများ လိုအပ်နေကြောင်း သိရသည်။

"(Life Jacket) အသက်ကယ်အင်္ကျီ လိုအပ်နေတာကတော့ မြစ်ကိုဖြတ်ပြီး ကျောင်းတက်ရတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် အဓိကလိုအပ်တာပေါ့၊ အခုမိုးတွင်းကာလဆိုတော့ လေတွေ မိုးတွေ အလွန်ကြီးတော့ ဒီကလေးတွေအတွက် စိုးရိမ်မိတယ်၊ အသက်ကယ်အင်္ကျီပါတော့ အဆင်ပြေတာပေါ့"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုင်မာလာခိုင်ကပြောသည်။

ရေလမ်းခရီးဖြင့်လာရောက်ကာ ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် (Life Jacket) အသက်ကယ်အင်္ကျီများလိုအပ်လျက်ရှိကြောင်းကိုလည်း မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ကို ဇူလိုင် ၃၁ ရက်က တင်ပြဆောင်ရွက်ထားရှိကြောင်းလည်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမြင့်က ပြောသည်။

**ဇင်မင်းထိုက် (ထန်းတပင်)**

# ၂၀၁၉-၂၀၂၀ ပြည့်နှစ် ကြံရာသီ၊ ကြံဝယ်ယူရေး/သယ်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

သကြားစက်ရုံများ၌ လက်ကျန်သကြားများပြားနေမှုကြောင့် ကြံတောင်သူများ၏ စိုက်ပျိုးရောင်းချလိုမှုနှင့်စက်ရုံများ၏ ကြံဝယ်ယူလိုမှုအခြေအနေများကိုတိတိကျကျ သိရှိနိုင်ရေးအတွက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကြံဝယ်ယူ၊ကြိတ်ဝါးရေးကြိုတင် ညှိနှိုင်းဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ခုနှစ် ကြံရာသီ၊ ကြံဝယ်ယူရေး သယ်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၅ ရက်က စိုက်ပျိုးရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်းက မြန်မာနိုင်ငံကြံသကြား လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မကြာမီကြံသကြားလောကနှင့် ဆက်နွှယ်သည့်ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များ၊ တောင်သူများအားလုံး ပါဝင်သည့် Sugar Forum ကျင်းပသွားမည်ဖြစ်၍လိုအပ်သောအကြံလုပ်ငန်းပြင်ဆင်မှုများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် အဓိက တာဝန်ဖြစ်သော တောင်သူများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေသကဲ့သို့ စက်ရုံလုပ်ငန်းများနှင့် ဆက်နွှယ်နေသည့်လုပ်ငန်းစဉ်များတွင်လည်း Win-Win Situation ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သကြားစက်ရုံ၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ခုချင်းစီမှတာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ ကြံရာသီ၊ တောင်သူများနှင့် Contract Farming ဆောင်ရွက်နေမှုအခြေအနေ၊ ကြံဝယ်ဈေးနှုန်း၊ ကြံဝယ်ယူ/သယ်ယူမည့်အစီအစဉ်များ၊ တောင်သူများနှင့်စာချုပ်ချုပ်ဆိုမည့် အစီအစဉ်၊ စက်ဖွင့်လှစ်မည့်အခြေအနေများ၊ သကြားဈေးကွက်အခက်အခဲများ၊ စက်ရုံများ၏ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရန် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်ရာတွင်နိုင်ငံတော်မှ မူဝါဒ ချမှတ်အကူအညီပေးရန် လိုအပ်ချက်များအား တင်ပြဆွေးနွေးကြကြောင်း သိရသည်။

ထို့နောက် ကြံတောင်သူကိုယ်စားလှယ်များကလက်ရှိ ကြုံတွေ့နေရသည့် အခက်အခဲများအား တင်ပြဆွေးနွေးရာညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။ အဆိုပါအစည်းအဝေးကို ကြံတောင်သူများ၊ သကြားစက်ရုံများနှင့် သကြားလုပ်ငန်းရှင်များ၏အခက်အခဲများအား ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်း၊ သက်ဆိုင်သည့်ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်ပါက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သို့ တင်ပြအစီရင်ခံခြင်းများကိုစိုက်ပျိုးရေး ဦးစီးဌာနက ဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မင်းထွန်း ၇/ကဝန(နိုင်)၁၂၂၀၁၂ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၈၁၂၈၁၀**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အထက(တွင်းငယ်)တက္ကသိုလ်ဝင်တန်းမှ မနန်းအိနိုင်၊ အထကအုန်းပိုင် ဆဋ္ဌမတန်းမှ မောင်အာကာကျော်တို့၏ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်ဦး ၉/သပက(နိုင်)၀၃၉၂၃၅ ဖြစ်ပါကြောင်း။**ဦးမြင့်ဇော်ဦး**

## အများသိစေရန် ကြေညာခြင်း

ရှင်းဟန်မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၏ရှယ်ယာရှင်တစ်ဦးဖြစ်သော Mr.Kim Tae Jung သည် ၎င်းပိုင်ဆိုင်သည့်ရှယ်ယာကို ရှင်းဟန်ကတ်သို့ ပြန်လည်ရောင်းချပြီး ရှယ်ယာရှင်စာရင်းမှ နုတ်ထွက်သွားပြီဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/3222၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/8030၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၄၈၂၃၅၊ Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၁၀/ပမန(နိုင်)၀၇၂၂၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၁၇၉၀၆ LANJIA-110 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်သူ ၇/ကကန(နိုင်) ၀၇၅၄၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**



## " အထူးဂုဏ်ယူဝမ်းမြောက်ခြင်း "

OHSAS 18001 BUREAU VERITAS Certification UKAS

BFE Barons & Fujikura EPC Co., Ltd.

ISO 9001 BUREAU VERITAS Certification UKAS

Barons & Fujikura EPC Co.,Ltd. သည် Bureau Veritas Certification Holding SAS - UK Branch မှ ပေးအပ်သော OHSAS 18001:2007 နှင့် ISO 9001:2015 တို့အား Certificate No.:IND19.12121U/HS နှင့် Certificate No.: TH013588 တို့ဖြင့် *"Provision of Design, Engineering, Procurement, Construction and Project Management Services for Telecom and Power Sector Projects"*

များအတွက် ရရှိကြောင်း သိရသည့်အတွက် Barons & Fujikura EPC Co.,Ltd ကိုယ်စား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။ Barons & Fujikura EPC Co.,Ltd. အနေဖြင့်လည်း နိုင်ငံအတွက် အကျိုးပြုမည့် လုပ်ငန်းဆောင်တာများအား ဆထက်တပိုး ဆက်လက်လုပ်ဆောင်သွားနိုင်ပါစေကြောင်း Steel King Co.,Ltd မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

STEEL KING

ဂုဏ်ယူဝမ်းမြောက်စွာဖြင့်

Steel King Co.,Ltd မိသားစု



## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ သုမင်္ဂလာ၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၂၁)နေ ဦးမောင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

မြောက်လားသော်-ဆောင်းသဇင်ပေ(၃၀)လမ်း၊ တောင်လားသော်-ဦးကျော်ငွေး၏ခြံ၊ အရှေ့လားသော်-တာပေါင်ပေ(၂၀)လမ်းနှင့် ဦးကျော်ငွေး၏ခြံ၊ အနောက်လားသော်-နှင်းဆီသီဟလမ်းတွင်တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၀)၊ ကွင်းအမည်-ရေငယ်တောင်(ဦးပိုင်အမှတ်(၈၂)အသစ်၊ မြေဧရိယာ ၄ဧကရှိမြေကို ဦးစိုင်းကျော်ငွေးကိုယ်တိုင်က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးမောင်အောင်မှ စရန်ငွေအချို့တစ်ဝက်ပေးချေ၍ မြေအားလက်ရောက်ရယူပြီး ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ကိစ္စအား အပြီးအပိုင် ငွေပေးချေဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဦးမောင်အောင်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်အောင်က ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမောင်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊**
**၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၀၈၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းသွယ်၊ အမှတ်(က-၂၀)နေ ဦးဘရင်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

မြောက်လားသော်-ဒေါက်တာ မိမိလေး၏ခြံ၊ တောင်လားသော်-လမ်း၊ အရှေ့လားသော်-လမ်း၊ အနောက်လားသော်-လမ်းတွင် တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်-ရေငယ်တောင်၊ ဦးပိုင်အမှတ်(၃၈)၊ မြေဧရိယာ(၂၁) ဧကရှိ မြေကို ဦးမျိုးလွင်မှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိပိုင်ဆိုင်ပါသည်။ အထက်ပါမြေအား ပိုင်ရှင်ဦးမျိုးလွင်ကိုယ်တိုင်က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးဘရင်ဖြိုးမှ စရန်ငွေအချို့ပေးချေ၍ မြေအားလက်ရောက်ရယူပြီး ဝယ်ယူထားပါသည်။ ကျွန်ုပ် မိတ်ဆွေမှ အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဦးဘရင်ဖြိုးထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဦးဘရင်ဖြိုးက ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဘရင်ဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆**
**၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၅၈၇၅**

ABS ASIA BUSINESS SYNERGY

Asia Business Synergy Public Co., Ltd.

## Asia Business Synergy Public Co,Ltd

## ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

ပြည်တွင်း/ပြည်ပ MBA Society Member များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော Asia Business Synergy Public Co,Ltd ၏လက်ရှိပြဋ္ဌာန်းထားသည့် ကုမ္ပဏီ၏ ဆဋ္ဌမအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေး( 6th Annual General Meeting) ကိုအောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များမှ တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက်။ | ။ | ၁-၉-၂၀၁၉ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန်။ | ။ | နံနက် ၉း၃၀နာရီမှ မွန်းလွဲ ၁၂း၃၀နာရီအထိ |
| ကျင်းပမည့်နေရာ။ | ။ | CHATRIUM HOTEL , Ballroom 2 အမှတ်(၄၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

အစည်းအဝေးသို့တက်ရောက်သော အစုရှယ်ယာရှင်များအား မှတ်ပုံတင်စာရင်းသွင်းရန်နှင့် အမြတ်ဝေစုခွဲဝေကြေညာခြင်းအစီအစဉ်အလို့ငှာ အစုရှယ်ယာရှင် အသိအမှတ်ပြုလက်မှတ်(သို့မဟုတ်)နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်တကွ ကြွရောက်ပါရန်နှင့် အစည်းအဝေးသို့မတက်ရောက်နိုင်သော အစုရှယ်ယာရှင်များသည် စာတိုက်မှတစ်ဆင့် ပူးတွဲပေးပို့ထားပြီးဖြစ်သည့် ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ ထိုကိုယ်စားလှယ်အားလွှဲစာနှင့်အတူ အစည်းအဝေးများသို့ စေလွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတိုက်မှတစ်ဆင့် ပူးတွဲပေးပို့ထားပြီးဖြစ်သော ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြသော ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့်စာရင်းစစ်အဖွဲ့မှအတည်ပြုထားသော ဘဏ္ဍာရေးငွေစာရင်းရှင်းတမ်းတို့နှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးအကြံပြုလိုပါက အစုရှယ်ယာရှင်များအနေဖြင့် ဆွေးနွေးလိုသည့်အချက်များအား ကုမ္ပဏီရုံးခန်းသို့ ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့ပါရန်လေးစားစွာ အသိပေးအပ်ပါသည်။

ရွေးချယ်တင်မြှောက်ရန်ရှိသော ၂၀၁၉-၂၀၂၁ခုနှစ်သက်တမ်းကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်(၄)နေရာအတွက် ပူးတွဲပေးပို့ထားပြီးဖြစ်သော ဒါရိုက်တာအဆိုပြုလွှာတွင် အစုရှယ်ယာရှင်များမှ ကိုယ်တိုင်ပြည့်စုံစွာ ဖြည့်စွက်လက်မှတ်ရေးထိုး၍ ကုမ္ပဏီရုံးခန်းသို့ ၂၃-၈-၂၀၁၉ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ပေးပါရန် ပန်ကြားအပ်ပါသည်။

**ကုမ္ပဏီဒါရိုက်တာအဖွဲ့**
**Asia Business Synergy Public Company Limited**

## ဖခင်အမည်မှန်

ရေဖြူမြို့နယ်၊ ဖောင်းတောအုပ်စု၊ မော်ကြီးကျေးရွာနေ မောင်ထွန်းထွန်းအောင်၏ဖခင် အမည်မှန်မှာ ဦးနိုင်ထွေး ၆/ရဖန(နိုင်)၁၁၆၃၁၉ ဖြစ်ပါကြောင်း။ **ဦးနိုင်ထွေး**

## မိဘအမည်မှန်

ရေဖြူမြို့နယ်၊ ရလိုင်ကျေးရွာအုပ်စု၊ အလက (ခမောင်းချောင်း) သတ္တမတန်းမှ မအိအိနိုင်၏ မိဘအမည်မှန်မှာ ဦးဝင်းနိုင်-ဒေါ်မိချို ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်-ဒေါ်မိချို**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း၊ အထက တက္ကသိုလ်ဝင်တန်း (D)မှ မတင်တင်ဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်မြင့် ၉/မတရ(နိုင်) ၁၀၇၉၆၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရေဖြူမြို့နယ်၊ ကျောက်ထောင့်ကျေးရွာအုပ်စု၊ မူလွန် -ကျခတ္တပင်အင်း ဆဋ္ဌမတန်း(သင်ရိုးဟောင်း)မှ မောင်အာကာလင်း၏မိခင်အမည်မှန်မှာ ဒေါ်ခင်လှဲ့ ၆/ရဖန(နိုင်)၀၅၉၅၁၁ ဖြစ်ပါကြောင်း။

**ဒေါ်ခင်လှဲ့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၈၄၅)၊ မြေကွက်တည်နေရာ အမှတ်(၈၄၅)၊ နတ်ရေကန်(၂)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်ခင်ဦး ၁၂/ကတတ(နိုင်)၀၈၄၉၁၁ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဒေါ်ခင်ခင်ဦးကွယ်လွန်သဖြင့် ညီမဖြစ်သူ ဒေါ်နွယ်နွယ်ဦး ၁၂/ကတတ(နိုင်)၀၁၄၉၁၁မှ ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ် အမှတ် ၆၇၇(၆-၃-၂၀၁၈) ဖြင့်ပိုင်ဆိုင်ပြီး ဒေါ်ခင်ခင်ဦးအမည်ပေါက် နှစ်၆၀ဂရန် မူရင်းပျောက်ဆုံးကြောင်း၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်ရဲစခန်းထောက်ခံချက်၊ ပိုင်ဆိုင်စာချုပ်အမှတ် ၆၇၇(၆-၃-၂၀၁၈)တို့တင်ပြ၍ ဂရန်မိတ္တူအမည်ပြောင်းလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းအရ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ သီးခြားသတင်းစာကြော်ငြာခြင်းဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိပါသဖြင့် အမှုတွဲအမှတ်-ဒဂမ/ဂရန်မိတ္တူ-၂၀၁၈၀-၀၉၅၁၉/၀၈(၂-၁၁-၂၀၁၈)ဖြင့် ဒေါ်နွယ်နွယ်ဦးမှ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် အမှုတွဲအမှတ် ဒဂုံ(မ)မီးသတ်/၇၂/၉၄(၂၀-၆-၁၉၉၄)ရက်တွင်ထုတ်ပေးထားသည့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်ကို ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုမှတ်သားပြီးဖြစ်ကြောင်း ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၉၅၇၂/ ၂၀၁၅အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကင်းလမ်းသွယ်၊ အမှတ်(၃၆၈၊ မြေညီထပ်)ရှိ Myanmar Project Management and Engineering Construction Co.,Ltd(ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၁၀၇၂၈၀၃၆၇)မှ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ကိန္နရီသစ်ခွလမ်းသွယ်(၂)လမ်း၊ အမှတ်(O-93)နေ ဦးဆန်း လင်းအောင် (ဘ) ဦးဉာဏ်ရင် ၅/ကဘလ(နိုင်) ၁၅၄၆၅၁ သို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၄-၉-၂၀၁၅ရက်တွင် လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၅၇၂/၂၀၁၅အား Myanmar Project Management and Engineering Construction Co.,Ltd ရှိ ဒါရိုက်တာအဖွဲ့ဝင်များ၏ သဘောဆန္ဒအရ ဥပဒေနှင့်အညီ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါကြောင်း အများသိစေရန် ကြိုတင်အသိပေးကြေ ညာအပ်ပါသည်။

**Myanmar Project Management and Engineering Construction Company Limited.**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့မှ ၂၀၁၈-၂၀၁၉ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် ဆည်းလည်းအရွယ် အစားမျိုးစုံ ပိဿာချိန်(၁၀၀၀၀)ကျော်ခန့်အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ယူရမည့်ရက်/အချိန်** - 19-8-2019(9:30AM)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - 22-8-2019(4:30PM)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - 23-8-2019(10:00AM)
**တင်ဒါလျှောက်လွှာယူရန်နှင့် တင်သွင်းရမည့်နေရာ** - ဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်း

**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့မှ ၂၀၁၈-၂၀၁၉ခုနှစ်ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

**ပွဲတော်ကာလတွင်သိမ်းဆည်းထားသည့် ရွှေမိုက်များ**

| | | |
|---|---|---|
| (က) | ရွှေလှောင်စက္ကူ(၁၁/၂တင်းအိတ်) | ၁၁၃ အိတ် |
| (ခ) | သုတ်ဖတ်/တို့ဖတ်(အလုံး) | ၁၆၁ လုံး |
| (ဂ) | ကန်မြေ(မြွေခွံအိတ်ဖြင့်) | ၄၉ ပိုင်း |
| (ဃ) | မြောင်းမြေ(မြွေခွံအိတ်ဖြင့်) | ၄၁ ပိုင်း |
| (င) | ဘုရားချောက်ထဲမှရသည့်အမှိုက်အိတ်(ကြွပ်ကြွပ်အိတ်ဖြင့်) | ၉ အိတ် |
| (စ) | ရွှေပန်းချီစုတ်တံ | ၂၉၈ ချောင်း |

**တင်ဒါလျှောက်လွှာစတင်ယူရမည့်ရက်/အချိန်** - 19-8-2019(10:00AM)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - 22-8-2019(4:30PM)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - 23-8-2019(12:00PM)
**တင်ဒါလျှောက်လွှာယူရန်နှင့် တင်သွင်းရမည့်နေရာ** - ဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်း

**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့၊ အထက ဝက်ပုတ် နဝမတန်းမှ မနှင်းဆီလွင်၏ ဖခင် ဦးလင်းလင်း ၉/လဝန(နိုင်)၂၄၁၂၁၄နှင့် ဦးကိုလင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးလင်းလင်း(ခ)ဦးကိုလင်း**

### ဖခင်အမည်မှန်

မူဆယ်မြို့၊ ဖောင်ဒေးရှင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ သတ္တမတန်းမှ မောင်သန့်စည်သူအောင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းအရ ဦးသန်းဇော်ဦး ၇/ဝမန(နိုင်)၀၅၃၅၉၈ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်ဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် MHP ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်ဖြိုး၏ဖခင် ဦးသန်းလှိုင် ၉/လဝန(နိုင်)၀၄၅၆၉၂နှင့် ဦးသန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးသန်းလှိုင်(ခ)ဦးသန်း**

### ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက (ကျောက်တံခါး) တက္ကသိုလ်ဝင်တန်း Kမှ မဝတ်ရည်လွင် ၇/ကတခ(နိုင်)၂၀၇၄၀၅၏ ဖခင် ဦးကျော်နိုင်၏အမည်မှန်မှာဦးနိုင်လင်း ၇/ကတခ(နိုင်)၀၉၁၁၃၀ ဖြစ်ပါကြောင်း။
**ဦးနိုင်လင်း**

### ဖခင်အမည်မှန်

ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဆည် (အထက-ခွဲ) အဋ္ဌမတန်းမှ မဇင်မာခိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းပို ၉/ငသရ(နိုင်)၀၀၆၄၈၆ ဖြစ်ပါကြောင်း။
**ဦးဆန်းပို**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း Kမှ မခိုင်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးလှိုင် ၉/ရမသ(နိုင်)၁၀၈၇၄၅ ဖြစ်ပါကြောင်း။
**ဦးစိုးလှိုင်**

### အမည်မှန်

ညောင်ဦးမြို့နယ်၊ စဉ့်ကူ အထက ကျောင်း တက္ကသိုလ်ဝင်တန်းမှ မမြင့်ဇူသင်း၏ အမည်မှန်မှာ မမဥ္ဇူသင်းဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၉/ညဥန(နိုင်)၁၃၅၁၅၉ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းစံဆာ ၁၃/သသန(နိုင်) ၀၃၆၃၈၇၏ Passport No(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၃၃၅၇၀၁၄**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒက္ခိဏခရိုင်တရားမရုံးတော်
## ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၈

ဒေါ်ညိုညိုနွဲ့ နှင့် မခင်မိုးဦး
**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင် (၂)ရပ်ကွက်၊ နယ်မြေ(၁၇)၊ ရန်နိုင်(၁)လမ်း၊ အမှတ် (၁၇/၅၅) (ယခုနေရပ်လိပ်စာမသိ)နေ လျှောက်ထားခံရသူ မခင်မိုးဦး သိစေရမည်။

သင့်အပေါ်၌ လျှောက်ထားသူက အရွယ်မရောက်သေးသူ မသဇင်မိုးမြင့် (၁၄)နှစ်နှင့် မရတီမိုးမြင့် (၇)နှစ်တို့နှင့်တကွ ၎င်းတို့ပိုင်ပစ္စည်းများအပေါ် အုပ်ထိန်းခွင့်လက်မှတ်ရလိုမှုကို စွဲဆိုထားပြီးဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၈ ရက် (၁၃၈၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၀၉း၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ လျှောက်ထားသူစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားပြိုင်က ကြည့်ရှုလိုသည့်အတွက် စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ဒက္ခိဏခရိုင်တရားရုံး**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့်ချလန်ရုံးများကို ၂၀၁၉ခုနှစ် ဩဂုတ် ၁၂ရက် အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ဘဏ်များမှ ပေးပို့လျက်ရှိသည့် အစီရင်ခံစာများအား Online ဖြင့် Real Time ပေးပို့နိုင်ရေးအတွက် Management Information System (MIS)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပြီး ၎င်းအတွက် Application Vendor ငှားရမ်းခေါ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များတွင်ပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းလိုအပ်ချက်များအရ အသေးစိတ်အချက်အလက်များ Tender Document တို့ကို ၁၃-၈-၂၀၁၉ရက်မှ ၁၅-၈-၂၀၁၉ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ်(စက်မှု)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၈-၂၀၁၉ ရက် နောက်ဆုံးထား၍ နံနက် ၉း၃၀ နာရီမှ မွန်းလွဲ ၁း၃၀နာရီအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသည့် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် ၃လသက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရမည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန(ရန်ကုန်ဘဏ်ခွဲ)၊ ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၀၁၁၂၂၇၇ နှင့် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(နေပြည်တော်)၊ လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၃၄၁၈၂၉၃ တို့သို့ လည်းကောင်း၊ Email Address: PCU.cbm.fsdp@mptmail.com.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မြစ်ကြီးနားမြို့ အေးမြသာယာအဆင့်မြင့်ဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ ဝယ်ယူသူများနှင့် အများသိစေရန်ကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ရွှေလမ်းမဘေးရှိ အေးမြသာယာအဆင့်မြင့်ဈေးဆိုင်ခန်းများနှင့်ပတ်သက်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီမှ အေးမြသာယာဈေး (အဆင့်မြင့်ဈေး) တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၂ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပါသည်။ ယခုအခါတွင် အဆိုပါအေးမြသာယာဈေးကြီးအား စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ရေးအတွက် မဥ္ဇူသာကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ အဆိုပါအေးမြသာယာအဆင့်မြင့်ဈေးဆိုင်ခန်းများကို ဝယ်ယူထားသူများအနေဖြင့် မဥ္ဇူသာကုမ္ပဏီနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ရန် အေးမြသာယာဈေးကြီးမြေညီထပ်တွင် ဖွင့်လှစ်ထားရှိသော ကုမ္ပဏီရုံးခန်းသို့ ၂၀၁၉ခုနှစ် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **လွှဲအပ်ညွှန်ကြားသူ-** |
| **ဒေါ်သန်းသန်းဝင်း(LL.B)** | **မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီ** |
| **တရားလွှတ်တော်ရှေ့နေ** | **ရွှေလမ်းမဘေး၊ မြို့သစ်ကြီးရပ်ကွက်** |
| **စဉ်(၂၇၃၈)(၂၄-၈-၁၉၈၄)** | **မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်** |
| **အမှတ်(၆၇၄)၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့** | **ဖုန်း-၀၉-၄၂၄၈၄၂၅၅၂** |
| **ဖုန်း-၀၉-၇၉၃၀၁၀၃၃၂** | **၀၉-၄၀၃၇၁၆၈၄၈** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ အကွက်အမှတ် (၁၆၄၁)၊ ဧရိယာ ၀ဒသမ၀၈၂၈ဧက၊ (၆၀×၆၀)ပေရှိ မြေကွက်အား အမည်ပေါက်သူ ဦးမြင့်သူ ၉/လဝန(နိုင်)၁၇၇၄၅၈ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြိမ်းအေးထွန်းက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မို့မို့စိန်(LL.B)** | **ဒေါ်ဝေနှင်းခိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၈၀/၂၀၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၇၄၀၀)** |
| **နေပြည်တော်စည်ပင်ဝန်ထမ်းအိမ်ရာ၊** | **နယ်မြေ(၁၀)၊ လက်ပံခါးလှ၊** |
| **ဖုန်း-၀၉-၄၃၀၁၅၇၄၈** | **ဇမ္ဗူသီရိမြို့၊ ၀၉-၄၂၀၇၇၃၁၁၈** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်စောကထရီ(ခ)ဒေါ်ခင်ကြည် MMN-၅၆၁၅၁၉ (ဘ)ဦးဆာမူတီး အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၁၇၂၈)ကို ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၇၈/၂၀၁၅)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ် ရရှိထားသူ ဒေါ်ရတနာမိုး ၉/တကန(နိုင်)၀၉၉၉၅၇ (ဘ)ဦးထွန်းကြိုင်မှ ဦးဝဏ္ဏ ၅/အတန(နိုင်)၀၅၆၄၅၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
## ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုလုပ်ငန်းများအတွက် ဆောင်ရွက်သွားမည့် လုပ်ထုံးလုပ်နည်းများကို
## ကြိုတင်အသိပေးခြင်း

၁။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၄၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ နိုင်ငံတော်က ပြင်ဆင်သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်နှင့်အညီ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသောနှစ်များကို တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ စက်တင်ဘာလ ၃၀ရက်နေ့အထိ အကျိုးသက်ရောက်မည်ဖြစ်၍ အဆိုပါ ခြောက်လတာကာလနှင့်ပတ်သက်၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပဖြစ်သော ကျန်အခွန်ထမ်းအားလုံးအတွက် အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်းသော သတ်မှတ်ချက်လုပ်ထုံးလုပ်နည်းများကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website (www.ird.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ကြေညာလွှာ တင်သွင်းခြင်း
(ခ) စည်းကြပ်နှစ် သတ်မှတ်ချက်
(ဂ) လိုက်နာကျင့်သုံးမည့် လုပ်ထုံးလုပ်နည်း။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
### သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်
### အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၂/၂၀၁၉)(၂၇-၈-၂၀၁၉)
## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက် ရောင်းဝယ်ရေးဌာနမှ ဒဂုံ(တောင်)သစ်ဆိပ်အတွင်းရှိ ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **ရောင်းချမည့်ရက်** | - ၂၇-၈-၂၀၁၉ရက်(အင်္ဂါနေ့) |
| (ခ) | **ရောင်းချမည့်အချိန်** | - (၁၃း၀၀)နာရီ |
| (ဂ) | **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** | - ကျွန်းသစ်လုံး၊ (၁၉၁၁)လုံး၊ (၁၄၆၂.၁၂၂)တန် |
| (ဃ) | **ရောင်းချမည့်နေရာ** | - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄)ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |

၂။အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း -၀၁-၉၀၁၀၇၃၅၊ ၀၉-၄၅၂၃၃၆၁၁၂၊ ၀၉-၄၅၀၀၂၅၉၃၁ နှင့် ၀၉-၇၉၉၅၇၄၀၃၉ သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/8775၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ နေပြည်တော်**

### မိခင်အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းချိုဇင်သဲ (ကဝ-၂၉၄)၏ မိခင်အမည်မှန်မှာ ဒေါ်စမ်မို ဖြစ်ပါကြောင်း။

### အမည်မှန်

သီပေါမြို့ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းနွန်းဟွမ်(ကဝ-၃၁၂)၏ အမည်မှန်မှာ နန်းနွမ်းဟွမ်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းနောင် ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ နန်းဆိုင်ခမ်း(ကဝ-၃၄၄)၏ မိဘအမည်မှန်မှာ ဦးစိုင်းဆိုင်လီနှင့် ဒေါ်နန်းလိုင်ခမ်းတို့ ဖြစ်ပါသည်။

### မိခင်အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းရွှေအိမ် (ကဝ-၄၂၅)၏ မိခင်အမည်မှန်မှာ ဒေါ်နန်းဦးဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

သီပေါမြို့ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မယွန်းနဒီ (ကဝ-၂၆၁) ၏ မိခင်အမည်မှန်မှာ ဒေါ်လှယဉ်ထွေး ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းအိသန္တာထွန်း (ကဝ-၃၁၇)၏ အမည်မှန်မှာ မအိသန္တာထွန်းဖြစ်ပြီး၊ မိခင်အမည်မှန်မှာ ဒေါ်အေးယိန်း ဖြစ်ပါသည်။

### မိဘအမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းလောဝ်ခမ်း(ကဝ-၃၇၅)၏ မိဘအမည်မှန်မှာ ဦးစိုင်းဆန်ကျော်နှင့် ဒေါ်အေးမိုးဖြစ်ပါကြောင်း။

### မိဘအမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းစံဖောင်း(ကဝ-၂၈၈)၏ မိဘအမည်မှန်မှာ ဦးစိုင်းလူနှင့် ဒေါ်နန်းညွန့်ကြည်တို့ ဖြစ်ပါကြောင်း။

### အမည်မှန်

ဦးမောင်လွင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တင်သားရွာ အထက ပဉ္စမတန်း(အောင်)မှ မောင်မိုးထက်သန်၏ အမည်မှန်မှာ မောင်မိုးထက်လွင်ဖြစ်ပါကြောင်း။
**မောင်မိုးထက်လွင်**

### အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းအောင်ရဲဇော် (ကဝ-၃၀၅)၏ အမည်မှန်မှာ စိုင်းအောင်ရဲဇော်ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်နန်းအောင် ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းလူ(ကဝ-၃၀၁) ၏ မိခင်အမည်မှန်မှာ ဒေါ်နန်းအေးဥ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးသန်းဇော်မင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက(၃) ပထမတန်းမှ မောင်ထက်ဘုန်းခန့်အား မောင်အောင်နိုင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။
**မောင်အောင်နိုင်ထွန်း**

### မိဘအမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ စိုင်းကောင်းလျှန်း(ကဝ-၃၅၈)၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိုင်းခမ်းပန်နှင့် ဒေါ်နန်းရွှေတို့ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းအိချိုဇင်(ကဝ-၂၉၃) ၏ မိခင်အမည်မှန်မှာ ဒေါ်စမ်မို ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဇော်နိုင် ၁၁/ပဏတ(နိုင်)၁၁၁၉၀၂ ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၉၀၀၈၃၅၀**

### မိခင်အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အားပို(ကဝ-၃၄၀)၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်အားဆာမာ ဖြစ်ပါကြောင်း။

### အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှနန်းလပြည့်(ကဝ-၃၅၀)၏အမည်မှန်မှာ နန်းလှပြည့်ဖြစ်ပြီး မိဘမည်မှန်မှာ ဦးစိုင်းထွန်းမြတ်နှင့် ဒေါ်နန်းရွှေငွေတို့ဖြစ်ပါသည်။

### အမည်မှန်

စစ်တွေမြို့၊ အထက(မင်းဂံ)၊တက္ကသိုလ်ဝင်တန်း(ခ)မှ ဦးအောင်သိန်းချေ၏သမီး မခင်ခင်ငွေး၏အမည်မှန်မှာ မခင်ခင်ထွေး ဖြစ်ပါကြောင်း။
**မခင်ခင်ထွေး**

### မိဘအမည်မှန်

သီပေါမြို့ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ချန်ဆုန်း (ကဝ-၃၃၉)၏ မိဘအမည်မှန်မှာ ဦးမောင်စန်းနှင့် ဒေါ်အဖူးမားတို့ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

သီပေါမြို့၊ ဒေါ်နန်းငွေငွေဦး ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းယိင်းမိုခမ်း (ကဝ-၂၅၁)၏ မိခင်အမည်မှန်မှာ ဒေါ်နန်းကျိန်ခမ်း ဖြစ်ပါသည်။

### ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက(မင်းဂံ) နဝမတန်းမှ မဇာဇာလွင်နှင့် ဒုတိယတန်းမှ မမွန်မြတ်သူတို့၏ ဖခင်အမည်မှန်မှာ ဦးစောမြိုင် ၁၁/စတန(နိုင်)၀၉၂၅၈၉ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်

**၁၃၈၁ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်**
**၂၀၁၉ ခုနှစ် ဩဂုတ် ၉ရက်**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စက်တင်ဘာလ ၁၆ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရတနာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲတွင် တင်ပြရောင်းချမည့်ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ရက်မှ စက်တင်ဘာ ၂ရက်ထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့်လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်ထိ မန္တလေးမြို့နှင့် မိုးကုတ်မြို့တို့တွင် စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများဖွင့်လှစ်ပြီး သက်ဆိုင်ရာမြို့နယ်များရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ ပြည်တွင်းရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်မှစတင်၍ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည်မှတ်ပုံတင်အဆောက်အအုံတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကိုပြပွဲတက်ရောက် ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၇။ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၉ ရက်မှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ပြပွဲဝင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေးအတွက် ပြပွဲဝင်ခွင့်ပုံစံများကို www.mining. gov.mm နှင့် www.mge.gov.mm တို့မှတစ်ဆင့် Download ရယူ၍ ကြိုတင်ဖြည့်စွက်မှတ်ပုံတင်နိုင်ပါသည်။ On-line မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm ,On-line Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၈။ ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ လုံးခင်း/ဖားကန့်တူးဖော်ရေးဌာန၊ မိုးကုတ်တူးဖော်ရေးဌာန၊ မိုင်းရှူးတူးဖော်ရေးဌာန၊ ရန်ကုန်ပြတိုက်ဌာန၊ မန္တလေးစခန်းရုံး၊ ခန္တီးစခန်းရုံး၊ မိုးညှင်းစခန်းရုံး၊ မြစ်ကြီးနားစခန်းရုံးများတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## လေလံကြော်ငြာစာအမှတ် (၁/၂၀၁၉)

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၁-၁၀-၂၀၁၉ ရက်မှ ၃၀-၉-၂၀၁၉ ရက်အထိ)အတွက် အခွင့်အရေးလိုင်စင်များအား ၁၉-၈-၂၀၁၉ ရက်တွင် ပထမအကြိမ်၊ ၂၃-၈-၂၀၁၉ ရက်တွင် ဒုတိယအကြိမ်၊ ၂၈-၈-၂၀၁၉ရက်တွင် တတိယအကြိမ်၊ ၅-၉-၂၀၁၉ ရက်တွင် ချိပ်ပိတ်တင်ဒါ၊ ၁၂-၉-၂၀၁၉ ရက်တွင် အခြားနည်းများဖြင့် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ နံနက် ၁၀း၀၀ နာရီတွင် သက်တမ်းတိုးစနစ်/ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ လေလံစည်းကမ်းညွှန်ကြားချက်များနှင့်ညီညွတ်သော မြန်မာနိုင်ငံသားမည်သူမဆို လေလံဆွဲဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးဖုန်း ၀၅၄-၄၀၀၂၇ သို့ စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လေလံရောင်းချရေးအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကလေးခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၀**

ဒေါ်ခိုင်ဇာလင်း နှင့် ဒေါ်ကြည်ကြည်ငွေး
**တရားလို** **တရားပြိုင်**

ဒေါ်ကြည်ကြည်ငွေး အိမ်အမှတ်(၉/၅၀)၊ မြို့လှရပ်ကွက်၊ ကလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခိုင်ဇာလင်းက မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ပါ ကတိပဋိညာဉ်အတိုင်း စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် အိမ်နှင့်မြေဥပစာအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက် (၁၃၈၁ ခုနှစ် တော်သလင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ၏လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ပြုံးရီ)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**၂၀၁၉ ခုနှစ် ဇူလိုင် ၂၄ ရက်**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်ခင်းကွင်းနယ်မြေများတွင်အသုံးပြုရန် လိုအပ်သော Forklift (3 Ton) ယာဉ်(၂)စီးနှင့် Forklift (5 Ton) ယာဉ်(၁)စီးတို့ကို နိုင်ငံခြားငွေဒေါ်လာဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၄-၇-၂၀၁၉ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၈-၂၀၁၉ ရက် ၁၆း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၈၁၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး အိတ်ဖွင့်တင်ဒါပုံစံများထုတ်ယူရာတွင် လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင်သို့မဟုတ် ကိုယ်စားလှယ်ဖြင့် ထုတ်ယူဆောင်ရွက်ရပါမည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် ဈေးနှုန်းထည့်သွင်းဖော်ပြထားသည့် တင်သွင်းလွှာနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ ခေါ်ယူထားသည့် တင်ဒါပါလုပ်ငန်းများနှင့် ကိုက်ညီမှုရှိ မရှိစစ်ဆေးနိုင်ရန်အတွက် ဈေးနှုန်းထည့်သွင်းဖော်ပြထားခြင်းမရှိသည့် တင်သွင်းလွှာမိတ္တူ(၁)စုံတို့အား ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်သို့လိပ်မူပြီး ၂၅-၈-၂၀၁၉ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အရောက်ပေးပို့ရပါမည်။

၆။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်ကို ထပ်မံအကြောင်းကြားပေးသွားပါမည်။ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါစာရွက်စာတမ်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website www.mge.gov.mm တွင် အခမဲ့ရယူနိုင်ပါသည်-

(က) တင်ဒါလမ်းညွှန်နှင့် စည်းကမ်းသတ်မှတ်ချက်များ။
(ခ) တင်ဒါတင်သွင်းခြင်းစာမူပုံစံ။
(ဂ) စံချိန်၊ စံညွှန်း။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား

**ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ကုန်တွဲများဝယ်ယူ၍ ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် စိတ်ဝင်စားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ ဖိတ်ကြားခြင်း**

၁။ မြန်မာ့မီးရထားသည် ဂျပန်နိုင်ငံမှ (JICA)နှင့်ပူးပေါင်း၍ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းများပြီးစီးပါက ရထားလမ်း၏ ဝင်ရိုးဝန်ချိန် (Axle Load)မှာ လက်ရှိ ၁၂ဒသမ၅တန်မှ တန် ၂၀သို့ တိုးမြှင့်သယ်ယူနိုင်ပါမည်။

၂။ ထိုသို့ ဝင်ရိုးဝန်ချိန် (Axle Load)ပြောင်းသွားသည်နှင့်အညီ ပြေးဆွဲနေသော ကုန်တွဲများ၏ တင်နိုင်စွမ်းမှာလည်း ပိုမိုလာပါမည်။ လက်ရှိကွန်တိန်နာတင်ဆောင်နေသောတွဲများသည် ကုန်ပစ္စည်းအလေးချိန်(၃၁)တန်ဝန်းကျင်သာ သယ်ဆောင်နိုင်သဖြင့် ပေ(၂၀)ကွန်တိန်နာတစ်လုံးသာသယ်ဆောင်နိုင်ရာမှ ပေ(၂၀)ကွန်တိန်နာ(၂)လုံး(သို့မဟုတ်) ပေ(၄၀)ကွန်တိန်နာ(၁)လုံး သယ်ဆောင်နိုင်လာပါမည်။

၃။ အဆိုပါပြောင်းလဲလာသည့်အခြေအနေအရ မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ဝင်ရိုးဝန်ချိန် (Axle Load)(၁၇)တန်ရှိသော တွဲများဝယ်ယူ၍ ကုန်ရထားပြေးဆွဲမည်ဖြစ်သဖြင့် ထိုတွဲများဝယ်ယူရန် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်၍ ပြည်တွင်း၌ ကုန်ပစ္စည်းအသင့်ရှိပြီး ရထားအစင်းအလိုက် ကုန်သယ်ယူပို့ဆောင်လိုသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကုမ္ပဏီများအား လျှောက်လွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၄။ လျှောက်လွှာများတင်သွင်းရာတွင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထားထံ လိပ်မူလျှောက်ထားရန်နှင့် ၁၅-၁၀-၂၀၁၉ရက် နောက်ဆုံးလျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်ထားသူများနှင့် မြန်မာ့မီးရထားတို့သည် လျှောက်လွှာတင်သွင်းရက်ကုန်ဆုံးပြီးနောက် မြန်မာ့မီးရထားမှ သတ်မှတ်မည့်ရက်တွင် မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်၌ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသေးစိတ်ညှိနှိုင်းအစည်းအဝေး ပြုလုပ်ဆောင်ရွက်ကြပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

(က) လက်ထောက်အထွေထွေမန်နေဂျာ(ကုန်စည်)၊ ရုံးချုပ် နေပြည်တော်ဘူတာကြီး ဖုန်း-၀၆၇-၇၇၀၆၈
(ခ) ဒုတိယအထွေထွေမန်နေဂျာ(ကုန်စည်)၊ ရုံးချုပ် နေပြည်တော်ဘူတာကြီး ဖုန်း-၀၆၇ -၇၇၀၈၅
(ဂ) အထွေထွေမန်နေဂျာ(စီးပွားရေး)၊ ရုံးချုပ် နေပြည်တော်ဘူတာကြီး ဖုန်း-၀၆၇-၇၇၀၁၃

**မြန်မာ့မီးရထား**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပဲခူးခရိုင်တရားမရုံးတော်၌**
**၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၉၆ နှင့်ဆက်သွယ်သည့်**
**၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၅၇**

မန်နေဂျာ နှင့် (၁) ဒေါ်ခင်စု
မြန်မာ့စီးပွားရေးဘဏ် (၂) ဒေါ်ခိုင်ခိုင်အုန်း
လှည်းကူးမြို့
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၁၈)၊ အမှတ်(၄၆)နေ (၁) ဒေါ်ခင်စု၊ (၂) ဒေါ်ခိုင်ခိုင်အုန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၉၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်၊ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ လှည်းကူးမြို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက် (၁၃၈၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၉ ခုနှစ် ဇူလိုင် ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းနွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ကြောင်း

ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာ အထက(ခွဲ) ဆဋ္ဌမတန်း (A) မှ မောင်ချမ်းသော်တာ၏ဖခင် ဦးလှမျိုးမြင့် (ခ)ဦးငွေးလင်း ၅/ခဥတ(နိုင်) ၀၇၃၉၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တမူးခရိုင်၊ မြို့သစ်မြို့ အထက သတ္တမတန်းမှ မဖူးဖူးဝေ၊ ပဉ္စမတန်းမှ မောင်ဆိုင်းဂျာနော်တို့၏ ဖခင်အမည်မှန်မှာ ဦးဂန်မအောင် ၅/တမန(နိုင်) ၀၄၆၄၄၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၂)၊ နဝမတန်း(C)မှ ကောင်းမြတ်ကျော်၏ ဖခင် မောင်မောင်အေး ၁၁/မဥန(နိုင်) ၀၄၉၆၉၇၏ အမည်မှန်မှာ တင်မောင်အေးဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ နီးမှတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဆဋ္ဌမတန်းမှ မင်းရတနာထွန်း၏ ဖခင်အမည်မှန်မှာ ဦးစောလှဘုန်း ၁၀/ခဆန(နိုင်) ၀၇၈၄၃၇ ဖြစ်ပါကြောင်း။

**ဦးစောလှဘုန်း**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁)၊တက္ကသိုလ်ဝင်တန်း(E)မှ ရွှေမြတ်သိန်း၏ ဖခင်အမည်မှန်မှာ စိုးမင်းသန်း ၁၁/မဥန(နိုင်)၀၉၀၂၆၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မုံတိုင်ပင် အထက တက္ကသိုလ်ဝင်တန်း(က)မှ မောင်မျိုးလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၁၃/နဆန(နိုင်)၀၀၆၀၈၁ ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၂)၊ နဝမတန်း(C)မှ မောင်ဆန်းထွန်း၏ ဖခင်ဇော်လင်းထွန်း ၁၁/မဥန(နိုင်)၀၅၉၆၀၂၏ အမည်မှန်မှာ ဇင်နှင်းထွန်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မုံတိုင်ပင် အထက အဋ္ဌမတန်း(ခ)မှ မရွှေရည်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၅/ကဘလ(နိုင်)၁၃၃၇၄၅ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

## ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဘိုစိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိန်မြထွန်း ၁၁/စတန(နိုင်)၁၀၈၉၃၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် မုံတိုင်ပင် အထက နဝမတန်း(က)မှ မမေသကြံန်ဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းကို ၅/ရဥန(နိုင်)၀၆၈၇၉၄ ဖြစ်ပါကြောင်း။

**ဦးမင်းကို**

## တစ်ဦးတည်းဖြစ်ကြောင်း

မောင်တောမြို့၊ ကညင်တန်း မြို့မကျေးရွာနေ ဦးနူရ်ကာမာလ် AK-232433 နှင့် အမက(မြောချောင်း) မူလတန်းပြ ဦးမောင်လှထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မုံတိုင်ပင် အထက တက္ကသိုလ်ဝင်တန်း(က)မှ မောင်ဖြိုးဝေအောင်၏ မိခင်အမည်မှန်မှာ ဒေါ်လပြည့်ဝန်း ၅/ရဥန(နိုင်)၁၁၈၆၆၂ ဖြစ်ပါကြောင်း။

**ဒေါ်လပြည့်ဝန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/ကံဆွယ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၆-ခ)၊ မြေဧရိယာ ၀ဒသမ၀၃၆ဧကရှိ အစိုးရ(မြို့မြေ)မြေကွက်အား ဒေါ်နော်ဇီဇဝါဘ(ဘ)ဦးဘသာ ၇/တငန(နိုင်)၁၀၃၀၉၀မှ အရောင်းအဝယ်ကတိစာချုပ်၊ ဝယ်ယူကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော မျိုးမြင့်ဟိန်း-၁ အမည်ရှိ မြိတ်ခရိုင်နှင့်ထားဝယ်ခရိုင် ငါးဖမ်းရေယာဉ်(ရေယာဉ်မှတ်ပုံတင်အမှတ် FMD/0047/09)ရေယာဉ်၏ တန်ချိန်-၂၅.၀၆ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးစိုးအောင် ၆/မအရ(နိုင်)၀၆၀၅၈၂အမည်မှ ဦးဝေလင်းအောင် ၆/မအရ(နိုင်)၀၀၅၀၂၉ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၈၂ဧက၊ မြေကွက်အမှတ်(ဥ-၄၇၁)၊ ဒေါ်ခင်လှိုင် ၉/ပမန(နိုင်)၁၁၉၅၀၂ (ဘ)ဦးအေးမောင် အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်ဝါဝါဇော် ၁/မကန(နိုင်)၀၀၁၆၁၈ (ဘ)ဦးသိန်းဇော်မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ /ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဥတ္တရသီရိမြောက်ရပ်ရှိ မြေကွက်အမှတ်(ဥ-၇၃၆၆)၊ ဦးအေးကို ၃/ဘအန(နိုင်)၀၆၁၅၀၂ (ဘ)ဦးတင်အောင် အမည်ပေါက်ပါမစ်မြေကွက်ကို ဦးလှမော်ထွန်းနွဲ့ ၁၂/လမန(နိုင်)၀၂၁၅၇၉ (ဘ)ဦးသန်းနွဲ့မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်မိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေကွက်ယာယီချထားပေးသည့် စလစ်မိတ္တူ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြပြီး မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဦးတိုး၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကုက္ကိုလ်ကျေးရွာနေ ဦးချစ်၏အမည်မှန်မှာ ဦးဖိုးချစ် ၅/ကလထ(နိုင်)၀၈၅၉၉၀ ဖြစ်ပါကြောင်း။

**ဦးဖိုးချစ်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အခြေခံပညာထ(ခွဲ)၊ လ(၄)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကျော်သူရိန်စိုး၏ ဖခင်အမည်မှန်မှာ ဦးရာမက်တွလ္လာ MME-၆၆၈၁၅၆ ဖြစ်ပါသည်။

**ဦးရာမက်တွလ္လာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့ အမှတ်(၁၀) ဦးဖိုးကျားလမ်း/ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့် နေထိုင်သူ (ဦးဘရွှေ)၏သမီး ဒေါ်တင်တင်ကြီး ၁၂/မဂတ(နိုင်)၀၄၇၃၀၃ နှင့် ဒေါ်တင်မကြီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဒေါ်တင်တင်ကြီး(ခ)ဒေါ်တင်မကြီး**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ တောက္ကရပ် အထက(ခွဲ) အဋ္ဌမတန်းမှ မောင်မင်းထက်ဇော်နှင့် တတိယတန်းမှ မောင်ကောင်းခန့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၅/ကဘလ(နိုင်)၁၁၀၄၀၅ ဖြစ်ပါကြောင်း။

**ဦးဇော်လင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးကုတ်မြို့၊ မြို့မရပ်ကွက် (တောင်ကချင်ရပ်) ဦးကူမာရ်-ဒေါ်နှင်းနှင်းအေးတို့၏သား မောင်သန့်ဇော်ဦး(ခ)မောင်သန့်ဇော်လတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သန့်ဇော်ဦး (ခ)**
**မောင်သန့်ဇော်လတ်**

## ဖခင်အမည်မှန်

မြို့သစ်မြို့နယ်၊ အထက (ဝါးကြီးအိုင်)၊ တက္ကသိုလ်ဝင်တန်းမှ မအေးဝတ်ရည်ဖြိုး၊ မကွေးမြို့နယ်၊ မူလွန်-ကျောင်းဆောင်၊ သတ္တမတန်းမှ မောင်ဟိန်းမင်းထက်၊ ပထမတန်းမှ မနန်းစုရတီစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းကျော်အေး ၈/မကန(နိုင်)၁၅၂၈၀၆ ဖြစ်ပါကြောင်း။

**ဦးထွန်းကျော်အေး**

## ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက (သစ်ရာကောက်)၊ တက္ကသိုလ်ဝင်တန်း(B) မှ မောင်ဝေဖြိုးသူ၊ မကွေးမြို့နယ်၊ အလက(ခွဲ)(ဆူးပြစ်စမ်း)၊ ဆဋ္ဌမတန်းမှ မောင်ထက်ဇော်လင်းနှင့် မောင်တိုးဇော်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအာကာမျိုး ၈/မကန(နိုင်)၁၆၂၀၈၈ ဖြစ်ပါကြောင်း။

**ဦးအာကာမျိုး**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတက္ကသိုလ်၊ တတိယနှစ် (စီးပွားရေး) အထူးပြု၊ အဝေးသင်တက္ကသိုလ်မှ မောင်အောင်ကျော်မျိုးနှင့် မကွေးမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်ဟိန်းလှိုင်ဖြိုးတို့၏ဖခင် ဦးထွန်းနိုင်နှင့် ဦးထွန်းထွန်းနိုင် ၈/မကန(နိုင်)၁၅၃၄၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်(ခ)ဦးထွန်းထွန်းနိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ချောင်းဦးမြို့နယ်၊ မုန်ချိုကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအေးအေး၏ဖခင် ဦးဇော် (ခ) ဦးသိန်းရီ ၅/ခဥတ(နိုင်)၀၈၁၇၉၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ တင်းတိန်ရုံဈေး၊ ထန်းတောဗောဓိ အထက တက္ကသိုလ်ဝင်တန်းမှ မရီရီဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်း ၅/ရဥန(နိုင်) ၀၂၁၈၀၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၉၈၈၄၇ ဂျာလင်း၊ နိုင်တီး M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၅/မရန(နိုင်) ၀၂၀၂၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး
# ဒေါ်ခင်လေး
# အသက်(၇၄)နှစ်

မန္တလေးမြို့၊ (မ-၃၈/၅)၊ ၄၂လမ်း၊ ၅၃×၅၄လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်နေ ဦးဝင်းနိုင်-ဒေါ်ဝေဝေမွန်(ရွှေဟိန်းထက်-ကျောက်မျက်ကုမ္ပဏီ)၊ ဦးနိုင်လင်းအောင်-ဒေါ်သူဇာ(စိန်ယမင်း-ပွဲရုံ)၊ ဦးကျော်ဇောလင်း-ဒေါ်သန္တာမြင့်၊ ဦးဇော်မျိုးအေး-ဒေါ်နှင်းနွယ်စိုး(ရွှေဖြိုးဟိန်း-ပွဲရုံ)၊ ဦးမင်းသိခ်-ဒေါ်အေးနှင်းဖြူ(မင်းမာန်ဟုန်ကုမ္ပဏီ)တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွား၊ (ဦးချစ်ငွေ)၏ဇနီးသည် ၇-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အမည်ပြောင်း

ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသိဒ္ဓိ ရပ်ကွက်နေ ဦးအောင်ပိုင်ရွှေ၏သား မောင်ဘုန်းပြည့်မင်းအား မောင်မင်းသုတအောင်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/ 4371 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မူဆယ်)၊မူဆယ်မြို့**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ရုံးတောကျေးရွာ(အထက-ခွဲ) အဋ္ဌမတန်းမှ မသော်တာလင်းနှင့် ဆဋ္ဌမတန်း(သင်ရိုးသစ်)မှ မောင်ရှိုင်းမင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးစောထွန်းနိုင် ၈/မသန(နိုင်)၀၆၆၉၆၅ ဖြစ်ပါသည်။ **ဦးစောထွန်းနိုင်**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဘိသလွန်အုပ်၊ ကရင်တောကျေးရွာ၊ ပန်းတောကြီး အထက တက္ကသိုလ်ဝင်တန်းမှ မစုမြတ်အောင်၏ဖခင်အမည်မှန်မှာ ဦးသက်ဇော်အောင် ၁၄/လမန(နိုင်)၀၈၁၉၇၇ ဖြစ်ပါကြောင်း။ **ဦးသက်ဇော်အောင်**

### မွေးသက္ကရာဇ်အမှန်

ဦးဇော်ဇော် ၁၄/လမန(နိုင်)၀၇၁၉၁၈ ၏သားဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့၊ သိမ်ကုန်းအုပ်စု၊ ညောင်ဝိုင်းကျေးရွာနေ ဒုတိယနှစ်(ပထဝီ) ဟသ်ာတတက္ကသိုလ်မှ မောင်လှိုင်မင်းထွဋ် ၁၄/လမန(နိုင်) ၁၀၇၈၀၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁-၂၀၀၀ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့နယ်၊ ဆွမ်းချက် အထက(ခွဲ)တွင် တာဝန်ထမ်းဆောင်နေသော မူလတန်းပြဆရာမ ဒေါ်မူမူအောင် ၁၁/စတန(နိုင်)၀၅၆၉၆၄ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် အရ ၁၅-၆-၁၉၈၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ စဉ့်ကူအထက နဝမတန်း(B)မှ မအိဇာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းထူး ၉/ညဉန(နိုင်)၁၉၀၉၄၆ ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းထူး**

### ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄) အဋ္ဌမတန်း(D)မှ မအိအိဆွေ၏ ဖခင်အမည်မှန်မှာ ဦးဟန်ရွှေ ၉/တသန(နိုင်)၀၇၇၄၅၁ ဖြစ်ပါကြောင်း။ **ဦးဟန်ရွှေ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပွင့်ဖြူမြို့နယ်၊ မဲဇလီ အထက တက္ကသိုလ်ဝင်တန်း(A)မှ မဆုနှင်းဆီ၏ဖခင် ဦးခင်ရွှေနှင့် ဦးအောင်ဉာဏ် ၈/ပဖန(နိုင်)၁၀၀၁၆၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဖိုးတုပွဲ့အလယ်စုနေ မနှင်းနှင်းအေး၏ အိမ်ထောင်စုစာရင်းအရ မွေးသက္ကရာဇ် အမှန်မှာ ၁၉-၅-၁၉၉၂ ဖြစ်ပါကြောင်း။

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ခင်အုန်း
### အသက်(၈၆)နှစ်

(ဒေါက်တာဦးဇော်ထွန်း)-ဒေါက်တာ ဒေါ်ငွေငွေကြည်(MD-ရွှေဂုံတိုင်အထူးကုဆေးရုံ၊ ပင်လုံအထူးကုဆေးရုံ)တို့၏မိခင်၊ ဦးကောင်းမြတ်(CEO-ပင်လုံအထူးကုဆေးရုံ)၏အဘွား ဒေါ်ခင်အုန်းသည် ၂-၈-၂၀၁၉ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးခင်မောင်ဝင်း**
**(အသည်းအထူးကုဆရာဝန်ကြီး)**
**နှင့်ဇနီးဒေါက်တာဒေါ်ခင်လေးရီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မြဝတီမြို့နယ်တရားရုံးတော်၌
### ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁

| | | |
|---|---|---|
| ဒေါ်ဆမူရာဘီ | နှင့် | ၁။ ဗိုလ်မှူးအောင်စန်းချစ် |
| | | ၂။ ဦးကျော်ဝင်းနိုင် |
| | | ၃။ ဦးလှမြိုင် |
| | | ၄။ ဦးမောင်တင် |
| တရားလို | | တရားပြိုင်များ |

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ စကခ(၁၂)နေ ၁-တရားပြိုင် ဗိုလ်မှူးအောင်စန်းချစ်(ယခုနေရပ်လိပ်စာမသိ)သူ၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ (၁)ရပ်ကွက်၊ စံပယ်လမ်းနေ ၂-တရားပြိုင် ဦးကျော်ဝင်းနိုင် (ယခုနေရပ်လိပ်စာမသိ)သူ၊ ကျောက်မဲမြို့၊ (၈)ရပ်ကွက်နေ ၃-တရားပြိုင် ဦးလှမြိုင်(ယခုနေရပ်လိပ်စာမသိ)သူနှင့် ကရင်ပြည်နယ်၊ မြဝတီမြို့၊ (၃)ရပ်ကွက်၊ ဗလမင်းထင်လမ်းနေ ၄-တရားပြိုင် ဦးမောင်တင်(ယခုနေရပ်လိပ်စာမသိ)သူများတို့သိစေရမည်။

သင်တို့၏အပေါ်၌ တရားလို ဒေါ်ဆမူရာဘီက ကရင်ပြည်နယ်၊ မြဝတီမြို့၊ (၃)ရပ်ကွက်၊ ဗလမင်းထင်လမ်း၊ အကွက်အမည်(၁၁-ဂြိုလ်တုအရှေ့)၊ မြေကွက်အမှတ်(၇၂)၊ မြေဧရိယာ (အလျား၆၀ပေ×အနံ၄၀ပေ)မြေကွက်နှင့်ပတ်သက်၍ မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် ဩဂုတ်(၁၆)ရက် (၁၃၈၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါရှိသူများက တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းအပြင်သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင် သွင်းရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဇင်မန်း)**
**မြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်လေး(ရွှေကူ)
### အသက်(၇၄)နှစ်

တိုက်ခွဲအမှတ် ၃၂၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ဥပဋ္ဌာကအဖွဲ့ဝင် ဦးဝင်းနိုင်-သီရိသုဓမ္မ သင်္ဂီဒေါ်ဝေဝေမွန်(ရွှေဟိန်းထက်ကုမ္ပဏီ)တို့၏မိခင်ကြီး၊ (ဦးချစ်ငွေ)၏ချစ်လှစွာသောဇနီး ဒေါ်ခင်လေးသည် ၇-၈-၂၀၁၉ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊**
**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်လေး(ရွှေကူ)
### အသက်(၇၄)နှစ်

တိုက်ခွဲအမှတ် ၃၂၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ဥပဋ္ဌာကအဖွဲ့ဝင် ဦးဝင်းနိုင်-သီရိသုဓမ္မ သင်္ဂီဒေါ်ဝေဝေမွန်(ရွှေဟိန်းထက်ကုမ္ပဏီ)တို့၏မိခင်ကြီး၊ (ဦးချစ်ငွေ)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လေးသည် ၇-၈-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊**
**တနင်္သာရီတိုင်းဒေသကြီးအဖွဲ့**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်လေး(ရွှေကူ)
### အသက်(၇၄)နှစ်

တိုက်ခွဲအမှတ် ၃၂၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ဥပဋ္ဌာက အဖွဲ့ဝင် ဦးဝင်းနိုင်-သီရိသုဓမ္မ သင်္ဂီဒေါ်ဝေဝေမွန်(ရွှေဟိန်းထက်ကုမ္ပဏီ)တို့၏မိခင်ကြီး၊ (ဦးချစ်ငွေ)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လေးသည် ၇-၈-၂၀၁၉ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေ ကွဲရပါသည်။

**ဦးသန့်ဇင်-ဒေါ်အဲမီ**

### ကိုနိုင်ထူးမြင့်(တွတ်တွတ်)
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၁၃၀နေ ဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)-(ဒေါ်ညိုညိုသန်း)တို့၏သား၊ မအေးသီတာမြင့်(မြန်မာသံရုံး၊ နယူးဒေလီ)၊ ဗိုလ်မှူးကြီးဇော်ပိုင်ထွန်း-ဒေါ်ယုရွှေစင်မြင့်တို့၏မောင်၊ ဗိုလ်ကြီးအောင်သူမြင့်(ငြိမ်း)-ဒေါ်အိ အိခိုင်တို့၏ အစ်ကို၊ ကျောက်ဆည်မြို့နေ ဦးအေးသောင်း၊ ဦးစံသိန်း၊ ဦးဘတင့်၊ ဒေါ်မေဝမ်း၊ ဒေါ်ခင်ဆန်း၊ ဒေါ်မြင့်မြင့်၊ ရန်ကုန်မြို့နေ ဒေါ်မေစိုးသန်း၊ ဒေါ်မြမာလာသန်း၊ ဒေါ်မေအေးသန်းတို့၏ တူ၊ မဆုရတီမြင့်၊ မောင်ခန့်တည်မြင့်တို့၏ဦးလေးသည် ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၈-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ မင်္ဂလာဒုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

### မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ အထက ဆဋ္ဌမတန်း(C)မှ မောင်ဟိန်းသန့်စိုး၏မိခင်အမည်မှန်မှာ ဒေါ်သိန်းမြင့် ၅/ထခန(နိုင်)၀၀၇၇၇၉ ဖြစ်ပါကြောင်း။

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးနေဝင်း အသက်(၇၄)နှစ်
### စက်ရုံတာဝန်ခံ Chord & Chain (Myanmar Co.,Ltd )ကြွေထည်ပစ္စည်းစက်ရုံ-မော်လမြိုင်မြို့

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ (C& C Myanmar Co.,Ltd )ကြွေထည်ပစ္စည်းစက်ရုံ-စက်ရုံတာဝန်ခံ ဦးနေဝင်းသည် ၆-၈-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Director အဖွဲ့နှင့် စက်ရုံဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ဆောင်းတင်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ မယုမိစံ၏မိခင် ဒေါ်ခင်ဆောင်းတင် သည် ၂၃-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ထူးထက်ရှိန်ကုမ္ပဏီ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကျင်စု(ခ)ဒေါ်ခင်ချို
### အသက်(၆၆)နှစ်

မန္တလေးမြို့၊ စက်မှုဇုန်(၁)နေ မသီသီတာ၏ မိခင် ဒေါ်ကျင်စု(ခ)ဒေါ်ခင်ချို သည် ၂၃-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ထူးထက်ရှိန်ကုမ္ပဏီ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဇော်ဝင်း
### (ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး)
### အသက်(၆၃)နှစ်

ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးဇော်ဝင်းသည် ၈-၈-၂၀၁၉ရက် (ကြာသပတေး နေ့)နံနက် ၃း၄၀နာရီတွင် မြစ်ကြီးနားမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မိုးညှင်းခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ**
**မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဇော်ဝင်း
### (ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး)
### အသက်(၆၃)နှစ်

ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးဇော်ဝင်းသည် ၈-၈-၂၀၁၉ရက် (ကြာသပတေး နေ့)နံနက် ၃း၄၀နာရီတွင် မြစ်ကြီးနားမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြစ်ကြီးနားခရိုင် တရားရုံးနှင့် ခရိုင်အတွင်းရှိ**
**မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ**

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့တင်သွင်း

**နေပြည်တော် ဩဂုတ် ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းသုံးခု တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးရှန်အောရ်၏ ချင်းပြည်နယ် ကျေးရွာများရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ လိုအပ်လျက်ရှိနေသော ဆရာ ဆရာမများ လုံလောက်စွာ ခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ **ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး**က ချင်းပြည်နယ် ကျေးရွာများရှိ အထက်တန်းကျောင်းများသို့ ချင်းပြည်နယ် အတွင်းရှိ B.Ed ဘွဲ့ရ အလယ်တန်းပြများနှင့် မူလတန်း ကျောင်းအုပ်များကို အထက်တန်းပြများအဖြစ် ရာထူးတိုးမြှင့် ခန့်ထားပေးခြင်း၊ B.Ed ဒုတိယနှစ် တက်ရောက်ဆဲ အလယ်တန်းပြများနှင့် မူလတန်းကျောင်းအုပ်များကို အထက်တန်းပြ(ယာယီ)များအဖြစ် ခန့်ထားပေးခြင်း၊ မဟာဘွဲ့ရ မူလတန်းပြများနှင့် အလယ်တန်းပြများကို အထက်တန်းပြ ကျောထောက်နောက်ခံအဖြစ် ခန့်အပ်ခြင်းများပြုလုပ်၍ ဖြည့်ဆည်းခန့်ထားပေးခဲ့ပါကြောင်း၊ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းအဆင့် တိုးမြှင့်သွားသည့် အလယ်တန်းကျောင်းများ၌ အလယ်တန်းကျောင်းအုပ်များ ဖြည့်ဆည်းခန့်ထားပေးပြီး လစ်လပ်သွားသည့် အထက်တန်းပြနေရာများတွင် အပြောင်းအရွှေ့ရာထူးတိုးများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဆန္ဒပြုလျှောက်ထားသူများကို လုပ်သက်တန်းစီဇယား မူဘောင်သတ်မှတ်ချက်အရ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို အထက်တန်းပြများအဖြစ် ဆက်လက်ဖြည့်ဆည်းခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁ ✻*




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

## အာရှကလပ် ဖူဆယ်ပြိုင်ပွဲတွင် မြန်မာကလပ် VUC အသင်းရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၈**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ အာရှကလပ် ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲများကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာကလပ် VUC အသင်းသည် အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သည်။

VUC အသင်းသည် လက်ဘနွန်ကလပ် ဘေရွတ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ VUC အသင်းသည် ၂၀၁၈ ပြိုင်ပွဲ တတိယဆုရ ဘေရွတ်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်သော်လည်း အတွေ့အကြုံချင်း ကွာခြားမှုကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ VUC အသင်းသည် ဘေရွတ်အသင်းကို နှစ်ဂိုးစီသရေအထိ လိုက်ကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးများကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ VUC အသင်းအတွက် ဂိုးများကို ၁၉ မိနစ်တွင် အောင်ဇင်ဦးနှင့် ၂၉ မိနစ်တွင် နိုင်လင်းထွန်းကျော်တို့က သွင်းယူခဲ့သည်။ VUC အသင်းသည် ဒုတိယပွဲအဖြစ် ဩဂုတ် ၁၀ ရက်တွင် အင်ဒိုနီးရှားကလပ် ဗာမို့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဖိုးသော်ဇင်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်အမှုပေါင်း ၁၁၅၂ မှ လက်ခံရရှိပြီး ၁၀၉၄ မှု စစ်ဆေးပြီးပြတ်

စာ-၄

## ရသေ့တောင်မြို့နယ်အတွင်း AA အမာခံကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏ နေအိမ်မှ မူးယစ်ဆေးဝါးများနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

စာ-၁၃

# အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် မြန်မာအသင်း နှစ်ပွဲဆက်အနိုင်ရ



မြန်မာနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

**ရန်ကုန် ဩဂုတ် ၈**

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားကာ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် ဖိလစ်ပိုင်ကို ခြေအသာဖြင့် ကစားကာ နှစ်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက် ပိုကောင်းသွားခဲ့သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သော်လည်း ဖိလစ်ပိုင်ကို ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သည်။ ပွဲအစ ၉ မိနစ်မှာပင် မြန်မာအသင်း ဂိုးစရခဲ့ပြီး

*စာမျက်နှာ ၁၂ ကော်လံ ၅ ●*

## စစ်တောင်း၊ ရွှေကျင်၊ သံလွင်နှင့် ဝေါန်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ငါးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်ရေသည် သာပေါင်းမြို့တွင် ငါးစင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

